ရွှေသစ္စာစာပေ

# ရွှေတိုင်လွင်

# ဆယ့်နှစ်ရာသီတဝန်းချီ



# ဆယ့်နှစ်လရာသီ
# စာပန်းချီ

## ရွှေတိုင်လွင်

ရွှေသစ္စာစာပေ

တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာမိရာင်အိမ်ရာ၊ မိုလ်တာထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၃၆၀၇၃၆၊ ၀၉-၈၈၃၆၉၅၅၃၆

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း** - ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၃၅၀၀ ကျပ်
**ထုတ်ဝေသူ** - ဦးသက်မော်ဦး (၀၁၈၈၄)
ရွှေသစ္စာဦးစာပေ၊ တိုက်-၄၇၂၊ အခန်း (၂၀၂)
ရာဇာဓိရာဇ်အိမ်ယာ၊ မိုလ်တထောင်မြို့နယ်။
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း** - ပေါ်ကာ
**ပုံနှိပ်သူ** - ဦးဝင်းအောင် (၀၁၁၁၉)
**Main** ပုံနှိပ်တိုက်၊ အမှတ်-၁၉၁၊ (၃၉)လမ်း၊
ကျောက်တံတားမြို့နယ်။
**ကွန်ပျူတာ** - ခင်ပြုံးဝင်း (ဖုန်း-၀၉၂၅၀၁၄၄၇၉၇)
**ဖြန့်ချိရေး** - ရွှေသစ္စာစာပေ
ဖုန်း၊ ၀၉-၅၃၆၀၇၃၆၊ ၀၉-၈၈၃၆၉၅၅၃၆

ရွှေတိုင်လွင် ၈၉၅.၈၃
ဆယ့်နှစ်လရာသီ စာပန်းချီ
ရွှေသစ္စာစာပေ၊ ၂၀၂၃၊ ရန်ကုန်။
၁၅၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ဆယ့်နှစ်လရာသီ စာပန်းချီ

## မာတိကာ


(က) ဆယ့်နှစ်လရာသီ စာပန်းချီ

(ခ) စာရေးဆရာ (၃)ဦး၏ အမှာစာ

(ဂ) စာရေးသူ ရွှေတိုင်လွင်၏ ရည်ရွယ်ချက် ၁၅

၁။ မိဿတန်ခူးနှစ်သစ်ကူး ၁၈

၂။ အတာသင်္ကြန်ကို ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှု အနှစ်သာရရှိစေလို ၂၄

၃။ တန်ခူးအလှသင်္ကြန်ပွဲ ၂၈

၄။ သင်္ကြန်နှစ်ဦး မင်္ဂလာအခါ ၃၂

၅။ ညောင်ရေပွဲ နွဲ့ဆင်မြဲ ၃၈

၆။ သွန်းညောင်ရေပွဲ ခြိမ့်ခြိမ့်သဲ . ၄၂

၇။ မဟာသမယတရားတော်ငြိမ်းချမ်းရေးကို အစဉ်နှိုးဆော် ၄၇

၈။ ရန်ပွဲအားလုံးငြိမ်းသော ဗုဒ္ဓဟောကြား မြတ်ဆရာ ၅၀

၉။ သစ္စာရှုမြင် ဗုဒ္ဓဝင် ၅၆

၁၀။ ထူးမြတ်သည့် လဝါဆို ၆၀

၁၁။ တရားဦး ဓမ္မစကြာ ၆၅

၁၂။ ရုပ်နာမ်ဓမ္မသံခိရ (ဒုတိယ)တရားတော် ၆၉

၁၃။ ထူးမြတ်သော ပထမဦးဆုံးတရားတော် ၇၃

၁၄။ မေတ္တာအခါတော်နေ့ ၇၈

၁၅။ မေတ္တာအခါတော်နေ့နှင့် စာရေးတံမဲပူဇော်ပွဲ ၈၂

၁၆။ ဂရုဓမ္မသီလ အခါတော်နေ့ ၈၇

၁၇။ လတော်တလင်း လှေတော်ကျင်းပ ၉၁
၁၈။ လှေသဘင်ပွဲတော် တောင်သလင်းမှာနွဲပျော် ၉၆
၁၉။ ကျွတ်မြတ်လရာသီ ပူဇော်သည့်ပွဲ ၁၀၀
၂၀။ မြတ်တန်ဆောင်တိုင်နှင့် ကထိန်သင်္ကန်းလှူဒါန်းသည့်လ ၁၀၅
၂၁။ မြတ်ကထိန်သင်္ကန်း လှူဒါန်းသည့်လ ၁၁၁
၂၂။ တန်ဆောင်မုန်းလပြည့်နေ့နှင့် သာမညဖလအခါတော်နေ့ ၁၁၆
၂၃။ သာမညဖလအခါနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နွဲပူဇော် ၁၂၀
၂၄။ စာပန်းချီအလှ ရှမဝ ပူဇော်ဂုဏ်ပြုကြ ၁၂၇
၂၅။ ပြာသိုလ မြင်းခင်းအလှနှင့် ကရင်နှစ်သစ်ကူးပွဲတော်နွဲပျော် ၁၃၂
၂၆။ လပြာသိုမှာ မြင်းခင်းပွဲတော်နွဲပျော်ရာ ၁၃၆
၂၇။ နွဲပျော်ဆင်နွဲ ထမနဲပွဲ ၁၄၁
၂၈။ ဩဝါဒပါဠိမောက်အခါတော်နေ့ ၁၄၅
၂၉။ နွေမိတ်တပေါင်းမှာ ကြည်နူးစရာ ၁၅၀
၃၀။ လတပေါင်း နွေအလှပေါင်းဝေသည် ၁၅၅



# စာရေးဆရာ ရွှေတိုင်လွင်၏
# ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ စန်းလွင် ဖြစ်ပါသည်။ (၂-၈-၁၉၆၁) နေ့တွင် အဖ ဦးတင်ထွန်း၊ အမိ ဒေါ်အုံးရီတို့မှ ကြည့်မြင်တိုင်တွင် မွေးဖွားခဲ့ပါသည်။ စာရေးသူသည် အ·မ·က (၁၅) ကြည့်မြင်တိုင်၊ အ·လ·က(၂) ကြည့်မြင်တိုင်၊ အ·ထ·က (၃) ကြည့်မြင်တိုင်တို့တွင် ပညာသင်ကြားခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း (က·ပ·ရ) တွင် အငယ်တန်းစာရေးဖြင့် တာဝန်ထမ်းဆောင်ပြီး ၁၉၈၆ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်တွင် အငယ်တန်း လက်နှိပ်စက်စာရေး၊ အငယ်တန်းစာရေးတာဝန်များ ထမ်းဆောင်ကာ (၁၉၉၁) ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ အငယ်တန်းစာရေး၊ အထက်တန်းစာရေး တာဝန်များကို ထမ်းဆောင်၍ (၁၉၉၇) ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အငယ်

တန်းစာရေးဖြင့် (၂၀၀၂) ခုနှစ်တွင် ဓာတ်ပုံကျွမ်းကျင်(၂) အကြီးတန်း ဓာတ်ပုံသတင်းထောက်တာဝန် ထမ်းဆောင်ခဲ့ရာမှ (၂၀၁၈) ခုနှစ် စက်တင် ဘာလတွင် နိုင်ငံတော် အထူးပင်စင် လျော့ပေါ့ပင်စင်ဖြင့် အငြိမ်းစားယူ ခဲ့ပါသည်။

(၁၉၈၀) ခုနှစ်မှ စတင်၍ မြဝတီ၊ ငွေတာရီ၊ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာ၊ လုပ်သားပြည်သူ့သတင်းစာ၊ မြို့တော်သတင်းစာတို့တွင် ကဗျာများ၊ ဆောင်းပါးများ ရေးသားခဲ့ပြီး (၁၉၉၃) ခုနှစ်တွင် ကြက်ခြေနီဆောင်ပုဒ် ဘာသာပြန် ဒုတိယဆု ရရှိခဲ့ပါသည်။ ယခုနှစ် ၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းသတင်းစာဆရာအသင်းနှင့် ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းတို့ ကျင်းပသော (၇၅)နှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းသတင်းဆောင်းပါးပြိုင်ပွဲတွင် တတိယဆု ရရှိသည်။ (၁၉၉၁) ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ဝင်ရောက်ခဲ့ရာ စာရေးဆရာ အမှတ် (၁၄၉၉) ဖြင့် လက်ရှိလည်း စာပေများ ရေးသားလျက်ရှိပါသည်။

ယခုလက်ရှိ ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ပြီး ကြေးမုံ၊ မြန်မာ့အလင်း၊ စံတော်ချိန်၊ မြန်မာတိုင်းမ်၊ မြို့တော်၊ မြဝတီသတင်းစာများတွင်လည်းကောင်း၊ ကနောင်မဂ္ဂဇင်းဂျာနယ် (စက်မှုအလင်း)တို့တွင်လည်းကောင်း၊ မှုခင်းသတင်းဂျာနယ်၊ မနောမယ ဂျာနယ်၊ နေလဂျာနယ်၊ သုံးလောကဂျာနယ်၊ အကျိုးဆောင်မဂ္ဂဇင်း၊ သတင်း နဂါးဂျာနယ်၊ အမိမြေသတင်းစုံဂျာနယ်၊ တံလျှပ်ဂျာနယ်တွင် ကဗျာ၊ ဆောင်းပါးသတင်းများကို ရေးသားဖော်ပြလျက် ရှိပါသည်။

ယခင် ရေးသားခဲ့ဖူးသော မဂ္ဂဇင်း၊ ဂျာနယ်များမှာ မြဝတီ၊ ငွေတာရီ၊ အနုပညာကြေးမုံမဂ္ဂဇင်း၊ ရွှေတံခါးမှူးမဂ္ဂဇင်း၊ သပြေမဂ္ဂဇင်း၊

ကနောင်မဂ္ဂဇင်း၊ မှုခင်းဖြစ်ရပ်မှန်မဂ္ဂဇင်း၊ မြက်ခင်းသစ်မဂ္ဂဇင်း၊ ကနောင်ဂျာနယ်၊ သက်တန့်ရောင်စဉ်ဂျာနယ်၊ ရီရယ်လတီဂျာနယ်၊ ဒီမိုကရေစီအပတ်စဉ်ဂျာနယ်၊ အဆန်ရှယ်ဒေးဂျာနယ်၊ သူရိယအလင်းဂျာနယ်တို့တွင် သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများ ရေးသားပြီး မြို့နယ်မဂ္ဂဇင်းများထုတ်ဝေသည့် မြောက်ဥက္ကလာမဂ္ဂဇင်း၊ ဗဟာန်းမဂ္ဂဇင်း၊ အလုံမဂ္ဂဇင်း၊ ဓနုတိုင်းရင်းသားမဂ္ဂဇင်းတို့တွင်လည်း ရေးသားဖော်ပြခဲ့သည်။

စာရေးသူသည် ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်းမှ ထုတ်ဝေသည့် ကြည့်မြင်တိုင်မော်ကွန်း၊ ပန်းရွှေစင်(၁)၊ ပန်းရွှေစင်(၂) တို့တွင် ကဗျာ၊ ဆောင်းပါးများအပြင် ကော်မတီဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး (၂၀၀၄) ခုနှစ်က ထုတ်ဝေသည့် ကြည့်မြင်တိုင်မြို့နယ် ကျက်သရေဆောင် မဟာသကျမုနိဘုရားမှတ်တမ်းစာအုပ် ထုတ်ဝေရာတွင်လည်း စာရေးသူအဖြစ်လည်းကောင်း၊ စာပေပြုစုရေးကော်မတီဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၆) ခုနှစ်တွင် မိမိ စတင်တာဝန်ယူသည့် ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းမှ ထုတ်ဝေသော ရွှေတိုင်ကောက်ကြောင်းမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ အဖြစ် တာဝန်ယူဆောင်ရွက်ထုတ်ဝေခဲ့ပါသည်။

ယခုအခါ စာရေးသူသည် ဇနီးဒေါ်နွယ်နွယ်ဝင်း၊ သားသမီး (၅)ယောက်တို့နှင့် ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရင်း 'ရွှေတိုင်လွင်' ကလောင်အပြင် ကလောင်ခွဲ (၅)ခု ဖြင့်လည်း စာပေများကို ရေးသားလျက် အမှတ် (၂၀)၊ ဦးဥတ္တမလမ်း၊ အလတ်ချောင်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်လျက် ရှိပါသည်။

# အကြိုမိတ်ဆက်လွှာ

တိုင်းရင်းမြန်မာသမားတော် စာရေးဆရာ မကွေးဝင်းမြင့်က အမှတ်တရ ဂါဝရလက်ဆောင်အဖြစ် **"အစာလည်းဆေး၊ ဆေးလည်းအစာ"** (၁၂) လရာသီ ဓာတ်စာအကြောင်း စာပေလက်ဆောင်ပေးခဲ့တယ်။

အခုလည်း ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ **"ရွှေတိုင်လွင်"**ကလည်း ၂၀၁၇ ရွှေတိုင်ကောက်ကြောင်း မဂ္ဂဇင်း (၅)အုပ်လာပို့ရင်း သူရေးသားပြုစုတဲ့ (၁၂)လရာသီအကြောင်း သိကောင်းဖွယ်ရာများစာအုပ်အတွက် ဆရာရွှေရဲ့ အကြိုမိတ်ဆက်လွှာ ရေးပေးဖို့ မေတ္တာရပ်ခံလာတဲ့အတွက် စာပေချစ်သူများရဲ့စေတနာကို လေးစားတုံ့ပြန်သောအားဖြင့် အနည်းငယ် ရေးချင်,ပြောချင် ဆိုစမ်းချင်ပါသည်။

မြန်မာပြည်မှာ (၁၂) လရာသီရှိတဲ့အနက် **'ရာသီမသိ ပန်းနှင့်ညှိ'** ဆိုတဲ့ ပညာရှိများစကားလည်း မှတ်သားမိပါရဲ့။ ရာသီအလိုက် ပန်းတွေပွင့်ကြတယ်။ (၁၂) ရာသီအလိုက် ပွဲတော်တွေလည်း ကျင်းပကြတယ်။ တန်ခူးလမှာ မဟာသင်္ကြန်တော်ရေကစားပွဲ၊ ကဆုန်လမှာ ကဆုန်ညောင်ရေသွန်းပွဲ၊ နယုန်လမှာ စာတော်ပြန်ပွဲ၊ ဝါဆိုလမှာ ရဟန်းတော်များ ဝါဆိုပွဲပဉ္စင်းခံပွဲ၊ ဝါခေါင်လမှာ စာရေးတံမဲပွဲ၊ တော်သလင်းလမှာ ရေသဘင်ပွဲ၊ သီတင်းကျွတ်လမှာ ဆီမီးမြင်းမိုရ်ပွဲ၊ တန်ဆောင်းမုန်လမှာ ဘုံကထိန်ပွဲ

စသည်ဖြင့် လအလိုက် ပွဲတော်တွေ ကျင်းပတယ်။ ရာသီအလိုက် ပွဲတော်တွေ ကျင်းပတာတော့ ပျော်ပွဲရွှင်ပွဲသက်သက် ကျင်းပခြင်း မဟုတ်ပါ။ တိုင်းပြည်မှာ စွယ်စုံပညာရှင်တွေပေါ်ထွန်းဖို့ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ မျိုးချစ်သူရဲကောင်းစသည်တွေ ပေါ်ထွန်းဖို့လည်း ဖြစ်တယ်။ တော်သလင်းလ လှေပြိုင်ပွဲကျင်းပတာလည်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝတဲ့သူတွေ ပေါ်ပေါက်လာဖို့ပဲ ဖြစ်ပါတယ်။

မြန်မာ (၁၂) လရာသီခွင်မှာ မိဿ ၊ ပြိဿ ၊ မေထုန် ကရကဋ် ၊ သိမ် ၊ ကန် ၊ တု ၊ ဗြိစ္ဆာ ၊ ဓနု ၊ မကာရ ၊ ကုံ ၊ မိန် ရာသီ စသည်ဖြင့် ပါဠိလို မှတ်သားခဲ့ကြသည်။ မြန်မာနိုင်ငံ ရာသီဥတု (၃) မျိုးရှိ၍ နွေဥတုက တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ၊ မိုးဥတုက ဝါဆိုလပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်ထိ၊ ဆောင်းဥတုက တန်ဆောင်မုန်းလပြည့်ကျော် ( ၁ )ရက်မှ တပေါင်းလပြည့်နေ့အထိ မှတ်သားခဲ့ကြပါတယ်။

(၁၂) လရာသီအကြောင်း သီကောင်းဖွယ်ရာများကိုလည်း စာရေးဆရာ၊ သတင်းစာဆရာ ရွှေတိုင်လွှင်က ဘယ်လောက်များများ ဘယ်လို ကြိုးကြိုးစားစား စုဆောင်းရေးသားခဲ့၊ ပြုစုခဲ့တယ်ဆိုတာကိုလည်း မြန်မာစာပေချစ်သူများ အကဲဖြတ် ဖတ်ရှုမှတ်သားကြစေလိုပါတယ်။

မေတ္တာဖြင့်....

မွေ့ဒူတ မအုပင်တင်ရွှေ(ကပရ)
မဟာသကျမုနိပိဋကတ်စာကြည့်တိုက်
ကျောင်းကြီးတိုက် ၊ စာကြည့်တိုက်

# ဆယ့်နှစ်လရာသီ စာပန်းချီ

## အမှာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စားရေးသူအသင်း အမှုဆောင် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးစန်းလွင် (ရွှေတိုင်လွင်)က သတင်းစာများတွင် ရေးသားဖော်ပြခဲ့သည့် "ဆယ့်နှစ်လရာသီဆောင်းပါး" စာမူများကို စာအုပ်အဖြစ် စုစည်းထုတ်ဝေမည်ဖြစ်သဖြင့် အမှာစာ ရေးသားရန် မေတ္တာရပ်ခံလာပါသည်။

မြန်မာနိုင်ငံတော်သည် သမိုင်းကြောင်းအားဖြင့် ရှည်လျားကြီးမား သည့်အလျောက် မြန်မာတို့၏ ဆယ့်နှစ်လရာသီ ယဉ်ကျေးမှုပွဲတော်များ သည်လည်း ထင်ရှားကျော်ကြားခဲ့သည်။ ရှေးရှေးသော ဘုရင်များ လက်ထက်ကပင် ဘုရင်နှင့်တကွ တိုင်းသူပြည်သားတို့သည် မင်းနေပြည် တော်မှစ၍ ကျေးလက်တောရွာများအထိ လစဉ် ရာသီပွဲတော်များကို ကျင်းပကြသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များကို ဘိုးတော်ဘုရား လက်ထက် အဆိုတော် လက်ဝဲသုန္ဒရအမတ်ကြီးက သာဝိနပျို့တွင် ဤသို့ အကျဉ်းချုပ် ဖွဲ့ဆိုခဲ့သည်။

**"သင်္ကြန်တာကူး နှစ်ဦးညောင်ရေ၊ စပလွှေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတန်နှင့် မြစ်ယံပွဲကြီး၊ ဆီမီးထွန်းညှိ ၊ကထိန်နတ်ကျွင်း၊ မြင်းခင်းထွက်ဝင်၊ သဆင်မီးဖျို၊ ဝှလုံးသဲပုံ၊ ဧစုစီလျှဉ်း လစဉ်အမြဲ ဆယ့်နှစ်ပွဲကို"**

ဟူ၍ ဖွဲ့ဆိုရေးသားခဲ့သည်။

မြန်မာတို့သည် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာတော်ပြန်ပွဲ၊ ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပွဲ၊ ဝါခေါင်လတွင် စာရေးတံပွဲ၊ တော်သလင်းလတွင် လှေပြိုင်ပွဲ၊ သီတင်းကျွတ်လတွင် ဆီမီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ (တန်ဆောင်တိုင်မီးထွန်းပွဲ)၊ နတ်တော်လတွင် နတ်ပူဇော်ပွဲ၊ ပြာသိုလတွင် မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလတွင် ထီးဖုံးပွဲ၊ ယာဂုထမနဲပွဲ၊ တပေါင်းလတွင် သဲပုံစေတီပွဲတော်တို့ကို လစဉ်အလိုက် ကျင်းပကြသည်။

မြန်မာတို့၏ ရာသီပွဲတော်များ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ မှာ အပျော်အပါးအတွက်သာ ကျင်းပကြခြင်းမဟုတ်။ **"သာသနာတော် သုံးရပ်"** တိုးတက်ထွန်းကား ပြန့်ပွားလာစေရန်၊ နိုင်ငံတော်တွင် စွယ်စုံပညာရှင်များ ပေါ်ထွက်ထွန်းကားလာစေရန်၊ နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်ဘက်တွင် ကျွမ်းကျင်သော စစ်သည်သူရဲကောင်းများ အမြောက်အမြား ပေါ်ထွက်လာစေရန်၊ တိုင်းပြည်စည်ပင်သာယာဝပြောစေ ရန်ဟူသော ကြီးမားသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းကြောင်းသည် ခေတ်အဆက်ဆက်

ထည့်ဝါခဲ့ညားစွာ ရပ်တည်ခဲ့သည်။ တိုင်းတစ်ပါး အုပ်ချုပ်မှုအောက် ရောက်ခဲ့သော်လည်း မြန်မာ့ယဉ်ကျေးမှုကို တိုင်တစ်ပါးတို့ လွှမ်းမိုးခြင်း မခံရအောင် ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ရှေးရှေးမြန်မာတို့၏ ကျေးဇူးတရားသည် ကြီးမားလှပေစွတကား။

မြန်မာတို့သည် မိမိတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု၊ ရိုးရာပွဲတော်များအကြောင်းကို သိရှိထားရန် လိုအပ်ပေသည်။ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုရိုးရာပွဲတော်များအကြောင်းကို သိရှိထားမှသာလျှင် တိုင်းတစ်ပါး ယဉ်ကျေးမှုများ ထိုးဖောက်နှောင့်ယှက်မှုကို တားဆီးကာကွယ် စောင့်ရှောက်နိုင်မည် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့်တာဝန်မှာ မြန်မာပြည်သူပြည်သား အားလုံးတို့၏ တာဝန်ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

ထွန်းနိုင် (သာသနာရေး-ငြိမ်း)

## စာရေးသူ၏ ရည်ရွယ်ချက်

ဤတစ်ဆယ့်နှစ်လရာသီပွဲတော်များနှင့် လအလိုက် ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစာပေတို့အား အနာဂတ် ကလေးငယ်များသိရှိကာ မြတ်နိုးအလေးထားစိမ့်သောငှာ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ယခုမျက်မှောက်ခေတ်ကာလတွင် မြန်မာလူမျိုး အတော်များများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တို့အား မျက်ကွယ်ပြုသကဲ့သို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ သွတ်သွင်းလျက်ရှိနေသည်ကို ရှုမြင်ရပေသည်။ အသက်(၅၀)အရွယ် အမိအဘတို့သည် သားသမီးများကို အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုတို့အား ထိမိစွာ ဆုံးမသွန်သင်၊ ဩဝါဒ မပေးနိုင်ကြသလို မိမိတို့ကိုယ်တိုင်လည်း အားနည်းပေသည်ဟု ယူဆရပါလေသည်။ မြန်မာ့ယဉ်ကျေးမှုအား တန်ဖိုးထားဂုဏ်ယူကြစေရန် ရည်ညွှန်းပါသည်။

မြန်မာ့ရိုးရာ လရာသီပွဲတော်များသည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ လအလိုက်သောက်ရှူးသော နက္ခတ်တာရာ၊ ကြယ်များ ပွင့်ထွန်းပုံ၊ လရာသီအလိုက် ပွင့်ဝေသော ပန်းအလှနှင့် မိတ်ဖက် ပန်းတို့ ပွင့်လန်းပုံစသည်ဖြင့် ကလေးသူငယ်များ သိရှိအပ်သော အကြောင်းအရာများကို ထည့်သွင်းဖော်ပြ ရေးသားထားခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုကို အစွန့်ကြာရှည်စွာ ထိန်းသိမ်းနိုင်ပေမည်ဟု ခံယူမိပါသောကြောင့်လည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကလေးငယ်များ စာစီစာကုံး ရေးသားရာတွင် ရာသီ၊ နက္ခတ်၊ ပန်းအလှနှင့် လအလိုက် ပွဲတော်များအကြောင်းကိုလည်းကောင်း၊ ထိမိပိုင်နိုင်စွာ လေ့လာရေးသားနိုင်စေရန်နှင့် အမျိုးဘာသာ၊ ယဉ်ကျေးမှု၊ စာပေများ၊ မဆိတ်သုဉ်းမပျောက်ကွယ်ရန် ရည်ရွယ်၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

၀



## မိဿတန်ခူး နှစ်သစ်ကူး

မြန်မာတို့၏ နွေဦးလ၊ တန်ခူးကာလသည် ဆောင်းလ ကုန်မြောက်ကာ ဂိမ္ဟန္တနွေဥတုသို့ ဝင်ရောက်လျက်ရှိနေသည်။ တစ်ဆယ့် နှစ်လရာသီထဲမှ အဦးဆုံး ပထမဆုံးလပင် ဖြစ်ပေသည်။ ဤလတွင် မြန်မာတို့၏ နှစ်သစ်ကူးမင်္ဂလာ၊ သင်္ကြန်မင်္ဂလာရေသဘင်ပွဲတော်ကို ရှေးရှေးသော ပုဂံခေတ်ကာလကတည်းက ကျင်းပခဲ့ကြောင်း မှတ်သား တွေ့ရှိရပါလေသည်။

မိဿရာသီ လတန်ခူးကာလဝယ် ရာသီပန်း ကံ့ကော်တို့ မွေးထုံ သင်းကြိုင်နေသလို မိတ်ဖက်ပန်းများဖြစ်သည့် ပိတောက်ရွှေဝါ၊ အင်ကြင်း ပန်း၊ ရင်ခတ်ပန်း၊ ငုဝါပန်းတို့က စုပြိုင်ကာ ရာသီကို တင်စားဘိသကဲ့သို့ ပိတောက်ရွှေဝါတို့ကလည်း နွေအရောက်မှာ ပင်လုံးကျွတ်မျှ ဝေဆာနေ ပေသည်။ ရွှေငုဝါတို့ကလည်း ပန်းချီကားသဏ္ဍာန်အရွက်ပင် မမြင်ရ လောက်အောင် ထိန်ထိန်တောက်လျက်ရှိနေသည့်ကာလ၊ တောင်တောင်အနှံ့ မှာလည်း အင်ကြင်းပန်းရနံ့တို့က သင်းပျံ့ကြိုင်လှိုင်နေချိန်၊ လေပြေလေရူး တို့ကလည်း ဝေ့ရမ်းတိုက်ခိုက်လျက် ရှိနေပေသည်။ ထိုကာလဝယ် နွေကြို ဥဩ၏ တေးသံသာတို့က လွမ်းဆွတ်လွင့်ပျံ့ဖွယ် ခံစားမိရပါလေသည်။

နှစ်သစ်ကူးဆိုသည်မှာ တစ်နှစ်တာ ကုန်ဆုံးပြီး နှစ်သစ်သို့ ရောက်ရှိချိန်၊ အတိတ်နှစ်ဟောင်းကာလက ပြုခဲ့သမျှ အကုသိုလ် အညစ်အကြေးမှန်သမျှတို့အား နှစ်သစ်သို့ မကူးဆက်လို၍ ပြုလုပ်သော အတာရေသဘင်ပွဲတော်၊ သင်္ကြန် မင်္ဂလာအခါတော်ကို ကျင်းပခြင်းဖြင့် သင်္ကြန်ရေဖြင့် ဆေးကြောသုတ်သင် ရှင်းလင်းကြခြင်းပင် ဖြစ်ပါပေ၏။

သင်္ကြန်ဆိုသော ဝေါဟာရမှာ သက္ကတဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပေကြောင်း၊ သင်္ကြန္တဟူသောအသုံးအနှုန်းမှ ဆင်းသက်ကာ၊ ပြောင်းရွှေ့လာကြောင်း လေ့လာတွေ့ရှိရသည်။ ထိုလရာသီ အတာရေသဘင်ပွဲတော်အား ပုဂံခေတ်ကာလကတည်းက ကျင်းပခဲ့ ကြောင်း လေ့လာရှုမြင်ခဲ့ရပါသည်။ မြန်မာတို့၏ မင်္ဂလာတစ်ဆယ့်နှစ်ပါး တွင် သင်္ကြန္တမင်္ဂလာသည်လည်း တစ်ပါး ပါဝင်နေပါ၏။ မင်္ဂလာဆိုသည် မှာ မကောင်းမှုအကုသိုလ်တို့အား ပယ်ရှားကာ ကောင်းမှုကုသိုလ်များ ပွားများနေသည့်ကာလဟု ဆိုပါမည်။ သို့ပါ၍ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ထိုနေ့ရက်များတွင် သီလ၊ ဘာဝနာ၊ အလှူဒါနများကို ပြုလုပ်ခဲ့သည်မှာ ကောင်းမြတ်သော မင်္ဂလာအခါဖြစ်ပေကြောင်း ဂုဏ်ယူလေးစားဖွယ် ရှုမြင် ကြရပါပေမည်။

ဤရာသီ၏အလှကို ဆရာဇော်ဂျီက ဆိုထားသည်မှာ "**လတန်ခူး ပေမို့ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ**"ဟုဆိုထားခြင်းမှာ တန်ခူးကာလဝယ် ပိတောက်ပန်းတို့ အစီအရီ ဖူးနေသည်မှာ မြစိမ်းရောင်အဖူးတံကလေးများ အစီအရီရှိနေပုံ၊ ပွင့်လာသော ပိတောက်ပန်းတို့ကလည်း ရွှေဝါရောင် ခိုင်လုံးညွတ်ပွင့်ဝေနေပုံကို ဖော်ကျူးထားပါလေ၏။ နွေအတာ သင်္ကြန် သရုပ်ကို ဖော်ထုတ်ပြသပေးထားသည့် နွေအလှကဗျာကလေးပင် ဖြစ်ပါ ပေသည်။

အတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းများထဲမှ တန်ခူးလဘွဲ့ကို ထုတ်နုတ်တင်ပြရပါလျှင်...

"ထပ်ထပ်ကယ် စောတော့တယ်၊ မြကြောင်ယ်ရစ်သီ၊
ကိုက်ဖူးငယ်စီသည်၊ ပွင့်သီဂီရွှေရင်ခတ်ကယ်တို့
ရှစ်ရပ်ကယ်တစ်နိုက စိုလှတယ်လေး...။ ။"
"နွေခါမီငယ်၊ ရာသီမိဿ၊ ဂီမှာနမို့ စိတြကြယ်၊
တိမ်မိုးလယ်မှာ စံပယ်ကွန့်ကာ၊ တိမ်ဗွေရှာဝယ်၊
ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းကယ် သင်္ကြန်၊
သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ ပန်ဆုယူကာ
အတာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး...။ ။"

ဟူ၍ စာဆိုရှင် အတုလမင်းကြီးသည် နွေ၏ အလှသရုပ်မြစိမ်းရောင် ပိတောက်ဖူးကလေးများ အစီအရီ ဖူးဝေနေပုံမှာ နေရာဒေသအနှံ့ စိုပြေလှပ ပေစွဟူ၍လည်းကောင်း၊ ရာသီမှာ ထွန်းတောက်သည့် ကြယ်စိတြ ရှင်သန်ပုံ၊ ထိုအချိန်ကို သင်္ကြန်မင်္ဂလာကျင်းပပုံ၊ နှစ်ဟောင်းကိုစွန့်လို့ နှစ်သစ်ကြိုချိန်မှာ အတာရေကို ဆုပန်ကာ သွန်းလောင်းကြကြောင်း ဖွဲ့နွဲ့ကာ တင်ပြထားပါလေသည်။

ထို့အတူ ကုန်းဘောင်ခေတ်စာဆိုရှင် ဖိုးသူတော်ဦးမင်းကလည်း တန်ခူးတွင် ပန်းကံ့ကော်တို့ ဝေဆာတင့်ဆန်းလှပုံ၊ သစ်ပင်ပန်းမာန်တို့တွင် ရွက်ဝါကြွေကာ ပုရစ်ဖူးဝေဆာနေသည်မှာ ပန်းချီကားသဏ္ဍာန် လှပ ကြော့ရှင်း၊ နွေအခင်းကို ဤသို့ ဖွဲ့ထားပြန်ပါသည်။

"ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်ကယ်တဲ့နှံကြိုင်၊
သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊
သင်းပျံ့လှိုင်လှိုင်၊ ကြယ်နှစ်ပြိုင်၊ တွယ်ဆိုင်ပဝင်း၊

"စိတြွေင်ယ်နှင့် ငွေလသော်တာတို့၊ ယှက်နံချာ၊
တောင်တော်စွန်းမှာ ထွန်းထိန်လို့လင်း"

ဟူ၍ နွေသဏ္ဍာန်သရုပ်ကို ပေါ်လွင်အောင် ရေးဖွဲ့ထားခဲ့ပါလေသည်။

ကုန်းဘောင်ခေတ်စာဆိုရှင် လှူဦးမင်းကလည်း ရာသီဘွဲ့ လေးချိုးများထဲမှ မိဿရာသီ တန်ခူးလဘွဲ့လေးချိုးကို ဤသို့ ဆိုထားပါပေသည်။

"စုံတာဖွဲ့မှာလ၊ မှုန်လှဲ့ငယ်ပြေလွင်မှာ၊
ရွှေရစ်ဆင် တိမ်ပျိုးပြန်တော့မတဲ့၊ မြူနိုးခြယ်လာသစ်လှရှည့်၊
နယ်ရှစ်ခွင်၊ မောရငယ်ဖန်ဝါ"

စသည်ဖြင့် နွေအလှသရုပ်၊ မြူနိုးတို့ရီဝေနေပုံ၊ ရွှေပိတောက်ဝါတို့ဖြင့် တင့်တယ်လှပနေပုံ၊ ရင်ခတ်ပန်းတို့လည်း အပြိုင်ပွင့်ဝေကြပုံ စသည်ဖြင့် ဂိမ္ဘနွေသရုပ်သင်္ကြန်ကို လွမ်းဖွယ်ရှုမောတသ ရေးစပ်ထားခဲ့ပါလေသည်။

ထို့ကြောင့် နှစ်သစ်ကူးတန်ခူးလဝယ် ကောင်းမြတ်သော ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် ပြုဆောင်ကာနေကြခြင်းသည် မင်္ဂလာကျက်သရေရှိလှပါပေသည်။ ဤနှစ်သစ်ကူး လတန်ခူး၏ သင်္ကြန္တမင်္ဂလာအခါတော် အတာရေသဘင်ပွဲတော်ကြီးအား ရှေးခေတ်ပုဂံ အနော်ရထာမင်းလက်ထက်တော်ကလည်းက ခမ်းနားစွာ ကျင်းပပြုဆောင်ခဲ့ကြောင်း အထောက်အထားများအရ လေ့လာမှတ်သား တွေ့ရှိရပါလေသည်။ ကုန်းဘောင်ခေတ်သို့ ရောက်ရှိသောအခါ မင်းတုန်းမင်းတရားကြီးလက်ထက်မှာလည်း မန္တလေး ရွှေနန်းတော်ကြီးမှနေ၍ အတာသင်္ကြန် ရေပက်ဖျန်းရမည့်အချိန်၊ အဆံမပါသော သင်္ကြန်အမြောက်များ ပစ်ဖောက်ပြီး ဘုရင်မှ အတာရေများ စတင်ပက်ဖျန်းကာ အတာသင်္ကြန်ကျပြီဆိုကာ ပြည်သူပြည်သားများကလည်း ထိုအချိန်မှ အတာရေ စတင်လောင်းခဲ့ကြကြောင်း လေ့လာမှတ်သား တွေ့ရှိရပါလေသည်။

ဤအတာရေပက်ဖျန်းသော သင်္ကြန်ပွဲတော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အမွေဆက်ခံသော ပွဲတော်တစ်ခုဟု ဆိုရပါပေမည်။ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ခေတ်ကို ပုံချပြီး မလျော်မကန်တာများ မပြုလုပ်ကြဖို့ကိုတော့ သက်ဆိုင်ရာ အာဏာ ပိုင်တို့က တားဆီးပေးသွားကြရပါပေမည်။

အထူးသဖြင့် မင်္ဂလာကောင်းမှုများဖြင့် ထုံမွှန်းနေရမည့်ကာလ ဝယ် အရက်သေစာဆိုင်များကို အကန့်အသတ်ဖြင့် ဆောင်ရွက်ထားဖို့ လိုပါပေမည်။ ရှေးခေတ်အတာသင်္ကြန်မှာ ငွေဖလားနဲ့ သပြေခက်၊ အမွှေး နံ့သာတို့ဖြင့် ပက်ဖျန်းခဲ့သည်ကို စာပေကဗျာမှာ တွေ့ရှိရပေသည်။ အလှူ ဒါန၊ ဘာဝနာတို့ဖြင့် ပျော်ပိုက်နေကြသည့် ရှေးကာလယဉ်ကျေးမှုနေရာဝယ် ရေပိုက်ဖြင့် ရေပက်သည်ကို မဆိုလိုပါ။ အမွှေးနံ့သာဖြင့် ပက်ဖို့ကို မဆိုလို ပါ။ ယဉ်ကျေးသိမ်မွေ့စွာ မောင်နှမ၊ သားနှင့်အမိ အသိမျိုးဖြင့် ပျော်ရွှင်စွာ နှစ်ကူးအတာသင်္ကြန်ကို ကျော်ဖြတ်ဖို့ကို မျှော်တွေးမိပါသည်။ တချို့ မကြားဝံ့မနာသာ၊ အရက်သေစာ သောက်စားမူးယစ်ခြင်းကြောင့် မင်္ဂလာ ယူသောကာလ၊ မင်္ဂလာအချိန်များ နှမြောဖွယ်ဖြစ်နေသည်ကို ရှုမြင်နေရ ပါသဖြင့် ယခုနှစ်သင်္ကြန်မှာတော့ သက်ဆိုင်ရာတို့က မြန်မာဓလေ့ မူဟန်စရိုက်တို့ကို ဖော်ညွှန်းသည့် မင်္ဂလာနှစ်သစ်ကူးအချိန်ဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ပေလိမ့်မည်ဟု မျှော်လင့်မိပါသည်။

နှစ်ကူးမင်္ဂလာဆိုသည်မှာ ခေတ်ဟောင်း၊ နှစ်ဟောင်းက အပြစ်အနာအဆာ၊ ချေးညော်တို့အား နှစ်သစ်သို့ မသယ်ဆောင်ရလေအောင် အတာရေဖြင့် သွန်းလောင်းဆေးကြောကာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဖြစ်အောင် ပြုမူကြဖို့တော့ လိုပါပေ မည်ဟု ထင်မြင်မိပါသည်။ ထိုကာလ၌ သီလ၊ ဘာဝနာတို့ဖြင့်

ဆောက်တည် နေထိုင်ကျင့်သုံးကြသော အလေ့အထများသည် မြန်မာတို့အတွက် နှစ်သက်ကြည်နူးဖွယ်ရာဓလေ့တစ်ခုပင် ဖြစ်ပေသည်။ ထိုအစဉ်အလာများကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြဖို့ အမျိုးသားရေးအမြင်ဖြင့် ရှုမြင်မိပါသည်။

သို့ဖြစ်ပါ၍ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာနွယ်ဝင်တို့ကို နှစ်သစ်ကူးမင်္ဂလာ အတာရေသဘင်သကြံန်ပွဲတော်သည် ရာသီနက္ခတ်၊ ပန်းအလှတို့ဖြင့် ဝေဆာနေသလို မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်တို့အား မပျက်ယွင်းရလေအောင် ထိန်းသိမ်းစောင့်ရှောက် ကြည်နူးဖွယ်ရာ အလှူဒါနတို့ဖြင့် ရည်စူးကာ လှူဒါန်းကြပြီး နှစ်ဟောင်းကာလသည် အညစ်အကြေး၊ အကုသိုလ်တရားတို့အား စွန့်ခွာလျက် နှစ်ဦးအခါ အတာသကြံန် ရေသဘင်ပွဲတော်ကြီးအား ယခုနှစ်မှာလည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့အား ထိန်းသိမ်းထုတ်ဖော်ပြသကာ၊ လာမည့်တန်ခူးလ မိဿရာသီ နှစ်သစ်ကူးမင်္ဂလာပွဲတော်ကြီးကို ကြီးကျယ်ခမ်းနားစွာဖြင့် ကျင်းပနိုင်ပါစေကြောင်း ဆန္ဒလောင်းကာ ရေးသားလိုက်ရပါတော့သည်။

၀

## အတာသင်္ကြန်ကို ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှု အနှစ်သာရ ရှိစေလို

အကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီးတွင် လတန်ခူးရောက်တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ခူးလ ယဉ်ကျေးမှုအသွင်သဏ္ဌာန်ဆောင်သော သင်္ကြန် နှစ်ဦးမင်္ဂလာအခါကို ကျင်းပမြဲ ဖြစ်ပါပေသည်။

အတာသင်္ကြန်သည် နှစ်ကူးအခါသမယ၌ မြန်မာလူမျိုးတို့သည် ရှေးက အစဉ်အလာရှိခဲ့သည့်အတိုင်း မကောင်းမှုအကုသိုလ်အကြောင်းတို့အား ရှောင်ရှားကာ ကောင်းမှုတို့ဖြင့် ထုံမွှန်းကာ နှစ်ဟောင်းမှ အညစ်အကြေးတို့အား စွန့်ခွာလျက် အတာရေဖြင့် ဆေးကြောကြပြီး ကုသိုလ်ဘာဝနာများ ပွားများလျက် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ ငါးလွှတ်ခြင်း၊ သက်ကြီးရွယ်အိုတို့အား သက္ကာရဂါရဝပြုခြင်း အစရှိသော ကောင်းမြတ်သည့် ကုသိုလ်အကြောင်းတို့ကို ပြုလုပ်လေ့ရှိသလို အေးမြသော ရေသီတာဖြင့် ပက်ဖျန်းကြကာ ရှေးထုံးစဉ်လာရှိသည့်အတိုင်း မြတ်နိုးဖွယ် မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်လျက် အတာရေသဘင်ပွဲတော်ကို ဆင်ယင်ကျင်းပမြဲ ရှိပါလေသည်။

သို့ဖြစ်ရာ မြန်မာတို့သည် ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို သင်္ကြန်- နှစ်ကူးအတာဆိုသည့် ဂုဏ်ပုဒ်အား ရေသဘင် မဏ္ဍပ်များတွင် အဖျော်ယမကာ၊ မူးယစ်သောအရာဖြင့် အစားထိုးကာ ပြုလုပ်နေခြင်းသည် ကိုယ့်ဘာသာယဉ်ကျေးမှုကို ပစ်ပယ်စော်ကားသလို ဖြစ်နေကြပါလေသည်။

အတာသင်္ကြန်သည် မြန်မာမှုဟန် ယဉ်ကျေးမှုကို ဖော်ဆောင်ရာမှာ သင်္ကြန်မဏ္ဍပ်တိုင်းလိုလို ဘီယာများ၊ အရက်သေစာများကို သောက်သုံးပြီး ပျော်မြူးခြင်းကြောင့် မဖြစ်သင့် မဖြစ်ထိုက်သော ဆုံးရှုံးမှုများ၊ ခိုက်ရန်ဒေါသဖြစ်ပွားမှုများသည် အတာသင်္ကြန်ကာလဝယ် အများဆုံး ဖြစ်ခဲ့ကြသည်ကို ငြင်းဖွယ်မရှိ တွေ့ရှိခဲ့ကြရပါပေမည်။

တချို့တချို့သော အတာသင်္ကြန်မဏ္ဍပ်ကြီးများဝယ် ဘားကောင်တာများ ဖွင့်ထားသကဲ့သို့ အဖျော်ယမကာ အယ်လ်ကိုဟောများမှာ မျိုးစုံနေကြပြီး ထိုအရာတို့ကို ရေပက်ကစားရင်း သောက်သုံးကြခြင်းသည် မြန်မာမှုအတာသင်္ကြန်ကို အရုပ်ဆိုး အကျည်းတန်စေသည်ဟု တွေးမြင်မိပါသည်။ ထို့အတူ တခြားမူးယစ်ဆေးများပါ သုံးစွဲလေဟန်ရှိသည်ဟု စာပေအသိုင်းအဝိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားသော ပုဂ္ဂိုလ်ကြီးများ၏ ဝေဖန်ခန့်မှန်းခြင်းကိုလည်း ကြားသိရပါလေသည်။

ထိုအတာသင်္ကြန်ကာလဝယ် တချို့သော ရေသဘင်မဏ္ဍပ်တို့၌ မူးယစ်သောက်သုံးသောအရာအားလုံးကို အလွယ်တကူရရှိအောင် ဖန်တီးထားမှုများရှိနေသလို ထိုအရာအားလုံးကို ဖမ်းဆီးဟန့်တား အရေးယူဖို့ရာမှာ အစိုးရမှ ကြပ်ကြပ်မတ်မတ် စစ်ဆေးအရေးယူ ဖော်ထုတ်ဖမ်းဆီးဖို့လိုပါကြောင်းကို အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးတစ်ဦးက စာရေးသူအား ပြောပြခြင်းကို တင်ပြရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အမိမြန်မာနိုင်ငံတော်ကြီး၏ အထွတ်အမြတ်ထားသော အတာရေသဘင်ပွဲကြီးမှာ ရေးယခင်က ငွေဖလားနှင့် သပြေခက်ဖြင့် ပက်ဖျန်းကြသလို၊ ရခိုင်တိုင်းရင်းသားတို့၏ လောင်းလှေပေါ်မှာ ရေပက်ဖျန်းခြင်း၊ နံ့သာသွေးကာ နံ့သာရေဖြင့် ပက်ဖျန်းခြင်း၊ ယခုအခါ ခေတ်ကာလအလျောက် ရေပိုက်ဖြင့်ပက်ခြင်းတို့သည် မြန်မာမှုကို ပျက်ယွင်းစေသောအရာတစ်ခုမှ မရှိခဲ့ကြောင်း တွေ့ရှိရသော်လည်း အတာနှစ်ဦးမင်္ဂလာအခါကို အရက်သေစာများ သောက်စားမူးယစ် ရေကစားခြင်းသည် မိမိတို့၏ ဘာသာ ယဉ်ကျေးမှုကို ဖျက်ဆီးနေသကဲ့သို့ရှိကြောင်း သံဃာတော်ဆရာတချို့ကလည်း ပြောပြဆုံးမသည်ကို ကြားသိရပါသည်။

ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်များ၊ ပျက်သုဉ်းစေမည့် အပြုအမူ၊ အလေ့အကျင့်၊ ကိုယ့်ဘာသာယဉ်ကျေးမှုနှင့် မသက်ဆိုင်သောအရာအားလုံးကို ပယ်ရှင်းကာ ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ဓလေ့အတာသင်္ကြန်ကို ဖော်ဆောင်ဖို့ရာမှာ သင်္ကြန်ကာလအတွင်း အရက်သေစာ၊ အဖျော်ယမကာနှင့် မူးယစ်စေသော အရာအားလုံး ရှောင်ချမှုအား ယာယီပိတ်ဖို့ လိုပေလိမ့်မည်ဟု အသက်(၈၀)ကျော် အဖိုးတစ်ဦးက ပြောပြပါသည်။ မှန်ပါ၏။ ဝန်ကြီးချုပ် အဘဦးနုလက်ထက်ကာလ အတာသင်္ကြန်အခါသမယတို့ဝယ် အဖျော်ယမကာဆိုင်များကို အကန့်အသတ်ဖြင့်ရောင်းခြင်းကို အတာသင်္ကြန်ကာလ၌ပြုခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါလေသည်။

သို့ဖြစ်ပါ၍ တက်လာသော အစိုးရများလက်ထက်တွင် အတာသင်္ကြန်မှာ မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ပေါ်လွင်အနှစ်သာရရှိပေမည်ဟု ယုံကြည်မိပါသည်။ ထိုသို့ အနှစ်သာရရှိသော မြန်မာ့ယဉ်ကျေးမှု အတာသင်္ကြန်ကြီး ကျင်းပနိုင်ရေးအတွက် သင်္ကြန်ကာလအတွင်း မူးယစ်

ဆေးဝါးနှင့် အဖျော်ယမကာဆိုင်အားလုံးအား ယာယီပိတ်ထားမည်ဆိုလျှင် ပျော်ရွှင်ကြည်နူးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီး ပိုမိုအသက်ဝင်စေပြီး အနှစ်သာရရှိရှိ မင်္ဂလာတရားတော်နှင့်အညီ ကျင်းပနိုင်ပေလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့သတည်း။

o

# တန်ခူးအလှ သင်္ကြန်ပွဲ

ရာသီစက်ဝန်းသည် အချိန်မှန်ပြောင်းလဲလျက် ရှိသည်။ တစ်ဆယ့်နှစ်ရာသီတွင် ဥတုသုံးလီရှိသည့်အနက် နွေရာသီသည် တစ်နှစ်တာကာလ၏ အဦးအဖျားရာသီ ဖြစ်ပေသည်။ ထို့နည်းတူစွာ တန်ခူးလသည်လည်း နွေ၏အစ နှစ်တစ်နှစ်၏ ပထမဦးဆုံးလ ဖြစ်သည်။

တန်ခူးလကို ထန်ခူးသောလဖြစ်၍ ''တန်းခူးလ'' ဟု ခေါ်တွင်ရာမှ ကာလရွေ့လျောခဲ့ရာတွင် ''တန်းခူးလ'' ဖြစ်လာသည်ကို ဆိုစမှတ်ပြုခဲ့ကြသည်ဟု သိရသည်။ ထို့ပြင် သင်္ကြန်အတာကူးဖြစ်သောကြောင့် ''တာကူးလ''ဟု ခေါ်စမှတ်ပြုခဲ့ကြောင်းကိုလည်း ဆိုမိန့်ထားပြန်သည်။ အတာကူးသည့် လတန်ခူးသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်များဝေချိန်ဖြစ်ပြီး တောင်လေးများမြူးပြီး ကျေးငှက်ဥဒြေတို့ တွန်သံချိုပြီး ချိုးငှက်ကောင်များကလည်း လွမ်းဆွေးစွာ ကူချွဲနေသောလလည်း ဖြစ်ပေသည်။ ရာသီဦးဖြစ်သည်နှင့်အညီ တောတောင်ရေမြေ သဘာဝအားလုံးတို့သည် ထူးထူးခြားခြား လှပဆန်းကြယ်လှသောလ ဖြစ်ပေသည်။ ရပ်ရှစ်ခွင်လုံး ပွင့်ပြင်းလောင်မြိုက်ကာ တံလျှပ်ထနေပေသည်။

သစ်ပင်ပန်းမန်များ ညှိုးနွမ်းခြောက်သွေ့ရတော့သည်။ ရွက်ဟောင်းကလေးများ အစိမ်းတစ်ဝက်၊ အဝါဖက်ရာမှ အရွက်တိုင်း အဝါဖြစ်နေလေသည်။ တောင်လေက သုတ်ဖြူးလာသည့်အခါ ညောင်ရွက်တို့ ညှာတံမှ မြေမှာခ၍ ကြွေရလေသည်။ တန်ခူးလတွင် ရှုလေရာအရပ်တိုင်း၌ မြူးခိုးများ ကာရံ၍ မြူခြေဆိုင်းသောလလည်း ဖြစ်ပေသည်။ တပေါင်းလတွင် စတင်ဖူးပွင့်တတ်သော ငွေ၏သရဖူ၊ ပန်းပိတောက်တို့ကလည်း တန်ခူးလတိုင်း ပွင့်လန်းပြီး ရွှေဝါရောင်အဆင့်မြင့် တစ်လောကလုံးကို မင်းမူစိုးမိုးနေပါတော့သည်။ ထို့ပြင် ကံကော်ပန်း၊ အင်ကြင်းပန်း၊ သရဖီပန်းမျိုးစုံ အရောင်မျိုးစုံဖြင့် ကြိုင်ကြိုင်မွှေးပြီး အလှချင်းပြိုင်ပွင့်ကြလေသည်။ တန်ခူးလတွင် ရေကုန်၍ ကဆုန်တွင် ရေခန်းတတ်သည်မို့ ဤလတွင် မြစ်ချောင်းတို့တွင် ရေစီးမသန်ဘဲ ရေလယ်ခေါင်တွင် ပက်လက်ကလေး မှေးရှာသည့် သဲသာသောင်ခြေ ကျွန်းကလေးများ ထွန်းနေသည်ကိုလည်း ရှင်ဥတ္တမကျော်က **"သဲခင်းသာဝယ်၊ သီတာကြည်လဲ့ ငှက်သံနွဲ့နှင့်၊ လွှမ်းဖွယ်မြိုင်ရေ"** ဟု လှပစွာ ရေးဖွဲ့ခဲ့လေသည်။

တန်ခူးလသည် ထန်းခူးသောလလည်း ဖြစ်သည်။ ထန်းတက်သမားတို့သည် "ရင်းထောင်၊ ရင်းဆွဲ၊ ဆောင်ပြီ" အိုးလွယ်ကာ အားကြိုးမာန်တက် ထန်းတက်၊ ထန်းလှီးနေကြသည့်အချိန် ဖြစ်ပေသည်။ တောင်သူလယ်သမားများ တစ်နှစ်တာ ကြိုးစားလုပ်ကိုင်ခဲ့သမျှ ရရှိခဲ့သော သီးနှံများကို ရောင်းချကာ လှူ၍မကုန် ပေး၍မခန်းဖြစ်နေပြီး ရှင်ပြုအလှူပွဲများဖြင့် မြန်မာတစ်နိုင်ငံလုံး စည်သံ၊ ဗြောသံ တညံညံဖြင့် ပျော်စရာကောင်းသောလတစ်လ ဖြစ်ခဲ့ပေသည်။

ဤတန်ခူးလရာသီတွင် မြန်မာလူမျိုးများသည် ရေသဘင်ပွဲတော် (သင်္ကြန်ပွဲတော်)ကို စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြပါ

သည်။ ဆယ့်နှစ်ရာသီပွဲတော်များတွင် သင်္ကြန်သည် ပျော်စရာအကောင်းဆုံး ပွဲတော်တစ်ရပ် ဖြစ်ပေသည်။ မြန်မာလူမျိုးများ အနှစ်သက်ဆုံးလည်း ဖြစ်သည်။ သင်္ကြန်သည် မြန်မာ့အထိမ်းအမှတ်တစ်ပါး မြန်မာတို့၏ သင်္ကေတတစ်ရပ်ဟုပင် ခေါ်ဆိုနိုင်ပါသည်။

ဤသင်္ကြန်ပွဲတော်ကို မြန်မာမင်းများလက်ထက်ကပင် စတင်ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ ပုဂံခေတ်တွင် စတင်ခဲ့ဟန်ရှိပြီး အင်းဝခေတ်တွင် စဉ်လာမပျက် ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း ထင်ရှားသည်ဟု ဆည်သည်ရှာစား ဦးအောင်ကြီး၏ တန်ခူးလဖွဲ့ လူးတားကို ဖတ်ခြင်းဖြင့် သိနိုင်ပေသည်။ မြန်မာမင်းများလက်ထက် ရေသဘင်ပွဲတော်သည် **"အုတ်ကျစ်ကျော်အေး"** မန္တလေးနေပြည်တော်ခေတ်တွင် စည်ကား အသိုက်မြိုက်ဆုံး ဖြစ်ခဲ့ပါသည်။ ထိုခေတ်မှသည် ယနေ့တိုင် မန္တလေးမြို့တွင် ပြည်သူများ တစ်ခဲနက် ဆင်နွှဲလာကြသည်မှ အစဉ်အလာတစ်ရပ် ဖြစ်နေပါသည်။ သင်္ကြန်ကို ချစ်မြတ်နိုးသော မြန်မာလူမျိုးများပီပီ မြန်မာနိုင်ငံ၏ အနယ်နယ် အရပ်ရပ်တွင်လည်း ကျေးလက်တောရွာပါမကျန် သင်္ကြန်ပွဲတော်ကို နွှဲပျော်ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။

ရှေးအခါက သင်္ကြန်ရက်ကို အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ ဟူ၍ သုံးရက်သတ်မှတ်ပြီး ရက်ထပ်နှစ်တွင်မူ အကြတ်နှစ်ရက်ဖြစ်၍ သင်္ကြန်ရက် (၄)ရက် ဖြစ်ပါသည်။ ယနေ့ခေတ်တွင်မူ အကြိုနေ့ကိုပါ ရေပက်ကစားနေကြပြီဖြစ်ရာ အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ ဟူ၍ (၄)ရက်တိုင်တိုင် သတ်မှတ်ရေကစားနေကြပြီ။ ရက်ထပ်နှစ်တွင်မူ (၅)ရက်တိုင်အောင် ဆင်နွှဲနိုင်ပါသည်။ သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ကာလကို **"အခါတွင်းဟူ၍လည်းကောင်း"**၊ **"အခါကြီးရက်ကြီး"** ဟူ၍ လည်းကောင်း၊ **"အတာ"** ဟူ၍လည်းကောင်း သတ်မှတ်ခေါ်တွင်ခဲ့ကြသည်။

သင်္ကြန်သည် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြော သန့်စင်၍ နှစ်သစ်ကိုကြိုသော ပွဲတော်လည်း ဖြစ်ပေသည်။ မြန်မာလူမျိုးတို့၏ ကောင်းသောစေတနာ၊ ဖြူစင်သော မေတ္တာတို့ဖြင့် ထုံးမွမ်းနေသည့်လ ဖြစ်ပေသည်။ ထို့ကြောင့် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အတွေးသစ်များဖြင့် တိုင်းပြည်၏တာဝန်၊ နိုင်ငံ၏တာဝန်များကို ထမ်းဆောင်နိုင်ရန် သန့်စင်လန်းဆန်းသောစိတ်ဖြင့် အားသစ်အင်သစ်မွေးပြီး တန်ခူးအလှ သင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ပါသည်။

o

## သင်္ကြန်နှစ်ဦးမင်္ဂလာအခါ

တန်ခူးလသည် မြန်မာနှစ်တွင် (၁၂)လရာသီ၌ ပထမဦးဆုံးလ ဖြစ်ပေသည်။ မြန်မာလူမျိုးတိုင်း၏ နှစ်သစ်ပျော်ရွှင်ကြည်နူး နှစ်ဦးမင်္ဂလာ အဖြစ် သင်္ကြန်အတာရေသဘင်ပွဲကို ခြိမ့်သည်းစွာ ကျင်းပသောလ ဖြစ်ပါ ပေသည်။ ဤလသည် နွေဦးဝင်စ မိဿရာသီအခါသမယဖြစ်ပြီး၊ ကြယ်တာရာ တောက်စားကာ အာသာဝတီ၊ ဘရဏီ၊ ကြတ္တိကာနက္ခတ် တို့နှင့် စန်းယှဉ်ကာ တစ်နှစ်တာကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းလာသော လတစ်လဖြစ်ပြီး မြန်မာတို့၏ နှစ်ဦးမဟာသင်္ကြန်ရေသဘင်ပွဲကြီးအား ကြီးကျယ်ခမ်းနားစွာ ဆင်နွှဲသည့်လဟုလည်း ဆိုရပါပေမည်။

တန်ခူးလတွင် လအလိုက်ပွင့်သော ပန်းတို့မှာ ကံ့ကော်ပန်း ဖြစ်ပြီး၊မိတ်ဖက်ပန်းများဖြစ်သည့် ရွှေပိတောက်ဝါ၊ အင်ကြင်းပန်းနှင့် ငုဝါပန်း တို့ကလည်း ရနံ့များ သင်းထုံကြိုင်လှိုင်ဝေဆာလျက် ရှိနေပါတော့သည်။ ရာသီနှင့်ပန်းတို့ကား ကျက်သရေရှိလှပါပေသည်။ ထိုကာလတွင် မိုးရနံ့ပါ သော လေပွေလေရူးကလေးများတို့က တိုးဝှေ့ကာ လာလျက်ရှိပေရာ အဆွေးဓာတ်ခံရှိသူတို့အဖို့ လွမ်းမောဖွယ်ရာရသကို ကြုံဆုံခံစားကြရ ပါပေမည်ဟု ရှေးစာဆိုရှင်တို့က ရေးဖွဲ့သီကျူးထားခဲ့ပါပေသည်။

လတန်ခူးသို့ရောက်ပြီဆိုလျှင် ရွက်ဟောင်းတို့ကိုခြွေကာ ရွက်သစ်တို့ဖြစ်စေမည့် မြရောင်အသွေးရှိသော ပရစ်ဖူးကလေးများသည် ပင်ယံထက်ဝယ် ဝေဝေဆာဆာ အစားထိုး ဝင်ရောက်လာခြင်းကလည်း နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာပြီဟူသော သင်္ကေတနိမိတ်များ ပြနေသကဲ့သို့ ရှိနေပါလေသည်။ ရွှေပိတောက်ဝါတို့ကလည်း နွေအရောက်မှာ ပင်လုံးကျွတ်တမျှ ဝေဆာနေလေသည်။ လေပြေလေရူးတို့ကလည်း ဆော့ကစားသည့်နှယ် ယှော်ပိုက်စွာ တိုးဝှေ့လာချိန် ပိတောက်ပန်းရနံ့တို့ကလည်း သင်းပျံ့ကြိုင်လှိုင်နေတဲ့ကာလဝယ် သူ့ရာသီအဖော် ရွှေညိုတေးသံရှင်ကလည်း လွမ်းတေးသံရှင့်ကျူးလျက် နွေအလှပန်းချီ တန်ခူးလကို ဂုဏ်ဖော်တင်စားပေးလျက် ရှိပါလေသည်။ အသူရိန်နေမင်းကလည်း မိုးနှင့်နှင်းတို့၏ ဘေးရန်မှလွတ်ကင်းစွာ အပူရှိန်ကို ထွန်းပလျက် ရှိလေသည်။ မြန်မာလူမျိုးတိုင်းသည် ဤလကို ခုံမင်နှစ်သက်မြတ်နိုးကြခြင်းကား ငြင်းဖွယ်ရာမရှိပါဟု ယုံကြည်မိပါလေသည်။

ဆရာဇော်ဂျီ၏ နွေအလှကဗျာလေးက ဆိုထားပေသည်မှာ **"လတန်ခူးပေမို့ အလှထူးပါဘိ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ"** ဟုဆိုထားသော ကဗျာလေးသည် နောင်နှစ် မည်မျှပင်ရှိစေ ဤရာသီ၊ ဤလကို ဖော်ညွှန်းတင်စားနေပေမည်ကို ပစ်ပယ်၍ မရကောင်းသော ရာသီအလှကဗျာကလေးပင် ဖြစ်ပေသည်။

ဤသို့ ပူပြင်းလှသော လရာသီဝယ် ကြည်လင်အေးမြသော သီတာရေစင်ဖြင့် ပက်ဖျန်းကြကာ နှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုဓလေ့နယ်ပယ်တွင် ကျယ်ပြန့်စွာ ကျင်းပမြဲ ဖြစ်ပါပေသည်။

သင်္ကြန်ဆိုသည်မှာ သက္ကတဘာသာစကားမှ ဆင်းသက်လာခြင်း

ဖြစ်ပေသည်။ သင်္ကြန်ဟူသော အသုံးအနှုန်းမှ ဆင်းသက်ပြောင်းရွှေ့လာခြင်း ဖြစ်လေသည်။ ဤလရာသီ ရေသဘင်ပွဲတော်ကို ရှေးရှေးသော ပုဂံခေတ်ကလည်းက သင်္ကြန်မင်္ဂလာအခါ ကျင်းပခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ မြန်မာတို့၏ မင်္ဂလာတစ်ဆယ့်နှစ်ပါးဝယ် သင်္ကြန်မင်္ဂလာအခါဝယ် မြန်မာတို့သည် ကောင်းမှုကုသိုလ်ပြုခြင်း၊ သီလဘာဝနာပြုခြင်းဖြင့် မင်္ဂလာရှိသော နှစ်ဦးလဟူ၍ ဆိုစမှတ်ပြုခဲ့ပါပေသည်။

နှစ်သစ်ကူးဆိုသည်မှာ တစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်သို့ရောက်ရှိလာချိန်တွင် နှစ်ဟောင်းကပြုခဲ့သမျှ အကုသိုလ်အညစ်အကြေးတို့အား နှစ်သစ်သို့ မကူးစေလိုသည့်သဘောမျိုးဖြင့် သင်္ကြန်မင်္ဂလာဆိုတိသကဲ့သို့ အတာရေဖြင့် ဆေးကြောသုတ်သင် ရှင်းလင်းစင်ကြယ်စေခြင်းပင် ဖြစ်ပါပေသည်။

ဖိုးသူတော်ဦးမင်း၏ တန်ခူးလနှင့် ပန်းကုံကော်တို့ ဝေဆာလှပတင့်တယ်ပုံ၊ နွေအလှ သစ်ပင်တို့၏ ပုရစ်ဖူးဝေဆာ ရွက်ဝါကြွေသော ပန်းချီကားသဏ္ဌာန်တို့ကို တင်စားရေးဖွဲ့ထားလေသည်မှာ-

**"ဟောင်းရွက်ညှာခါလှစ်လို့၊ တာသစ်ကယ်တဲ့ နံ့ကြိုင်၊**
**သုတ်ဖြူး လေဆော်က၊ ပန်းကုံကော် ဝတ်မှုန်ကျင်း၊**
**သင်းပျံ့လို့လှိုင်လှိုင်၊ ကြယ်နှစ်ပြိုင် သွယ်ဆိုင်ပဝင်း၊**
**စိတြငယ်နှင့် ဒွေလသော်တာတို့ ယုဂန်ချာတောင်တော်စွန်းမှာ ထွန်းထိန်လို့လင်း"**

ဟု နွေအလှကို တင်စားထားပါလေသည်။ ကုန်းဘောင်ခေတ်လက်ထက်စာဆိုရှင် လူဦးမင်းကလည်း ဤသို့ လေးချိုးလေးကို ဆိုထားသည်မှာ **"စုံတစ်ဖွဲ့မှာလ၊ မှုန်လဲ့ငယ်ပြေလွင်မှာ ရွှေရစ်ဆင်ထိပ်၊ ပြန်တော့မတဲ့ မြူနိုးခြယ်လာ သစ်လှချည့်"** စသည်ဖြင့် နွေအလှများကို ဖွဲ့ထား

ပါလေသည်။ လှိုင်မင်းသား ဥက္ကာဝန်ကြီး ဦးဖြေကလည်း **"ကဲ့ကော်ရင်ခတ် မွှေးရည်သတ်နှင့်၊ ခေါက်ချပ်ကယ် ကေသျှင်စုလည်း ဆင်လို့"** စသော တန်ခူးနွေအလှတို့ကို ဖော်ကြူးထားခြင်းသည် မြန်မာတို့၏ တန်ခူးကာလကို အလွန်မှ နှစ်သက်ကြည်နူးမိရပါလေသည်။

ထို့ကြောင့် နှစ်သစ်ဦး တန်ခူးကာလအခါတွင် ကောင်းမြတ်သော ဒါန၊ သီလ၊ ဘာဝနာအမှုတို့ကို ပြုကျင့်နေခြင်းဖြင့် မင်္ဂလာကျက်သရေရှိသောအချိန်ကာလဖြစ်ကြောင်းကိုလည်း မင်္ဂလာသုတ်၊ မင်္ဂလာနိဒါန်းဝယ် လေ့လာတွေ့ရှိရပါသည်။ ဤနှစ်သစ်မင်္ဂလာ သင်္ကြန်ပွဲတော်ကို ရှေးသောကာလ ပုဂံခေတ် အနော်ရထာဘုရင်မင်းမြတ် လက်ထက်ကတည်းက ပြုဆောင်ခဲ့ကြသည်ဟုလည်း အထောက်အထားများ တွေ့ရှိရလေသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်တော်တွင်လည်း မန္တလေးရွှေနန်းတော်မှ သင်္ကြန်အတာရေ ပက်ဖျန်းရမည့်အချိန်၌ သင်္ကြန်အမြောက်များပစ်ပေါက်ပြီး ဘုရင်မှ အတာသင်္ကြန်ရေ ပက်ဖျန်းကာ အတာသင်္ကြန်ကျပြီဟုဆိုကာ စတင်ရေပက်ဖျန်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။ သီချင်းတစ်ပုဒ်၌ အဆန်မပါ အသံသာရှိသည့် သင်္ကြန်အမြောက်ကဲ့သို့ဟူ၍ ဆိုထားခြင်းသည် ဤအရာကို ဖော်ညွှန်းထားသည်ဟု ဆိုရပါပေမည်။

မိဿရာသီ လတန်ခူးကာလသည်ကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးအတာရေပက်ဖျန်းသော ပွဲတော်ကို နှစ်စဉ်ဆင်နွှဲလျက်ရှိရာ ယင်းမဟာသင်္ကြန်အခါတော်ကာလဝယ် သီတင်း၊ ဥပုသ်၊ သီလ၊ ဘာဝနာပွားများကာ ဘုရားကျောင်းကန် တရားကျောင်းတိုက်တို့၌ အလှူဒါနပြုခြင်း၊ အရပ်လေးမျက်နှာမှပုဂ္ဂိုလ်တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်း၊ ရေနည်းသောအိုင် ရေကန်တို့မှ သားငါးများအား

ရေများရာနေရာသို့ ရွှေ့ပြောင်းလွှတ်ပေးခြင်း၊ ငါးများ သက်စေ့ လွှတ်ပေးခြင်းများ၊ ဘိုးဘွားတို့ကို သန့်ရှင်းရေးပြုစုပေးခြင်း၊ သက်ကြီးရွယ်အိုတို့အား ဂါရဝပြုခြင်း၊ ဓီဝိတဒါနပြုခြင်းမှာ တိရစ္ဆာန်တို့အား ဘေးမဲ့ပေးခြင်းတို့ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်လေ့ ရှိကြပါလေသည်။

တစ်နည်းဆိုရသော် ခေတ်ဟောင်းက အပြစ်အနာအဆာ ချေးညှော်တို့အား နှစ်သစ်ဘက်သို့ မသယ်ဆောင်တော့ဘဲ ရေဖြင့် ဆေးကြော သုတ်သင်ကြသည့်အလား သီလ ဘာဝနာ ပွားများကြသည့် အလေ့အထများသည်လည်း မြန်မာလူမျိုးတို့အတွက် နှစ်သက်ကြည်နူးဖွယ်ရာဓလေ့ပင် ဖြစ်ပါပေသည်။

သို့ဖြစ်ပါ၍ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် ရာသီနက္ခတ်နှင့် ပန်းအလှတို့ စန်းယှဉ်ကာဖြင့် ဘာဝနာမှာကြည်နူး အလှူဒါနတွေဖြင့် ရည်စူးကာ လှူဒါန်းကြပြီး နှစ်ဟောင်းကာလမှ ပြုခဲ့သမျှ အကုသိုလ်တရားတို့ကို စွန့်ခွာလျက် နှစ်ဦးအလှူတော်မင်္ဂလာအဖြစ် ရှေးအစဉ်အလာမပျက် ကျင်းပခဲ့သော မဟာသင်္ကြန်ပွဲတော်သို့ မြန်မာတစ်မျိုးသားလုံးတို့အတွက် ဘဝင်ချမ်းမြေ့စဉ် မမေ့ကြဘဲ နှစ်စဉ်နွဲပျော်မြဲဖြစ်သည့် သင်္ကြန်မင်္ဂလာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတော့သတည်း။

၀



## သွန်းညောင်ရေပွဲ ကွဲဆင်မြဲ

ကဆုန်လသည် မြန်မာတစ်ဆယ့်နှစ်လရာသီတွင် ဒုတိယ မြောက်လဖြစ်ပြီး ပြိဿရာသီခွင် သက်ဆင်းကာ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တို့၏ ပရိဘောဂစေတီဖြစ်သော ဗောဓိပင်အား ညောင်ရေသွန်းပွဲကို ဤကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကျင်းပပူဇော်လေ့ ရှိကြပါလေသည်။

ဗောဓိပင်ဆိုရာတွင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ မိုတွယ်ပွင့်ထွန်းတော်မူသော သစ်ပင်ကို ဗောဓိပင်ဟူ၍ သမုတ်ခေါ်တွင်ကြ လေ၏။ ရာသီပန်း၊ စကားဝါပန်းတို့ကလည်း ရွှေရောင်တမျှ ထိန်ထိန် တောက်လျက် လကဆုန်ကို မွေးထုံစွာ ဂုဏ်ပြုလျက်ရှိပါပေသည်။ ထိုလကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားသောလအဖြစ်လည်း ခံယူထားကြပါပေသည်။ ဂေါ်တမ မြတ်စွာဘုရား သဲစုမက ပွင့်ထွန်းတော်မူခဲ့သော ဘုရားရှင်တို့သည်လည်း ဗောဓိပင်တို့ဝယ် မိုတွယ်ပွင့်ထွန်းတော်မူခဲ့ရာ ထိုဗောဓိပင်များအား မြတ်ဗုဒ္ဓ၏ကိုယ်စား ပရိဘောဂစေတီအဖြစ် ကြည်ညို ကြကာ ကဆုန်လပြည့်နေ့ရောက်တိုင်း အေးမြသော ရေသီတာဖြင့် သွန်းလောင်းပူဇော်ခဲ့ကြခြင်း ဖြစ်ပေသည်။

**"တန်ခူးရေကုန် ကဆုန်ရေခမ်း"** ဆိုရိုးရှိသည့်အတိုင်း ပူပြင်း ခြောက်သွေ့သော နွေကာလဝယ် ဗောဓိပင်များ မျိုးစိတ်မသုန်းရလေအောင်

ဟူ၍လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ကိုယ်စား ကြည်ညိုသဒ္ဓါပွားများကာ ဗောဓိပင်အား ရေသွန်းလောင်းကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပေသည်။ ထို့အပြင် ယခု ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရားရှင် သာသနာတော်ဝယ် "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြပါပေသည်။ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ၏ ဖြစ်စဉ်တော်တွင် ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်လက်ထက် သုမေဓာရှင်ရသေ့ဘဝ၌ ဘုရားအလောင်းအဖြစ် ပထမဆုံး ဗျာဒိတ်တော် ခံယူရရှိတော်မူသောနေ့ဖြစ်ခြင်း၊ ဗုဒ္ဓအလောင်းအလျာ ဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားရှင် စင်စင်ဧကန် ဖြစ်တော်မူသောနေ့ ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့ဖြစ်ခြင်းတို့ကြောင့် ကဆုန်လပြည့်နေ့သည် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်ကြီးတစ်နေ့ ဖြစ်ပါပေသည်။

ထို့ကြောင့် "**ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း**" ဟူ၍ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော်တွင် ထူးမြတ်သောနေ့အဖြစ် သတ်မှတ်ပူဇော်ထားသည်ကို လေးမြတ်စွာ ရှုမြင်ရပေမည်။

ဗောဓိပင်ဟူသည် ဘုရားရှင်တို့ သဗ္ဗညုတ ရွှေဉာဏ်တော်တည်းဟု ဗောဓိဉာဏ်တော်ရရန် အမှီပြုသော အပင် (သို့) ဘုရားပွင့်တော်မူရာ အပင်များပင် ဖြစ်ပါသည်။ ထိုအပင်များကို ဥာဒ္ဓျုပစာအားဖြင့် ဗောဓိပင်ဟူ၍ ခေါ်ပေသည်။ ဂေါတမဘုရားအလောင်းတော်သည် ညောင်ဗုဒ္ဓဟေ ပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရာ ထိုညောင်ဗုဒ္ဓဟေပင်ကို ဗောဓိညောင်ပင်ဟူ၍ ခေါ်တွင်ခဲ့ပေသည်။ ယင်းညောင်ဗုဒ္ဓဟေပင်သည် မိုရေးစီးမျိုးရင်းဝင်ဖြစ်၍ ညောင်ပင်မျိုးစိတ်တွင် ပါဝင်လေသည်။ ရုက္ခဗေဒအမည်မှာ ဖိုင်းကပ်ရီလီဂျီအိုဆာဟူ၍ သတ်မှတ်

ခေါ်ဝေါ်သည်ကို လေ့လာတွေ့ရှိရသည်။

ယင်းဗောဓိပင်တို့သည် ကြီးမား၍ အရိပ်အာဝါသကောင်းသည့် အပင်ကြီးမျိုးတွင် ပါဝင်ပြီး အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာကဲ့သို့သော အပူပိုင်းဒေသ နိုင်ငံများ၌ အများဆုံး ပေါက်ရောက်ပြီး တစ်ပင်ချင်း သီးခြားပေါက်လေ့ ရှိပေသည်။ နှစ်ကျိပ်ရှစ်ဆူသော (သို့) (၂၈)ဆူကုန်သော ဘုရားရှင်တို့ ပွင့်ထွန်းမှုတွယ်အားထုတ်ရာ ဗောဓိပင်များအား အောက်ပါအတိုင်း အလေး အမြတ် ပူဇော်တင်ပြရပါလျှင်-

| | | | |
|---|---|---|---|
| ၁။ | တဏှင်္ကရာဘုရား | ----- | စရည်းဗောဓိပင် |
| ၂။ | မေဓင်္ကရာဘုရား | ----- | ဗောဓိပေါက်ပင် |
| ၃။ | သရဏင်္ကရာဘုရား | ----- | သခွပ်ဗောဓိပင် |
| ၄။ | ဒီပင်္ကရာဘုရား | ----- | ညောင်ကြတ်ဗောဓိပင် |
| ၅။ | ကောဏ္ဍညဘုရား | ----- | ကြောင်လျှာဗောဓိပင် |
| ၆။ | မင်္ဂလဘုရား | ----- | ကံ့ကော်ဗောဓိပင် |
| ၇။ | သုမနဘုရား | ----- | ကံ့ကော်ဗောဓိပင် |
| ၈။ | ရေဝတဘုရား | ----- | ကံ့ကော်ဗောဓိပင် |
| ၉။ | သောဘိတဘုရား | ----- | ကံ့ကော်ဗောဓိပင် |
| ၁၀။ | အနောမဒဿီဘုရား | ----- | ကံ့ကော်ဗောဓိပင် |
| ၁၁။ | ပဒုမဘုရား | ----- | ကြောင်လျှာဗောဓိပင် |
| ၁၂။ | နာရဒဘုရား | ----- | ကြောင်လျှာဗောဓိပင် |
| ၁၃။ | ပဒုမုတ္တရဘုရား | ----- | ထင်းရှူးဗောဓိပင် |
| ၁၄။ | သုမေဓဘုရား | ----- | မအူကြီးဗောဓိပင် |
| ၁၅။ | သုဇာတဘုရား | ----- | ကြခတ်ဝါးဗောဓိပင် |
| ၁၆။ | ပိယဒဿီဘုရား | ----- | ရေခတက်ဗောဓိပင် |

၁၇။ အတ္ထဒဿီဘုရား ----- စကားဝါဗောဓိပင်
၁၈။ ဓမ္မဒဿီဘုရား ----- မျက်နှာပန်းမဟာဗောဓိပင်
၁၉။ သိဒ္ဓတ္ထဘုရား ----- မဟာလှေကားဗောဓိပင်
၂၀။ တိဿဘုရား ----- မဟာဗောဓိပိတောက်ပင်
၂၁။ ဖုဿဘုရား ----- ရှစ်ရှားဗောဓိပင်
၂၂။ ဝိပဿီဘုရား ----- မဟာဗောဓိသခွပ်ပင်
၂၃။ သိခီဘုရား ----- သရက်ဖြူဗောဓိပင်
၂၄။ ဝေဿဘူဘုရား ----- အင်ကြင်းဗောဓိပင်
၂၅။ ကကုသန္ဓဘုရား ----- မဟာဗောဓိကုက္ကိုလ်ပင်
၂၆။ ကောဏာဂမနဘုရား ----- ရေသဖန်းပင်ဗောဓိပင်
၂၇။ ကဿပဘုရား ----- ပညောင်ပင်မဟာဗောဓိပင်
၂၈။ ဂေါတမဘုရား ----- ညောင်ဗုဒ္ဓဟေဗောဓိပင်

စသည့်ဖြင့် မှီတွယ်ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့သော ဗောဓိပင်တို့အား လေးမြတ်ရိုကျိုး၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်းသည် နှစ်စဉ် ကဆုန်လပြည့် ဗုဒ္ဓနေ့ထူးနေ့မြတ်ကြီးဝယ် နှစ်စဉ်နှစ်တိုင်းမပြတ် ပရိဘောဂစေတီအဖြစ် ညောင်ရေများ သွန်းလောင်းပူဇော်ခြင်း၊ ညောင်ရေသွန်းပွဲတော်ကြီးအား အလေးအနက်ထားကာ ကျင်းပပူဇော်ခြင်းကို ရှုမြင်ရပြီး၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ကြည်ညိုသဒ္ဓါပွားများကြခြင်းအမှုကို ပြုဆောင်ကြသည်မှာ မြန်မာလူမျိုးတို့၏ဓလေ့၊ ဘာသာယဉ်ကျေးမှုများ အစဉ်ရှင်သန်နေနိုင်ရန်နှင့် အဓွန့်ရှည်တည်တံ့ရေးအား ရည်မျှော်ကာ ကြည်ညိုစွာဖြင့် အလေးထား ရေးသား ပူဇော်တင်ပြလိုက်ရပါတော့သတည်း။

o

## သွန်းညောင်ရေပွဲ ခြိမ့်ခြိမ့်သဲ

ကဆုန်လသည် မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီခွင်ဝယ် ဒုတိယမြောက်လ ဖြစ်ပေသည်။ ထိုလရာသီခွင်မှာ ပြိဿရာသီသို့ သက်ရောက်ပြီး ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် ရာသီပန်းမှာ ရွှေစံကား ပန်းတို့ဖြင့် တင့်တယ်လှပနေပါတော့သည်။

ကဆုန်လပြည့်နေ့သို့ရောက်လေတိုင်း ဗုဒ္ဓဘာသာနွယ်ဝင် စိတ်ကောင်းယှဉ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် မြတ်ဗုဒ္ဓအား ရည်စူး၍ ဂေါတမမြတ်စွာဘုရား မှီတွယ်ပွင့်ထွန်းတော်မူရာ ပရိဘောဂ စေတီထိုက်ပေသော မဟာဗောဓိညောင် ဗုဒ္ဓဟေပင်ကို ကြည်ညိုလေးမြတ်စွာ ရေသီတာ အေးမြလှပေသော သန့်ရှင်းကြည်လင်သည့် ရေတို့ဖြင့် သွန်းညောင်ရေပွဲများကို ပူဇော်ကျင်းပလာခဲ့ကြပါသည်။ ထိုသို့ ညောင်ရေ သွန်းပွဲတော်ကို ပုဂံခေတ်ကာလကတည်းက ကြီးကျယ်ခမ်းနားစွာ ပူဇော် ခဲ့ကြောင်းကို မြန်မာစွယ်စုံကျမ်း၌ ဖော်ပြပါရှိပါပေသည်။

ကျွန်ုပ်တို့ ကြည်ညိုလေးမြတ် ပူဇော်အပ်သော အတုလံ အတုမရှိ မဟာမုနိထွဋ်အား ဂေါတမမြတ်စွာဘုရားသည် ဒီပင်္ကရာဗုဒ္ဓမြတ်စွာဘုရား ရှင်လက်ထက်တော်အခါက သုမေဓာရှင်ရသေ့ဘဝဖြင့် ဗျာဒိတ်တော် ဆင်မြန်းခဲ့သည်မှာလည်း ကဆုန်လပြည့်နေ့ ဖြစ်သည်။ သိဒ္ဓတ္ထဗုဒ္ဓ အလောင်းတော် ဖွားမြင်မြောက်သော နေ့ရက်မှာလည်း ထိုကဆုန်လပြည့်နေ့ ဖြစ်ပါသည်။ ဘုရားစင်စစ် ကောန်ဖြစ်သောနေ့မှာလည်း ကဆုန်လပြည့်နေ့ပင် ဖြစ်ပေ၏။ ထိုကဆုန်လပြည့်နေ့မှာပင် ကုသိနာရုံ အင်ကြင်းထုံသည့် ရဂုံ သာမော စုံမြိုင်တောဝယ် ပရိနိဗ္ဗာန်ဝင် စံတော်မူခဲ့ပါလေသည်။ ဤကဲ့သို့ ထူးမြတ်လှသော ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ဗုဒ္ဓကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူးပူဇော်သော အားဖြင့် ကောင်းမှုအလျှုဒါနများ ပြုလုပ်ခြင်း၊ ဗောဓိညောင်၌ အမွှေးနံ့သာ ဆီမီးများပူဇော်ခြင်း၊ ညောင်ရေသွန်းခြင်းတို့အား မြတ်နိုးစွာဖြင့် စီရင် ကျင်းပခြင်းမှာ ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ ဗုဒ္ဓပူဇာ၊ ဗုဒ္ဓယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါသည်။

ထိုလရာသီသို့ရောက်လျှင် မဟာဗောဓိညောင်ပင်တို့မှာ ရေပြတ်၊ ရေငတ်ကြပြီး အပင်များ သေသွားမှာကို မလိုလား၍ ရေသွန်းလောင်းကြ ခြင်းဖြစ်သလို၊ ပရိဘောဂစေတီထိုက်သော ညောင်ဗုဒ္ဓဟောကို ဗုဒ္ဓမြတ်စွာ ဘုရားကိုယ်စား ကြည်ညိုသဒ္ဓါ ရှိသေလှစွာ ရေသွန်းလောင်းကြခြင်း ဖြစ်ကြောင်းကိုလည်း စွယ်စုံကျမ်း အတွဲ(၇)မှာ လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ ညောင်ရေသွန်းပွဲသဘင် ဆင်ယင်ကျင်းပပုံကို မဟာ အတုလမင်းကြီး၏ (၁၂)လရာသီဘွဲ့လွမ်းချင်း၌ ကဆုန်လ ပြီးသလရာသီ ကို ဖွဲ့နွဲ့ထားပုံမှာ -

"မြူခြေငယ်စွန့်ပါလို့၊ နေဝန်းငယ်စက်ရှိန်၊
တောက်လောင်ငယ်ထိန်သည် ဖန်သူရိန်တောစာကြောင့်
ပွမျှားကဲတဲ့ လကိုလေး။
ရာသီငယ်ပြီသသ မဟောသီလည်း ရွှေညီစလို့
ပန်းမြစ်ကားဝါ ဝိသာခါနှင့် တာရာခြံရံ၊
စန်းယုန်ငွေဖန်သည့်နှယ်၊ ဆဒ္ဒပိုင်ဗွေဘုံမှာ၊
လကဆုန်ညောင်ရေပွဲပေမို့ သဲလှတယ်လေး"။

ဟူ၍ ရေးဖွဲ့ထားခြင်းကို လေ့လာကြည့်မယ်ဆိုလျှင် ဤကဆုန်လသည် ခြောက်သွေ့ပူပြင်းသော လရာသီစက်ဝန်းသို့ သက်ဆင်းနေသည်ကို ရှုမြင်ကြရပါပေမည်။ ဤကဲ့သို့သောကာလဝယ် ဗောဓိညောင်ပင်လည်း ရေကို လိုအပ်မည် ဖြစ်ပေသည်။ အပင်များ ရေငတ်ကာ မသေစေလိုသည်ကို ရည်ရွယ်၍သော်လည်းကောင်း၊ ဗုဒ္ဓ၏နေ့နှင့် တိုက်ဆိုင်နေသည်ကို ရည်ရွယ်၍ ပူဇော်ပသမှုပြုခြင်းသည်လည်းကောင်း၊ ထိုအကြောင်းအရာများကြောင့် ဗောဓိညောင်ပင်အား ရေသွန်းလောင်းခဲ့ခြင်းအမှုကို မြန်မာရာဇဝင်၌ ပုဂံခေတ်ကာလကတည်းက ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိကြရပါပေသည်။

ကဆုန်လအား တင်စားထားသော စာဆိုရှင် ဖိုးသူတော်ဦးမင်း၏ သဖြန်လေးဆစ် ကဗျာလေးကလည်း ဤသို့ ရေးဖွဲ့ထားပါလေသည်။

"စကားဝါငုံသင်းလို့ ကြယ်မင်းဝိသာခါ၊
တိမ်ဗွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ
စုံကဗ္ဗာ ဟောမာမြိုင်ထဲ ရွှေကျေးပျံသင်လို့၊
စံပျော်ရှင်ဟိုသည် ကူးလို့ငယ်၊ မြူးကြစမြဲ"

ဟူ၍ ကဆုန်လ၏ ထူးမြတ်တင့်တယ်ပုံအား တင်စားဖွဲ့နွဲ့ထားသည်ကိုလည်း ရသမြောက်စွာ ခံစားကြရပါပေမည်။

ကဆုန်လဝယ် စာဆိုတော်လူဦးမင်း၏ ရာသီဘွဲ့ လေးချိုးကလေး ထဲမှ ကဆုန်လ၏ သရုပ်သကန်ကို ကောက်နှုတ်တင်ပြရပါလျှင် -

**"မြိုင်ထွက်ဝယ်၊ ညှာညွတ်ကယ်ဖူးဝေ၊ စံကားရွှေနှင့်၊**

**ညောင်ရေခါမူ၊ မွေးထုံရယ်ကြူလှတယ်၊ မြတ်လှူတော်ငယ်"**

ဟူသော အပိုဒ်ကလေးအား တင်ပြရပါလျှင် ကဆုန်လနှင့် စကားဝါပန်း၊ ညောင်ရေသွန်းပွဲတို့သည် ပုံရိပ်သဖွယ် ထိုလ၏အလှကို ဖော်ညွှန်းနေပါ သည်။ ဝိသာခါကြယ်ကလည်း သောက်ရှူး၍ အလွန်မှ ကောင်းမြတ်သော လတစ်လ ဖြစ်ပါပေသည်။ ဤလရာသီအခါသမယဝယ် ဗုဒ္ဓဘာသာ နွယ်ဝင်သူတော်စင် မြန်မာလူမျိုးများနှင့် တခြားဗုဒ္ဓဘာသာနွယ်ဝင် အမျိုး ကောင်းသားသမီးတို့သည် မြတ်ဗုဒ္ဓအား အာရုံပြုလျက် ဗောဓိညောင်ပင်အား ဗုဒ္ဓ၏ကိုယ်စား ပရိဘောဂစေတီအဖြစ် ရည်ရွယ်ကာ လက်အုပ်ချီမိုးလျက် အလွန်မှအေးမြသော ရေသီတာတို့ဖြင့် မနောကြည်စွာ လောင်းလှူကာ သွန်းပါတဲ့ ညောင်ရေသွန်းပွဲတော်ကြီးကို ဘုရားဖြစ်မည့် ဗျာဒိတ်ရသောနေ့၊ မြတ်ဗုဒ္ဓ၏ ဖွားမြင်သောနေ့၊ ဘုရားစင်စင် ဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန် စံဝင်တော်မူသောနေ့တို့သည် ဤကဆုန်လပြည့်နေ့ ဖြစ်ခြင်းအပေါ် တိုက်ဆိုင် နေသည်ကို အာရုံညွတ်နူးလျက် ကြည်ညိုသဒ္ဓါပွားများကာ ညောင်ရေ လောင်းလှူခြင်းအား စဉ်လာမပျက် ခြိမ့်ခြိမ့်သဲမျှ ပူဇော်လျက်ရှိသည်ကို လေ့လာမှတ်သား ပူဇော်တင်ပြလိုက်ရပါတော့သည်။

ဝ



# မဟာသမယတရားတော် ငြိမ်းချမ်းမှုကို အစဉ်နှိုးဆော်

နယုန်လသည် မြန်မာဆယ့်နှစ်လရာသီဝယ် တတိယမြောက်လ ဖြစ်ပေသည်။ ထူးခြားဝိသေထူးဖြင့် ကြည်နူးနှစ်သက်အပ်သော လတစ်ပါးပင် ဖြစ်ပေသည်။ ဤလသည် မေထုန်ရာသီခွင်သို့ တက်ရောက်ပြီး ဟသ်ာတာရာ တောက်ရှူးလျက် ရောဟိဏီ၊ မိဂသီ၊ ဘဒြတည်းဟူသော နက္ခတ်တို့ဖြင့် စန်းယှဉ်ကာ ရာသီပန်းအဖြစ် စံပယ်ပန်းတို့ မွေးထုံလျက် သာယာတင့်တယ် လှပသော မိုးရာသီကို ကူးပြောင်းရန် ကြိုဆိုလျက်ရှိသော လပင် ဖြစ်ပေသည်။

ဤလရာသီတွင် ရေများခန်းခြောက်လျက်ရှိပြီး ချောင်း၊ မြောင်း၊ ရေအိုင်နှင့် သောက်ရေကန်များပါ ရေခန်းရေကုန်သောလဖြစ်ပြီး မိုးကို မျှော်လျက်ရှိနေသောလပင် ဖြစ်ပေသည်။ လယ်ယာစိုက်ပျိုးကြသူများနှင့် စိုက်ပျိုးရေးဖြင့် အသက်မွေးကြကုန်သောသူတို့သည် ဤလဝယ် မိုးမရွာသေးလျှင် မိုးကို တမ်းတမျှော်လင့်စောင့်စားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ထိုသို့သော အချင်းအရာတို့အား ဗုဒ္ဓမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူခြင်းကြောင့် ကပ္ပိလနှင့် ကောလိယ နှစ်နိုင်ငံတို့ကြား ရောဟဏီမြစ်၏ အလယ်ထက်ဖွဲ့၌ ကြွမြန်းရပ်တည် စံမြန်းသည်ကို နှစ်ဖက်နိုင်ငံတို့မှ ဖူးမြင်တော်မူကြရပြီး မိမိတို့၏ ရန်လိုမှုဖြင့် ကိုင်စွဲထားသော ဓား၊ လှံ လက်နက်တို့အား

စွန့်ပစ်ကြကာ လက်အုပ်ချီမိုးလျက် ဘုရားရှင်ဗုဒ္ဓမြတ်စွာ၏ ဆုံးမသော တရားတို့ဝယ် နှလုံးသွင်းသက်ဝင်ကြကာ တစ်ဖက်လျှင် မင်းသား(၅၀၀)စီ ရဟာန်းဘောင်သို့ ဝင်ရောက်ကြကာ ဘုရားရှင်ထံမှောက်၌ တရားတော် နာယူကြကုန်ပေတော့သည်။

နယုန်လပြည့်အခါကာလဖြစ်ပြီး ငြိမ်းချမ်းရေးတရားတော်ဖြစ်သည့် စရိုက်ခြောက်ပါးပါသော တရားတော်ခြောက်မျိုးတို့အား ငြိမ်းအေးသာယာ ကရားမှ ရေသွန်ချာဘိသကဲ့သို့ ဟောကြားသွန်သင် တရားတော်၏ အနှစ်သာရကို ညွှန်ပြဆုံးမတော်မူခဲ့လေသည်။ဤမဟာသမယသုတ် ဒေသနာတရားတော်တွင် တရားခြောက်မျိုး ဖြစ်ပါပေသည်။ သို့ရာတွင် ထိုတရားတော် မဟာသမယသုတ်တော်တရားတော်ကြီးသည် နတ်ဗြဟ္မာတို့ကို သွန်သင်ဆုံးမသောတရားပင် ဖြစ်ပေ၏။ ဤသည်ကို "မဟာသမယဆက်နွယ် သုတ်(၆)သွယ်" ဟူ၍ မှတ်ယူနိုင်ပါသည်။

ခြောက်သွယ်သော ဟောကြားထားသည့် တရားတော်တို့မှာ ရာဂစရိုက်ရှိသူ ရာဂစရိုက် ထူပြောသောသူ့တို့ကို သမ္မာပရိဗ္ဗာဇနိယသုတ်တော်ကို ဟောကြားပေးခဲ့သည်။ ဒေါသစရိုက် ထူပြောသောသူ၊ ဒေါသအဖြစ်များသူတို့အား ကာလဟာဝိဝါဒသုတ်တော်ကို ဟောကြားပေးခဲ့သည်။ မောဟစရိုက်ရှိသူ မောဟထူပြောသူတို့အတွက် မဟာဗျူဟာသုတ်တော် တရားတော်ကို ဟောပြခဲ့လေသည်။ ဝိတက်စရိုက်ရှိသူ ဝိတက်ထူပြောသူတို့အတွက် စူဠဗျူဟာသုတ်တော် ကို ဟောကြားပေးခဲ့သည်။ သဒ္ဓါစရိုက်ရှိသူ သဒ္ဓါအဖြစ်များသူတို့အတွက် တုဝဋ္ဋကသုတ်တော်ကို ဟောကြားဆုံးမပေးခဲ့သည်။ ဗုဒ္ဓိ စရိုက်ရှိသူ၊ ပညာအဖြစ်များသူ၊ ပညာဉာဏ်ကြီးသူတို့အား ပုရာဘေဒသုတ်တော် အစရှိသော သုတ်ခြောက်သွယ်ကို ဟောကြားတော်မူခဲ့ပါလေသည်။

နယုန်လပြည့်အခါနေ့ဝယ် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားမှ အလွန်ကြီးကျယ်မြင့်မြတ်ပေသော နတ်ဗြဟ္မာတို့အား ဆုံးမဟောကြားပေးခဲ့သော မဟာသမယသုတ်ခြောက်သွယ် ဟောကြားနေစဉ်မှာပင် သုတ်တစ်သုတ်ပြီးတိုင်း နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ရဟန္တာများ ဖြစ်ကြကုန်လေသည်။ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်ဖြစ်သူတို့ကား မရေတွက်နိုင်အောင် အလွန်များပြားကြောင်း ကျမ်းဂန်၌ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

ဤမဟာသမယတရားတော်သည် လူ နတ် ဗြဟ္မာ သန္တာန်တို့၌ စွဲငြိကပ်တွယ်နေသည့် အစွဲတရားတို့ကို ချိုးနှိမ်ပယ်သတ်သော တရားတော်ဖြစ်ပြီး နတ်ဗြဟ္မာတို့အပေါ် စရိုက်ခြောက်ပါးကို သွန်သင်ဆုံးမသည့်တရားတော်ပင် ဖြစ်သည်။ ထိုတရားတော်သည် နယုန်လပြည့်နေ့ဝယ် ဟောကြားနိုင်ခဲ့ခြင်းကြောင့် နယုန်လ၏ အထွတ်အထိပ်နေ့ နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ဟူ၍လည်း ရှေးကတည်းက အသိအမှတ်ပြုထားပါလေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ယခုနှစ်သာသနာတော်နှစ်မှသည် သာသနာ (၅၀၀၀) အခွန့်ရှည်ကြာ စောင့်ထိန်းပူဇော်နိုင်ကြစေရန် ဗုဒ္ဓဟောကြာထားသော မဟာသမယသုတ်တရားတော်အား တင်စားသမုတ်လျက် အစဉ်ထာဝရ ငြိမ်းချမ်းသာယာသော လူ့ဘဝကြီးကိုဖြစ်အောင် ရန်လိုမှု၊ အတ္တကြီးမှု၊ ဝိသမလောဘတို့မှ ကင်းဝေးပြီးငြိမ်းချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ဖော်ဆောင်နိုင်ကြစေရန် ရည်ရွယ်၍ ရေးသားပူဇော် တင်ပြလိုက်ရပါတော့သည်။

၀

## ရန်ပွဲအားလုံး ငြိမ်းစေသား
## ဗုဒ္ဓဟောကြား မြတ်တရား

နယုန်လအခါသမယသည် မြန်မာနှစ် (၁၂)လရာသီဝယ် တတိယ မြောက်လရာသီဖြစ်ပြီး မိုးဦးကြိုကာလ ဖြစ်ပေသည်။ ဤလရာသီကို မေထုန်ရာသီဟူ၍ ရှေးပညာရှိကြီးများက ခေါ်စမှတ်ပြုထားကြလေသည်။ မေထုန်ဟု ခေါ်ဆိုရခြင်းမှာ သူ့ရာသီနက္ခတ်တာရာမှာ လူပျိုနှင့်အပျို ပုံသဏ္ဍာန်အရုပ်ပုံနှင့် ဇေဌတာရာ သောက်ရှူးသော မိုးရန့်တို့နှင့် မြတ်လေး ပန်း၊ စံပယ်ပန်းတို့က ကြိုင်ကြိုင်လှိုင် မွှေးထုံလျက်ရှိသောလတစ်လ ဖြစ်ပါလေသည်။

ဤကဲ့သို့ အလွန်မှ သာယာငြိမ့်ငြောင်းသောလတစ်လ ဖြစ်ပါလျက် ရောဟဏီမြစ်ရေကို သူငါ ရရှိရေးအတွက် ရမက်လောဘ တရားတွေ ဖိစီးကြကာ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်မှ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ပွဲများ ကြီးလာကြပြီး စစ်ပွဲကြီး တစ်ခု ဖြစ်လာရသောအခြေအနေသို့ ဆိုက်ရောက်ခဲ့ပါသည်။

ထိုသို့ ရန်ပွဲများ ဖြစ်လာရခြင်းသည် ရောဟဏီမြစ်ရေကို ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့မှ သူရသင့်၊ ငါရသင့်ဟူသော

ပဋိပက္ခမှုကြီးများ ကြီးထွားလာခဲ့ကြပြီး ရေတစ်စက် ရလိုရေးရယ်မှ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒေါသမီးများ ဟုန်းဟုန်းတောက်ကာ စစ်မက်ဗိုလ်ပါများစွာ ချီတက်တိုက်ခိုက်တော့မည့်အခြေအနေသို့ ဦးတည်လျက် ရှိနေပါလေသည်။ မြစ်ကမ်းတစ်ဘက်နှင့်တစ်ဘက် စစ်သည်ဗိုလ်ပါရဲမက်များ အလုံးအရင်းဖြင့် စစ်ကြေးကြော်သံတို့ဖြင့် ဆူညံနေပါတော့သည်။

ဗုဒ္ဓမြတ်စွာ ဂေါတမဘုရားသခင်သည် ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်ကာ သတ္တဝါတို့အား ကြည့်ရှုတော်မူရာ လူသားတို့ အခြေအနေ မကောင်းပါကလား၊ အလွန်ဆိုးရွားသော လူသတ်ပွဲကြီးတစ်ခု ဖြစ်လာနိုင်သည်ကို မြင်သောအခါ ရောဟဏီမြစ်၏ အလယ်ဗဟို ကောင်းကင်အထက်တည့်တည့်၌ ရောင်ခြည်တော်ခြောက်သွယ် အလင်းဆောင်လျက် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူလျက် ရှိသောအခါ ကပိလဝတ်နှင့် ကောလိယတိုင်းသားတို့ နှစ်ဘက်စလုံးသည် ပါလာသော လက်နက်များကို စွန့်လွှတ်ကြကာ ဗုဒ္ဓမြတ်စွာဘုရားအား ရှစ်ခိုးဦးချလျက် ရှိပါလေတော့သည်။

ရန်လိုခြင်းကြောင့် နှစ်ဦးနှစ်ဘက်မှာ အကျိုးမရှိကြဘဲ ဒေါသမီးကြောင့် သေကြေပျက်စီးဆုံးရှုံးမှုများမှ ကင်းဝေးစေရန် ဗုဒ္ဓဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်မှ မဟာကရုဏာဖြင့် "အာဒိက္ခိသာမိဝေါ၊ ဘိက္ခဝေ" အစရှိသော (၆၃)ဂါထာတော်ဖြင့် မဟာသမယသုတ်(၆)သွယ် တစ်နည်းဆိုရသော် လူသားဘဝ ငြိမ်းချမ်းရေးတရားတော်များကို ဟောဖော်ညွှန်ပြဆုံးမခဲ့ပါလေတော့သည်။

ဤမည်သော သုတ်ခြောက်သွယ်သည် လူသားဘဝကို ငြိမ်းချမ်းရေးပေးနိုင်ကြောင်း၊ ကောင်းဆိုးနှစ်တန် ဝေဖန်ပိုင်းခြား သာဓကများထားကာ ဟောကြားတော်မူခဲ့သည်မှာ (၁) အရာမဟုတ်သည်ကို ငြင်းခုံရန်ဖြစ်နေ

ခဲ့ကြသော (ရက္ခစိုးနှင့်ဝက်ဝံတို့၏) နှစ်ဦးလုံး ပျက်စီးဆုံးရှုံးခဲ့ရပုံ၊ အကျိုးမရှိ နှစ်ဦးနှစ်ဘက် ရန်လိုမုန်းတီး ဒေါသသည်းထန်မှု သာဓက (၂) ကြားစကားကို ဝေဖန်ဆင်ခြင်မှုမရှိဘဲ မိုးပြိုပြီဟု အော်ပြေးသော ယုန်ကလေးတစ်ကောင်ကြောင့် တစ်တောလုံးရှိသတ္တဝါများ ပျက်စီးဆုံးရှုံးခဲ့ရပုံသာဓက၊ (၃)အင်အားကြီးသူက အင်အားနည်းသူအပေါ် အနိုင်အထက် မပြုသင့်ကြောင်း (နံ့ပြည်စုတ်ငှက်ကလေးက ဆင်ပြောင်ကြီးကို) နိုင်ခဲ့သော သာဓက၊ (၄)သတ္တဝါအားလုံး စည်းလုံးချစ်ကြည်မှ ဘေးကင်းစေမည့် သာဓက၊ (၅)စည်းလုံးညီညွတ်ခြင်းကြောင့် ပြင်းထန်သော လေဘေးအန္တရာယ်မှ ကင်းဝေးကြသော (သစ်ပင်၊ ဝါးပင်တို့၏ တစ်စုတစ်ဝေး) စုစည်းစွာ တည်ရှိမှုကြောင့် လေပြင်းဒဏ်မှ ကင်းဝေးခဲ့ကြပုံသာဓက၊ (၆)အတ္တသမ္မာ ပဏိမိစ- တစ်ဦးကိုတစ်ဦး ထိန်းသိမ်းစောင့်ရှောက်ကြခြင်းက ဘေးအန္တရာယ် မရှိကြပုံတို့ကို ရှင်းလင်းဟောဖော် သွန်သင်ကာ ညွှန်ပြဟောကြားခဲ့လေတော့ရာ နှစ်ပြည်ထောင်မင်းတို့မှာ လက်နက်များကို စွန့်ကာ တစ်ပြည်ထောင်နှင့်တစ်ပြည်ထောင် ရန်လိုမှုများ ပြေပျောက်ကာ ငြိမ်းချမ်းချစ်ကြည်စွာ နေထိုင်သွားကြကုန်လေတော့သည်။

နယုန်လသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် ဒေါသမီးလျှံတို့ကို ငြိမ်းစေကာ ပဋိပက္ခတို့မှကင်းဝေးရာ အလွန်မှ နှစ်သက်ကြည်နူးဖွယ်ကောင်းသော မိုးဦးကာလလေးပင် ဖြစ်ပါသည်။

ရှေးစာဆိုကြီးတို့က နယုန်လကို ဖွဲ့နွဲ့ထားသည်မှာ လွမ်းတသသဖြစ်စေရပါလေသည်။ စာဆိုရှင် လူဦးမင်းက ဤသို့ဆိုထားပါလေ၏။

**"စံပယ်ပုံပွင့် ကြက်ရုန်းငယ်ဆင့်လို့ နန်းမြင့်ဗိမာန် ဝေဧယန်ထက်**
**စံပြိုင်မှုရာ၊ သုဓမ္မာဝယ်၊ ဝိနယာရင်၊ ထေကြီးရှင်တို့**
**မြတ်သဃာ်ဂုဏ် စာပွဲတော်ကြုံဆဲမှာ"**

ဟုဆိုထားခြင်းကြောင့် နယုန်လတွင် စာပြန်တော်ပွဲများလည်း ကျင်းပခဲ့ပုံကို လေ့လာတွေ့ရှိရပါလေသည်။ ကင်းဝန်မင်းကြီး၏ သံပေါက်လင်္ကာဖြင့် ရေးဖွဲ့ထားပုံမှာလည်း-

"နယုန်မာသ၊ မေထုန်ကျ၊ ဓေဋ္ဌရောင်စုံကျင်း ဖြစ်သလိုရာသီ၊
မေထုန် လနယုန်ဝယ်၊ တိမ်ဘုံမိုးပ၊ ကြယ်ဓေဋ္ဌလည်း၊
လနှင့် မဝေးယှဉ်ပြိုင်ပြေးလို့"

ဟူ၍ နက္ခတ်တာရာ လရာသီကိုဖွဲ့ကာ သီကျူးထားပါလေ၏။ မဟာအတုလမင်းကြီးကလည်း-

"ရာသီငယ်မေထုန်ဆယ့်နှစ်လမို့ ဓေဋ္ဌပြောင်ရှိန်
တောက်လောင်ငယ်ထိန်သည့် ရာဇိန္ဒနတ်
ဝိင္ဂကတ်မှာ မပြတ်ကယ်ဆွတ်ခံ ညီလာခံလာသောအခါ
မိုလ်ခြံတဲ့ရွှေလယ်မှာ ငွေစံပယ်ဖြူမှုလေးက
မွှေးလှတယ်လေး"

ဟူသော ကဗျာပိုဒ်ကလေးကလည်း နယုန်လကို တင်စားစေ့ဆော်ပေးထားရပါလေ၏။ ဉာဏ်ဝန်ကြီး ဦးဖြေကလည်း နယုန်လ၏အလှကို ဖွဲ့ထားပုံထဲမှ ကောက်နုတ်တင်ပြရပါလျှင်-

"ပုဏ္ဏမာငယ်၊ ဟသ်ာပြည့်စက်ဝန်းသည့်ရက်ဝယ်၊
ယောမြွက်ကယ်စည်ရာ၊ ဘိမ္မောနှင့် မဟာသုတ္တန်၊
ဝိနယ်က၊ ဖန်ဖန်ပေးမှု၊ ဖြေဆေးရှုလော့"

ဟူ၍ နယုန်လ၌ မဟာသမယသုတ္တံကို ဟောမြွက်ပုံမှာ လူသားဘဝ ငြိမ်းချမ်းရေးဖြေဆေးဟူ၍ ဖွဲ့ဆိုထားခဲ့ပါလေသည်။

ကောလိယနှင့်ကပိလဝတ် နှစ်ပြည်ထောင်တို့၏ ရောဟဏီမြစ်ရေကို လုကြရာမှာ ရန်လိုခြင်း၏အပြစ်များကို ခွဲခြမ်းစိတ်ဖြာ၍ ဗုဒ္ဓမြတ်စွာ

ဘုရားမှ ဟောကြားဆုံးမခဲ့သော နယုန်၏ ပြည့်ဝန်းသော လပြည့်နေ့အခါ တော်ဝယ် မဟာဝုန်တောကြီးအတွင်း၌ မဟာ = ကြီးမြတ်ခြင်း + သမယ= အခါကာလပဲ ဖြစ်ပေသည်။ ယင်းမဟာဝုန်တောကြီးအတွင်း၌ ရဟန္တာနှင့် နတ်ဗြဟ္မာပေါင်းများစွာတို့ တစ်စုတစ်ဝေးတည်း အလွန်ကြီးမားသော စုစည်း မှုကြီးဖြင့် တရားနာယူခြင်းဖြစ်သောကြောင့် ယင်းနယုန်လပြည့်နေ့အား မဟာသမယအခါတော်နေ့ဟူ၍ ယနေ့တိုင် သတ်မှတ်ပူဇော်ကြခြင်း ဖြစ်ပါ လေ၏။

သက်ရှိသတ္တဝါများ အထူးသဖြင့် လူသားတို့၏ ဘဝဝယ် ရန်းရင်းဆန်ခတ်၊ ပဋိပက္ခ၊ စစ်မက်များမှ ကင်းဝေးစေပြီး ငြိမ်းချမ်းသာယာ အေးချမ်းသော ဘေးဘယာအပေါင်းမှ ကင်းဝေးစေကြောင်း တရားတော်မှာ မဟာသမယသုတ်တရားတော်ပင်ဖြစ်ပါကြောင်း လေ့လာမှတ်သားကြရ ပါပေမည်။

ထို့ကြောင့် ယနေ့ကမ္ဘာပေါ်ရှိ လူသားအပေါင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့၏ လေးစားလိုက်နာ ယုံကြည်မှုများ ကျင့်သုံး ဆောက်တည်ကြရမည့် တရားတော်များထဲတွင် မလွဲမသွေ ကျင့်သုံးပွားများ ရမည့်တရားတော်မှာ မဟာသမယသုတ်(ဖ)သွယ်ပင် ဖြစ်ပါပေသည်။ သို့ပါ၍ လူ့ဘဝတစ်လျှောက်လုံး အေးချမ်းသာယာစွာ နေနိုင်ရေးမှာ ငြိမ်းချမ်းရေးရှိမှုဖြစ်မည်ကို တွေ့ရှိရပါ၍၊ မဟာသမယသုတ်ကို ပွားများ ကျင့်သုံးခြင်းကြောင့် လူသားတို့၏ဘဝ ထာဝရငြိမ်းချမ်းပေလိမ့်မည်။ ရန်ပွဲမုန်သမျှ မရှိကြဘဲ အစဉ်ထာဝရ ငြိမ်းချမ်းသာယာသော လူ့ဘဝကြီးကို ရရှိခံစားနိုင်ကြပါပေမည်ဟု ယုံကြည်လျက် ရေးသားတင်ပြလိုက်ရပါတော့ သတည်း။

○


2018

## သစ္စာရှုမြင် ဗုဒ္ဓဝင်

မြန်မာနှစ် တစ်ဆယ့်နှစ်လရာသီတွင် ဝါဆိုလသည် စတုတ္ထ မြောက်သည် လေးလအဝင် ရာသီခွင်မှာ ကရကဋ်ရာသီ မိုးလဆီသို့ သက်ဆင်းသောကာလသို့ ရောက်လေပြီ။ အနောက်တောင်လေက တသုန်သုန် တိုက်ခတ်လျက်ရှိပြီး ပုန်းညက်ပန်းရနံ့တို့နှင့်အတူ စွတ်စိုအေးမြ သည့်ရာသီဖြစ်သလို ဗုဒ္ဓဘာသာဝင်တို့၏ အလွန်နှစ်သက်မြတ်နိုး တန်ဖိုး ထားသည့် ဗုဒ္ဓဝင်လလည်း ဖြစ်ပေသည်။

ဝါဆိုလရာသီသည် မိုးကလည်းသည်း၊ ဒီရေကလည်း တိုး သည့်လ၊ **"ဝါဆို, ဝါခေါင် ရေဖောင်ဖောင်"**ဆိုသည့်အတိုင်း မိုးလွန်စွာ ရွာသွန်းသည့်လ ဖြစ်ပေသည်။ ထိုရာသီဝယ် စိုက်ပျိုးရေးသမားတို့သည် စိုက်ကြပျိုးကြရသောကာလလည်း ဖြစ်ပေသည်။ အလွန်မှ တန်ဖိုးကြီးပေ သော မိုးလရာသီ ဖြစ်ပေသည်။ ပို၍တန်ဖိုးထား လေးမြတ်ရသောလဟု ဆိုရမည့်မှာ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသည် သစ္စာတရားအမှန်ကို ထိုးထွင်းသိမြင်နိုင်သောတရား ဓမ္မစကြာတရားတော်ကို မိဂဒါဝုန်တော အတွင်း သီတင်းသုံးနေတော်မူကြကုန်သော ပဉ္စဝဂ္ဂီငါးဦးအစုရှိသည့် **"ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနံ၊ အဿဇိ"**စသော ရဟန်းတို့အား ဟောဖော်ညွှန်ပြ ဆိုဆုံးမသောလမှာ ထိုဝါဆိုလပြည့်နေ့တွင် ဟောကြား ခဲ့ခြင်း ဖြစ်ပါပေသည်။

ဤလတွင် ဝါဆိုပွဲကိုလည်း မြန်မာဗုဒ္ဓဘာသာနွယ်ဝင်တို့ ကျင်းပမြဲ ဖြစ်လေသည်။ လရာသီဥ္စပျော်သော ပွဲတော်မှာ ပဥ္စင်းခံသည့် ဝါဆိုပွဲပင် ဖြစ်ပေသည်။

ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် ရှိသေကြည်နူးဖွယ်ရာ သံရုစ်ဖြာဖြင့် ပဥ္စဝဂ္ဂီငါးပါးသော ရဟန်းတို့အား နေဝင်လထွက် ဓမ္မစကြာဟု ဆိုရိုးရှိခဲ့သည့်အတိုင်း သစ္စာ(၄)ပါး မြတ်တရားဖြစ်သည့် ဒုက္ခသစ္စာ၊ ခန္ဓာရှိလျှင်၊ ဒုက္ခရှိကြောင်း၊ အမှန်တရားလို့ ဖော်ညွှန်းဟောကြားသောတရားတော်၊ သမုဒယသစ္စာ= ငြိတွယ်မှု၊ တွယ်တာမှု သံယောဇဉ်တို့သည် ဒုက္ခဟူ၍ ဟူသော အမှန်တရားကို ဟောဖော်ညွှန်ပြဆုံးမခဲ့သော အဖိုးအနဂ္ဃ ထိုက်သည့်တရားတော်၊ နိရောဓသစ္စာ- တဏှာတပ်မက်ခြင်းနှင့်ယှဉ်သော ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့၏ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကို နိရောဓဟု ဟောပြခဲ့ခြင်းကြောင့် ပဥ္စဝဂ္ဂီငါးပါးတို့မှ အမှန် (သစ္စာ)ကိုမြင်ကာ အရိယာသူတော်စင်အဖြစ်သို့ ပြောင်းလဲခဲ့ပါလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ထိုသစ္စာလေးပါးကို အစဉ်လိုက် ဟောကြားဆုံးမတော်မူရာ နောက်ဆုံး မဂ္ဂသစ္စာတရားတော်သည် အကျိုးသစ္စာ၊ နိရောဓသစ္စာပေါ် အခြေတည်ကာ အကြောင်းသစ္စာတည်းဟူသော ဒုက္ခနိရောဓဂေါမိနီ ပဋိပဒါ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကောင်းကို ရှုမြင်ကျင့်သုံးနေခြင်းဖြင့် ပဥ္စဝဂ္ဂီငါးဦးနှင့် စကြာဝဠာတိုက်တစ်သောင်းမှ နတ်အပေါင်းတို့သည် မနောကြည်လင်ကာ အရိယာသူတော်စင်များ ဖြစ်ခဲ့ကြောင်းကို အကျဉ်းမျှ ဖော်ပြအပ်ပါသည်။

ထို့အတူ ယနေ့ အမျိုးကောင်းသား/သမီးတို့ကလည်း အမှန်ထိုးထွင်း အလင်းကို ရှုမြင်နိုင်သည့် သစ္စာတရားတော် ဓမ္မစကြာတရားတော်ကြီးအား ဆင်ခြင်သုံးသပ် သရဏ္ဍယ်ပွားများနိုင်ကြပါစေကြောင်း ဗုဒ္ဓဝင်

နေ့တစ်နေ့ဖြစ်သော ဝါဆိုလပြည့်နေ့ကို ဖော်ညွှန်းတင်ပြရခြင်း ဖြစ်ပေသည်။

ထိုဝါဆိုလပြည့်နေ့သည် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင် သန္ဓေယူသောနေ့ဖြစ်ခြင်း၊ ဂေါတမအလောင်းတော် သိဒ္ဓတ္ထမင်းသား သံဝေဂရတော်မူ၍ အနော်မာသောင်သို့ တောထွက်သောနေ့ဖြစ်ခြင်း၊ မိဂဒါဝုန်ဂနိုင်တော၌ စံပျော်လျက်ရှိသော ပဉ္စဝဂ္ဂီငါးပါးအား အမှူးထားလျက် သစ္စာလေးပါး မြတ်တရားဖြစ်သည့် ဓမ္မစကြာဒေသနာကို တစ်သောင်းသော စကြာဝဠာတိုက်မှ နတ်ဗြဟ္မာတို့ကိုပါ ဟောကြားဆုံးမတော်မူခဲ့ခြင်းကြောင့် ဤလောကကြီး၌ အကြောင်းအကျိုး အကောင်းအဆိုးများကို သိမြင်ကြရပြီး၊ အမှားနှင့်အမှန် ခွဲခြားစိတ်ဖြာနိုင်ခဲ့ကြပါပေသည်။ ကုသိုလ်၊ အကုသိုလ်၊ အကျိုးအပြစ်တို့ကိုလည်း နားလည်သဘောပေါက်ကြကာ များမြောင်သော လူ့ဘောင်ဘဝကြီး၏ ဖြောင့်မတ်သောလမ်းစဉ်ကို တွေ့မြင်ကြရပါပေသည်။

မြတ်စွာဘုရား ဓမ္မစကြာတရားဟောကြားသော ပုဂ္ဂိုလ်များထဲတွင် လူသားစင်စစ် ပဉ္စဝဂ္ဂီငါးပါးတို့မှာ ရဟန္တာများအဖြစ်သို့ သစ္စာလေးပါး တရားတော်ကို ထိုးထွင်းသိမြင်ခဲ့ကြပါပေသည်။

ဝါဆိုလကို စဉ့်ကူးမင်း၏ မိဖုရားရှင်မင်း၏ သံဝေဂ လေးဆစ်သဖြန်လေးက ဤသို့ ဆိုထားပါသည်။

> **"ပြူမှာသာဥ္ဓ ကြယ်ထွန်းလို့ လဝန်းတဲ့သော်တာ သည်ချိန်ကို**
> **ယုဂန်ဖျားက နှစ်ပါးရောင်ဆိုက် လင်းခိုက်မို့သာ ရန့်ငယ်ဖြာ**
> **ညှာတံကင့်ဖူး ပုန်းညက်ကာယ် ခိုင်ပင်မင်းက သင်းပျံ့ပျံ့ကျူး"**

ဟူ၍လည်းကောင်း မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းများထဲမှ ဝါဆိုလလွမ်းချင်းဖြစ်သည့် လွမ်းချင်းကို ကောက်နုတ်တင်ပြရပါလျှင်-

"ဆင်တာရာငယ်၊ ရာသီကရကာင့်၊ နရီဖွာလည်း၊
ညာတောင်နတ်နှင့် ဖိုလ်မြတ်ကဿပ်နိဗ္ဗူ၊ အောင်ဆုပယူလို့၊
ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းခံသောအခါ ရေလျှံတဲ့ ဝါဆိုမှာ
ပုန်းညက်ညှိမာလာကမ်းက သင်းလှတယ်လေး"

စသည်ဖြင့် ဝါဆိုလ၌ ပွဲတော်ကျင်းပပုံ၊ ဘာသာသာသနာ ထုံးဓလေ့ပုံ၊ ဒီရေတက်သည့်အနေအထား စသည့်ဖြင့် ဖော်ကျူးစပ်ထားသည်မှာ အလွန်မှ နှစ်သက်ကြည်နူးဖွယ် ဖြစ်ရပါလေသည်။

ထို့ကြောင့် ဝါဆိုလ မိုးဥတုရာသီသို့ရောက်လျှင် အေးချမ်းစိုပြေသော၊ ငြိမ်းအေးသော၊ သာယာချမ်းမြေ့သော လူ့ဘောင်ဘဝကို မျှော်တွေးကြကာ ဂေါတမဗုဒ္ဓမြတ်စွာ ဘုရားသာမက ရှေးရှေးသော ဗုဒ္ဓဘဂဝါတို့ ဟောကြားမြဲဖြစ်သော ဤဓမ္မစကြာတရားတော်၊ သစ္စာလေးပါးတရားတော်ကို နှလုံးသွင်းပွားများကြရင်း ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် အရှည်တည်တံ့ပွားများစေရေး၊ အမှန်ကို ထိုးထွင်းသိမြင်ကြကာ အစဉ်သဖြင့် ကျင့်ကြံကြိုးကုတ် ပွားများဆောက်တည်လျက် နူးညံ့တည်ငြိမ်စွာ နှလုံးသွင်းကောင်းသည့် သူတော်ကောင်းများ ဖြစ်ကြပါစေလို့ ရည်သန်ကာ ရေးသားပူဇော်တင်ပြလိုက်ရပါတော့သည်။

၀

# ထူးခြားသည့် လဝါဆို

မြန်မာနှစ်၏ စတုတ္ထမြောက်လသည် ဝါဆိုလပင် ဖြစ်ပေသည်။ ရာသီခွင်မှာ ကရကဋ်ရာသီတွင်း သက်ဆင်းကာ ရာသီပန်းများဖြစ်သည့် မြတ်လေးပန်းနှင့် ခတ္တာပန်းတို့မှာ သင်းထုံကြိုင်လှိုင်စွာ ပွင့်ဝေနေကြပြီး မိတ်ဖက်ပန်းများဖြစ်သော ပုန်းညက်ပန်း၊ သရဖီပန်း၊ ဝါဆိုပန်းတို့မှာလည်း တင့်ဆန်းလျက် ရှိနေပါပေသည်။ ဤလတွင် ပွဲတော်တစ်ရပ်အနေဖြင့် ဝါဆိုသည့်ပွဲတော်ကို ဗုဒ္ဓဘာသာနွယ်ဝင်သူတို့သည် (ပဋ္ဌင်းခံ) ရဟန်းခံ ဝါဆိုပွဲကို ကျင်းပပူဇော်လေ့ ရှိပါပေသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာနွယ်ဝင်တို့သည် ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်၏ ဖြစ်စဉ်တော်၌ ဝါဆိုလပြည့်နေ့သည် မိခင်ဖြစ်သူ မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အနော်မာသောင်တွင် တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ပထမဦးဆုံး တရားတော်ဖြစ်သော ဓမ္မစကြာဒေသနာကို ပဥ္စဝဂ္ဂီငါးပါးဖြစ်သည့် ကောဏ္ဍညာ၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတည်းဟူသော ထေရ်ကြီးငါးပါးတို့အား ကရုဏာမှ ရေသွန်ဘိသကဲ့သို့ ဟောကြားသွန်သင်ခဲ့သောနေ့ လရာသီပင် ဖြစ်ပေသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့်နေ့ ညနေချမ်းချိန်ခါတွင် နေဝင်ရိုးရီ နေလုံးမှာ ဝင်စအချိန်၊ ပြည့်ဝန်းသော လပြည့်ဝန်းကြီးကလည်း အေးချမ်းမှုကိုဆောင်ကာ ပြည့်ဝန်းစွာ ထွက်ပြူစအချိန် လူသားစင်စင်ဖြစ်ပေသည့် ပဥ္စဝဂ္ဂီငါးဦးတို့အား အမျှုးပြုလျက် စကြာဝဠာတိုက်တစ်သောင်းမှ ကြွရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့အား သစ္စာတရားတည်းဟူသော ဓမ္မစကြာဒေသနာတော်မြတ်ကြီးကို ထူးခြားသောဝိသေသတို့ဖြင့် သာယာနာပျော်ဖွယ် အသံတော်ရှစ်ဖြာဖြင့် ဟောကြားသွန်သင်ပြသခဲ့ပေသည်။ ထိုပဥ္စဝဂ္ဂီငါးပါးတို့သည် တရားတော်အဆုံး၌ ရဟန္တာကြီးများဖြစ်ခဲ့ကြသည်ကို ဗုဒ္ဓဝင်၌ လေ့လာတွေ့ရှိခဲ့ရပါလေသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်စဉ်တော် နေ့ထူးနေ့မြတ်နှင့် တိုက်ဆိုင်သလို လောကဓမ္မအမှန်ကို ဖော်ထုတ်ညွှန်းပြဟောကြားပေးသော သစ္စာလေးချက် အဓိကတရားတော်ပင် ဖြစ်ပါ၏။ အယုတ်တရား အမြတ်တရားတို့က သေချာ ပိုင်းခြား စိတ်ဖြာ ဆုံးမထားသည့် အဓိကတရားတော်ပင် ဖြစ်ပါ၏။ အယုတ်တရား၊ အမြတ်တရားတို့က သေချာ ပိုင်းခြား စိတ်ဖြာ ဆုံးမထားသည့်အတွက်ကြောင့် ဓမ္မစကြာတရားတော်ဟူ၍ ထင်ရှားခဲ့ပေသည်။ အကျဉ်းကို ထုတ်နုတ်တင်ပြရပါလျှင် ကာမသုခလ္လိကာ နုယောဂေါ= ကိုယ်ကာယအကျိုးကို မျှော်ကိုးပြီး ပြုဆောင်ခြင်းနှင့် အတ္တ ကိလမထာနုယောဂေါ - မိမိ၏ ကိုယ်ကာယကို ညှဉ်းပန်းနှိပ်စက်ဘိသကဲ့သို့ ပြုဆောင်ခြင်းတို့အား အယုတ်တရားများဖြစ်သည်ကို ခွဲခြား ဖော်ထုတ် ဟောပြထားခဲ့ပေသည်။

ထို့အတူ အမှန်ကို ရှုမြင်ဆင်ခြင်ကြစေရန် မဂ္ဂင်ရှစ်ပါး သာသနာတော်ဖြစ်တည်ကြောင်းကို သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာ ဝါယမော၊ သမ္မာသတိ၊ သမ္မာ

သမာဓိတည်းဟူသော မဂ္ဂင်ရှစ်ပါး သာသနာတော်ကို အထူးသိမြင်ပွားများ ကျင့်ကြံနိုင်စေရန်နှင့် အမြတ်တရားတည်းဟူသော သစ္စာလေးပါးဖြစ်သည့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော လေးပါးသောအမြတ် အဆက်မပြတ် ဟောကြားပြီးဆုံးခဲ့သောနေ့မှာလည်း ဝါဆိုလပြည့်နေ့ပင် ဖြစ်ပါတော့သည်။

ဝါဆိုလ၏ တင့်ဆန်းသာယာပုံကို ဝန်ကြီးပဒေသာရာဇာ၏ ဆယ့်နှစ်လရာသီဘွဲ့တေးသွားထဲမှ ကောက်နုတ် ဖော်ပြရပါလျှင်-

**"ပုန်းညက်သရဖီ၊ ပွင့်ချပ်ညီသား၊ ရာသီခေါ်မှတ်ကရကဋ်ဝယ်၊**

**ဆုမြတ်ရည်ရော် ပဥ္စင်းတော်ကို၊ ရှုမြင်ဖွယ်ချင်သည် သဘင်မှာ၊**

**သားရှင်ကူမ ဖူးမြင်ကာနူးလှလေး"**

ဟူ၍ ရေးသားဖွဲ့ဆိုထားခြင်းကို လေ့လာကြည့်မည်ဆိုပါလျှင် ဝါဆိုလရာသီ မိတ်ဖက်နှင့် တောပန်းများသည် ရာသီနက္ခတ်တို့ တင့်ဆန်းဝေဆာနေပုံ ဒီကာလမှာ သားရှိသော မိသားစုတို့သည် ဝါဆိုပွဲတော်ဖြစ်သော (ပဥ္စင်းခံ) ရဟန်းခံသည့်ပွဲတော်ကို ခြိမ့်သည်းစွာ ဆင်နွှဲလို၍ သားရှင် ရဟန်းတို့ ပါရမီဖြည့်ပါမှ လေးနက်ဖွယ်စွာ ဝါဆိုပွဲတော်ကို နွှဲပျော်ကာ ဖူးမြင်ကြည်နူးရပေမည်ဟူ၍ ဖွဲ့ဆိုထားပုံကို ပီတိရွှန်းစွာ ခံစားရင်း ဖော်ပြအပ်ပါပေသည်။

ထို့အတူ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီ ဘွဲ့လွမ်းချင်း ထဲမှ ကောက်နုတ်ကာ တင်ပြရပါလျှင်လည်း-

**"ဆင်တာရာငယ်၊ ရာသီကရကဋ်၊ နရိန္ဒာလည်း၊**

**ညာတောင်နတ်နှင့် ဗိုလ်မြတ်ကယ်နီဗ္ဗူ၊ အောင်ဆုယူလို့၊**

**ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊**

**ပုန်းညက်ညို မာလာမင်းက သင်းလှတယ်လေး"**

ဟူ၍ ဖွဲ့နွှဲ့ထားခြင်းမှာ မြန်မာမှု ဗုဒ္ဓဘာသာယဉ်ကျေးမှု တောလေ့

ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုသည့်စာသားနှင့် ညီပါပေသည်။ ပရိက္ခရာရှစ်ပါး စုံလင်စွာနှင့် ပဥ္စင်းခံကာ အနောက်တောင်အရပ်မှ မိုးများ ပိတ်မှောင်ကာဆင်လာသည့်ကာလ နှိုဗ္ဗာန်ကို ရည်စူးရပာန်းခံကာ ဝါဆိုပွဲကို ပုန်းညက်ပန်း၊ မာလပန်းကုံးတို့က သင်းထုံစွာ ဂုဏ်ပြုနေပါတော့သည်ဟု ဖွဲ့ထားခြင်းက မြန်မာမှုနယ်ပယ်မှာ အလွန်ပင် တင့်တယ်ဂုဏ်ယူစရာပင် ဖြစ်ပါပေသည်။

ထိုနည်းတူစွာ စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လရာသီ ဘွဲ့အဲချင်းများမှာ ကရကဋ်ရာသီ ဝါဆိုလဘွဲ့ အဲချင်းထဲက ကောက်နုတ်တင်ပြရမည် ဆိုပါလျှင်-

**"စက်ရှိန်ညီလို့၊ ရွှေသီတ ဝှနယ်က၊ တိမ်စွန်မှာ ညို့သည်၊ ဝါဆိုကို ပဥ္စင်းခံပွဲနှင့် မြင်သူများငိုရအောင်၊ အဖိုအဲချ၊ အမအဲတိုင်၊ ပွင့်တတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ် ရီသည်၊ မြစ်နဒီရေပြည့်လို့၊ ဝဲလှည့်သံသဲ"**

ဟူသော အချက်တို့အား ကောက်နုတ်တင်ပြရပါလျှင် ဝါဆိုကာလသည် သူ့ရာသီချိန်စက်အတိုင်း မိုးများသောလဖြစ်ပေရာ၊ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတို့၏ ထုံးတမ်းစဉ်လာ ဝါဆိုကာလဝယ် ပဥ္စင်းခံကာ ရှင်ပြုဝါဆိုပွဲကို ရတု၊ ရကန်၊ အတိုင်အဖောက်တိုင်ကြရာဝယ် မြင်သူတို့ ငိုရလောက်အောင် သံပြိုင်ရီအချဆိုကြသည်ကို ဖွဲ့နွဲ့ထားသလို မြစ်ပြင်တရိုးနှင့် လယ်ရိုးတခွင် ရေပြည့်ကာလျှံလို့ ဝဲရိုက်သံညံနေသည်မှာ တောဝေ့ဝါဆိုလ၏ အလွမ်း ပုံရိပ်ကို ဖော်ညွှန်းပြနေပါလေသည်။

ထို့ကြောင့် ဝါဆိုလသည် အေးမြသော မိုးဦးကာလ သစ်ပင် စိုက်ပျိုးရာလဖြစ်သလို မြန်မာတို့၏ အသက်သွေးကြော ဆန်စပါးကို စိုက်ပျိုးသည့်လလည်း ဖြစ်ပေသည်။ ဗုဒ္ဓဘာသာနွယ်ဝင်တို့အတွက်

လူသားဘဝ ပျိုးထောင်ရာ ဓမ္မစကြာဒေသနာကို ဗုဒ္ဓမြတ်စွာဘုရားက ဝါဆိုလပြည့် ညနေချမ်း ဆည်းဆာအချိန်မှာ ဟောမြွက်ခဲ့ကြောင်း ဗုဒ္ဓဝင်ကျမ်းအစောင်စောင်က ပြဆိုထားခဲ့ပေသည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ ဖြစ်စဉ်တော်အတိုင်း (သန္ဓေ၊ တောထွက်၊ ဓမ္မစက်) ဟူသော စာစဉ်အတိုင်းပင် ထူးမြတ်ပေသော ဝါဆိုလ၏ ထူးခြားမြင့်မြတ်သောနေ့ဟု ခံယူကာ အများကြည်ညို သဒ္ဓါပွားနိုင်စေရန် စိတ်ရည်သန်၍ 'ထူးမြတ်ပေလ ဝါဆိုလ' ဟူ၍ တင်စားရေးသား ပူဇော်လိုက်ရပါတော့သတည်း။

ဝ

## တရားဦး ဓမ္မစကြာ

ဗုဒ္ဓဂေါတမ မြတ်စွာဘုရားသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အထူးပင် ကျေးဇူးကြီးမြတ်လှသော လမ်းမှန်ကို ညွှန်ပြပေးပါသော မြတ်စွာဘုရားပင် ဖြစ်ပါသည်။ ကျေးဇူးရှိမည့်သူ့အား တုံ့ပြန့်ပေးရမည်နည်းဟု ဘုရားတို့၏ အသိဉာဉ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူရာ တရားဖြင့် ကျေးဇူး တုံ့ပြန်ရမည့် ပုဂ္ဂိုလ်နှစ်ဦးဖြစ်သော အာဠာရနှင့်ဥဒကတို့သည် ဗြဟ္မပြည် အရူပဘုံတွင် ရောက်ရှိသောကြောင့် တရားဦးဟော၍ မဖြစ်နိုင်ဟု ကြည့်တော်မူလေရာ ပဥ္စဝဂ္ဂီငါးပါးကိုသာ အရင်ဆုံး တွေ့မြင်သည်ဟု ပြဆိုထားပါသည်။ နတ်ဗြဟ္မာများ၏အလယ်တွင် လူသားစင်စစ် ပဥ္စဝဂ္ဂီ ငါးဦးသာ ဤတရားဦးဓမ္မကြာဒေသနာကို ပထမဦးဆုံး နာကြားခွင့်ရခဲ့ သည်ဟု ကျမ်းဂန်၌ လေ့လာတွေ့ရှိရပါသည်။

ထိုပဥ္စဝဂ္ဂီငါးပါးတို့မှာ **"ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနံ၊ အဿဇိ"** ဟူ၍ ငါးဦးသောရဟန်းတို့ ဖြစ်ကြပါလေသည်။ ဂန္ဓာရုံဆရာ တော်ဘုရားကြီးပြုစုသော ကျမ်းဂန်အရ ကောက်နုတ်တင်ပြရသော် နတ်ဗြဟ္မာတွေဟာ (၁၈) ကုဋေရှိသည့်အထဲဝယ် လူသားငါးဦးပင် ရှိလေ၏။ ထိုကဲ့သို့သော တရားဦးဓမ္မစကြာဒေသနာကို ရှေးရှေးသော ဘုရားရှင် တို့ကလည်း ဤနေရာ၊ ဤဒေသမှာပင် ရှေးဦးစွာ ဟောဖော်ညွှန်ပြဆုံးမ ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း မှတ်သားပူဇော်ရပါသည်။

ဤတရားဦးဓမ္မစကြာတရားတော်ကို ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်မှ ဟောဖော်ညွှန်ပြဆုံးမပေးတော်မူပါရန် သဟမ္ပတိဗြဟ္မာ မင်းကြီးမှ ဗုဒ္ဓမြတ်စွာဘုရား ခုနစ်သတ္တဟ လွန်ပြီးသောအခါ အဇပါလ ညောင်ပင်အောက်ဝယ် သီတင်းသုံးတော်မူနေရာ၌ လျှောက်ထားတောင်းပန် ခဲ့ခြင်း ဖြစ်ပေသည်။ ဓမ္မစကြာတရားတော် ဟောသောအခါမှ တောင်းပန် လျှောက်ထားခဲ့ခြင်းမဟုတ်ကြောင်း လေ့လာသိရှိရပါသည်။

ဤကဲ့သို့ မွန်မြတ်လှသော တရားဦးဒေသနာ ဓမ္မစကြာတရား တော်အား ဟောကြားရာဒေသကား ဗာရာဏသီပြည်မွန်မှ မိဂဒါဝုန်တော၌ ကောင်းမြတ်တော်မူသော သံရှစ်ဖြာဖြင့် အလွန်မှ သပ္ပါယ်လှစွာ ဟောပြဆုံးမ သော အချိန်အခါသည် နေဝင်တော့မည့်ဆဲဆဲ နေဝင်ခါနီးအချိန် ဆည်းဆာ နေရီရီမှာ နီဝန်းသော နေလုံးကြီးကလည်းရှိနေဆဲ၊ လဝန်းကလည်း အစောကြီးပေါ်ထွက်လာသည့် ကာလအချိန်တွင် အလွန်မှ ကြည်နူးနှစ်လို ဖွယ်ကောင်းသောအချိန်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါလေသည်။

ဤဓမ္မစကြာတရားတော်ကြီးထဲမှ အချို့ကို ထုတ်နုတ်တင်ပြ ရေးသားပူဇော်ရပါလျှင် အယုတ်တရား အကျင့်နှစ်မျိုးကို ရှောင်ကြဉ်ရန်နှင့် အမြတ်တရားတစ်ပါးကို ကျင့်ကြံရန် ဖြစ်ပါလေသည်။ အယုတ်တရား နှစ်ပါးမှာ ကာမသုခလ္လိကာနုယောဂအကျင့်သည် လောကီကာမ ချမ်းသာ ဂုဏ်ကို ခံစားပြီး ကျင့်ကြံနေထိုင်သောအကျင့်ကို ရှောင်ကြဉ်ရမည်။ နောက်တစ်ခုကား အတ္တကိလ မထာန ယောဂဟူ၍ ဆိုးယုတ်သော အကျင့်များ ဖြစ်ပါ၏။ ကာမသုခလ္လိကာ နုယောဂအကျင့်သည် လောကီ ကာမချမ်းသာဂုဏ်ကို ခံစားပြီး ကျင့်ကြံနေထိုင်သောအကျင့်ကို ရှောင်ကြဉ် ရမည်။ နောက်တစ်ခုကား အတ္တကိလမထာန ယောဂအကျင့်သည်

အပင်ပန်းခံကာ ကိုယ့်ကိုယ်ကို နှိပ်စက်သကဲ့သို့ ကျင့်သောအကျင့်သည် ကောင်းသောအကျင့်မဟုတ်ဘဲ ဆင်းရဲတာပင် အဖတ်တင်ပြီး အကျိုးမရှိကြောင်းကို ဗုဒ္ဓမြတ်စွာဘုရားက ဆုံးမထားခဲ့ပါလေသည်။

ကျင့်အပ်သော ကျင့်စဉ်တစ်ခုကား မရှိုမပင္ရီပဒါမည်သော အလယ်အလတ်ကျင့်အပ်သော ကောင်းမြတ်သည့်တရားဖြစ်ပြီး အစွန်းနှစ်ပါးကိုရှောင်၍ ကျင့်သောအကျင့်ကောင်းပင် ဖြစ်ပေသည်။ ဤကောင်းသောမြတ်သောအကျင့်မှ မဂ္ဂင်ရှစ်ပါးသာသနာတော်ကို ကြည်ညိုလာကြပေမည်။ ထို့ပြင် သစ္စာလေးပါး မြတ်တရားကို သိပွားလာကြပါပေမည်ဟု ဓမ္မစကြာတရားတော်မှ လေးမြတ်စွာ ပူဇော်ကြရပါလေသည်။

မဂ္ဂင်ရှစ်ပါးသည် သမ္မာဒိဋ္ဌိ = ကောင်းမြတ်သော အယူရှိခြင်း၊ သမ္မာသင်္ကပ္ပ = ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် ကြံစည်တွေးတောခြင်း၊ သမ္မာဝါစာ = ကောင်းမြတ်သောစကားကိုသာ အစဉ်ပြောဆိုခြင်း။ သမ္မာကမ္မန္တ - ကောင်းမွန်သောအလုပ်၊ တရားသောအလုပ်၊ မျှတသောအလုပ်ကိုသာ လုပ်ဆောင်ရမည်။ သမ္မာအာဇီဝ = မိမိအသက်မွေးဝမ်းကျောင်းရာတွင် မတရားသောအမှုကို ရှောင်ကြဉ်ကြပြီး ကံငါးပါးကိုစောင့်ထိန်း၍ အသက်မွေးဝမ်းကျောင်းကြရန်၊ သမ္မာဝါယာမ = ကောင်းမြတ်သော အကြောင်းတရားတို့ကိုအား လုံ့လစိုက်ထုတ်ခြင်း၊ သမ္မာသတိ = အကုသိုလ်တရားတို့ကို ရှောင်ကြဉ်၍ ကောင်းမွန်မှန်ကန်သော သတိအမြဲရှိနေကြရမည်။ သမ္မာသမာဓိ = တည်ကြည်မှန်ကန်သော စိတ်နှလုံးကို အစဉ်စောင့်သိနေထိုင်ကြခြင်းတို့သည် ဘုရားဟောကြားခဲ့သော ဓမ္မစကြာတရားတော်၌ လေးမြတ်စွာ ပူဇော်ကြရပါပေမည်။

ဤကဲ့သို့ မဂ္ဂင်ရှစ်ဖြာတရားကို မမိုတ်မသုန် ကျင့်သုံးစောင့်ထိန်းကြပါလျှင် သစ္စာလေးပါးကို မြင်နိုင်ပေသည်ဟူ၍ ဟောကြားဆုံးမတော်မူ

ခဲ့ပါလေသည်။ သစ္စာဟူသည်မှာ အမှန်တရားကိုသာ ရှုမြင်ပေမည် ဖြစ်ကြောင်း လေ့လာမှတ်သား ကြည်ညိုရပါပေသည်။

သစ္စာလေးပါးသည် ဒုက္ခသစ္စာ- ဒုက္ခမျိုးစုံ တွေ့ကြုံခံစားရခြင်း၊ သောကဒုက္ခတို့ကို ရှုမြင်ခြင်း၊ သမုဒယသစ္စာ = သံသရာ၌ သမုဒယ နှောင်ဖွဲ့ခြင်းသဘောကြောင့် ဒုက္ခတွေ ရောပြွန်းစွာသော အကြောင်းတရား များကို ရှုမြင်ခြင်း၊ နိရောဓ သစ္စာ = ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကို အမှန်အတိုင်း သိမြင်ခြင်း၊ မဂ္ဂသစ္စာ = အားလုံးသော အကြောင်းတရား တို့ကို ထိုးထွင်းဖောက်ထွင်း၍ သိမြင်သော အမှန်တရားပင်ဖြစ်ကြောင်းကို ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားညွှန်ပြ ဆုံးမတော်မူသည့်အတွက် ပဉ္စဝဂ္ဂီ ငါးပါးတို့သည် ဤသစ္စာလေးပါးကို ကျုံးခြုံသိမြင်၍ အသဝေါတရား ကင်းကွာတော်မူကြပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါလေသည်။

သို့ပါ၍ ဤတရားဦးဓမ္မစကြာ တရားတော်မြတ်ကြီး၏ အထူး အကျိုးကြီးမြတ်ပုံ အစိတ်အပိုင်းအချို့ကို လေးစားမြတ်နိုးစွာ ပူဇော်ရေးသား တင်ပြလိုက်ရပါလေသည်။

○

## ရုပ်နာမ်ဓမ္မ သင်္ခါရ ဒုတိယတရားတော်

ဗုဒ္ဓမြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးပါးတို့အား ဝါဆိုလပြည့် ညဉ့်ဦးရံအခါဝယ် တရားဦးဓမ္မစကြာဒေသနာတော်ကြီးဖြင့် ဆုံးမသွန်သင် ဟောဖော်ပြသခဲ့ပါလေသည်။ သို့ဖြစ်ရာ ထိုဓမ္မစကြာတရားတော်မြတ်ကို ကောင်းစွာ နာကြားကြရသောကြောင့် အရိယာသောတပန်များဖြစ်ပြီး၍ ရင့်ကျက်သော ဣန္ဒြေရှိကြပြီးကာမှ ဟောဖော်ညွှန်ပြသောတရားပင် ဖြစ်လေသည်။

ဤတရားတော်သည် ရုပ်တရား၊ နာမ်တရားတို့၏ တစ်ခဏဝယ် သင်္ခါရသဘောတရား ပြောင်းလဲဖောက်ပြန် ပျက်ပြားယိုယွင်းမှုများစွာ ရှိနေပုံကို အနိစ္စနှင့်အနတ္တ ခွဲခြားစိတ်ဖြာ ဟောကြားတော်မူခဲ့သော တရားတော်ပင် ဖြစ်ပါလေသည်။ ဤအနတ္တလက္ခဏသုတ်တရားတော်သည် ဓမ္မစကြာဒေသနာနှင့် တွဲဘက်တရားတော်တစ်ခုဖြစ်ကြောင်းကိုလည်း လေ့လာတွေ့မြင်ရပါလေသည်။

ထိုတရားတော်တွင် ဆရာတော်အရှင်ဇနကာဘိဝံသမှ ပြန်လည်ရှင်းထားရာ၌ အနတ္တသဘောတို့သည် ဘယ်နတ်၊ ပြဟ္မာမှ ဖန်ဆင်းထားရိုးထုံးစံ မရှိပါကြောင်း၊ ပြဟ္မာကြီးတွေဟာ ဘုံတစ်ခု၌ တမေ့တမော ကမ္ဘာနှင့်ချီ၍ အသက်ရှိကြတာကြောင့် သူတို့က လောကကြီးကို ဖန်ဆင်းနိုင်တာပဲဟု သူတို့ကိုယ်သူတို့ ထင်မြင်ယူဆကြသော်လည်း နှစ်ပေါင်း၊ လပေါင်း၊ ကမ္ဘာပေါင်းများစွာ လေ့လာခြင်းဖြင့် မြတ်စွာဘုရား ဟောကြားသည့် အထဲမှာ တချို့ကို တင်ပြရပါလျှင် ဤလောကကြီးနှင့် စကြာဝဠာ သတ္တဝါမှန်သမျှတို့သည် မည်သည့်ဖန်ဆင်းရှင်မှ ဖန်ဆင်း၍ ဖြစ်ပေါ်လာရခြင်း မဟုတ်ပါကြောင်းနှင့် အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်တည်နေခြင်းကို လေးစားဖွယ် ကိုးကွယ်ယုံကြည် မှတ်သားကြရပါသည်။

လူတို့ခန္ဓာငါးပါးကို မြတ်စွာဘုရားက ဤကဲ့သို့ ခွဲခြားထားလေသည်။ ရူပကခန္ဓာ = ရုပ်ခန္ဓာဝေဒနာဖောက်ပြန်မှု၊ သညာက္ခန္ဓာ = တံလျှပ်ပမာ အထင်သာရှိသော ခန္ဓာသဘော၊ သင်္ခါရက္ခန္ဓာ၊ သင်္ခါရ၏ ပြုပြင်ရမှုကား အနှစ်မရှိသော ငှက်ပျောတုံးခန္ဓာကိုယ် ဆိုထားခြင်းသဘော၊ ဝိညာနက္ခန္ဓာဆိုသည်မှာ မျက်လှည့်နှင့် သဘောတူညီခြင်းစသည့် ခွဲခြားပြသထားပါသည်။

ရေမြှုပ်ပမာ ရုပ်ခန္ဓာဆိုသည်မှာ ရေမြှုပ်သည် အနှစ်မရှိသည့်သဘောအတုံးကြီး၊ မည်မျှပင် ကြီးစေကာမူ တစ်စတစ်စ ပွဲကျိုးကြေကျကာ ပျက်စီးလေသည်။ အတွင်း၌ ဘာမျှမရှိခြင်းသဘောများ၏ မခိုင်မြဲပုံ ချို့ယွင်းပျက်စီးခြင်းကို တွေ့မြင်ရပါလေသည်။

ရေပူပေါင်းပမာ ဝေဒနာက္ခန္ဓာဆိုသည်မှာ ဖောက်ပြန်ပျက်ပြား ဝေဒနာပင် ဖြစ်ပါလေသည်။ ကျရောက်ခံစားနေရသော ဝေဒနာတို့သည် မိုးရေစက်ပေါင်း မိုးစက်ကလေးများသည် ဖြစ်လာလိမ့်၊ ပျောက်သွားလိမ့်

မိုးရေကျကာ မိုးစက်ကလေးများ ပျောက်သွားလိမ့်၊ ဝေဒနာနှင့် နှိုင်းယှဉ်လျှင် ဝေဒနာသည်လည်း ဖြစ်လာလိမ့်၊ ပျောက်သွားလိမ့် မမြဲသောအကြောင်းများ ပင် ဖြစ်လေကြောင်း တွေ့မြင်ရပါသည်။

သညာက္ခန္ဓ၊ သညာနာမ်ရုပ်တို့သည် တံလျှပ်ဟုဆိုထားသည်မှာ ခရီးသွားတို့၏အဝေးမှ ပြောင်လက်နေသောအရာများကို ရေဟုထင်ရသော်လည်း အနီးသို့ရောက်သော် ဘာမျှမရှိ ကုန်းခေါင်ခေါင်ကြီးပင်ဖြစ်ပြီး သူဟာ ရောင်ပြန်လျှပ်နေတာ ဖြစ်ပါသည်။ ထင်ယောင်ထင်မှားဖြစ်စေခြင်း သဘောအရ တံလျှပ်ပင် ဖြစ်လေသည်။ သညာနာမ်ရုပ်သည်လည်း မမြဲသော ဖြစ်ပျက်တရားပင်ဟု ဆိုထားပြန်ပါသည်။

သင်္ခါရက္ခန္ဓာ- ငှက်ပျောတုံးပမာ သင်္ခါရခန္ဓာ ငှက်ပျောတုံး သဖွယ် အနှစ်မရှိသောအရာ ဖြစ်ပေသည်။ ငှက်ပျောတုံးကို တစ်လွှာစီ လွှာကြည့်သောအခါ အနှစ်ရှာမတွေ့သလို သင်္ခါရစေတသိက်တို့သည် လည်းကောင်း ဝေဒနာတို့သည်လည်း ဘာအနှစ်မျှမရှိသော ငှက်ပျောတုံး သဏ္ဌာန်ပင်ဖြစ်ကြောင်း ရှင်းလင်းဟောမိန့်တော်မူထားပါလေသည်။

ဝိညာဏက္ခန္ဓာ = ဝိညာဏ်တို့သည်ကား မျက်လှည့်ပဒေသာအရာ သည် လူအ, လူနုံတွေကို လှည့်စားနေသည့်နှယ် မိမိတို့၏ ပစ္စည်းဥစ္စာကို၊ ဆွေမျိုးသားခြင်းအားလုံးသော ပိုင်ဆိုင်မှုတို့သည် မျက်လှည့်သဖွယ် ထင်ယောင်ထင်မှားသာ ဖြစ်ပေ၏။ ဘာတစ်ခုမျှမမြဲ လှည့်စားခြင်းသဘော ကို ဖော်ညွှန်ပြထားသည့် အမြင့်စိတ်ကလည်း လှည့်ပတ်ပြီးနေသည်ကို သဘောတရားတွေပါတကားဟု နာယူမှတ်သားကြရပါပေမည်။

ဤခန္ဓာငါးပါးတို့သည်ကား ခင်တွယ်မြတ်နိုးရာမဟုတ်ကြောင်း အတ္တမြဲသောအကြောင်း၊ အနတ္တ-မမြဲသော ဖောက်ပြန်ပျက်စီးယိုယွင်း တတ်ကြောင်းကို ပဉ္စဝဂ္ဂီငါးပါးတို့က လေ့လာသုံးသပ်အားကိုးသောကြောင့်

ပဋ္ဌဝဂ္ဂီငါးပါးသည် ရဟန္တာစင်စစ် ကေန်ဖြစ်ခဲ့ကြသည်။ ထိုဟောတော်မူခဲ့သော ပုဂ္ဂိုလ်ထူးများဖြစ်ခဲ့ကြကြောင်းကို လေ့လာပူဇော်တင်ပြရပါပေသည်။

စာပေမြတ်နိုးကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည်လည်း အနတ္တတရားတော်အား နာယူမှတ်သားတတ်ကြကာ ထူးခြားနက်နဲသော တရားထူးများ ရယူနိုင်ကြပါစေကြောင်း မေတ္တာလောင်း၍ ဤတရားတော်၏ အစိတ်အပိုင်းတစ်ခုအား ပူဇော်ရေးသားတင်ပြလိုက်ရပါတော့သည်။

**ကျမ်းကိုး-**

ဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဓမ္မစကြာနှင့် အနတ္တတရားတော် ဆရာတော် ဦးဗုဒ် ဩဝါဒစာအုပ်

○

## ထူးခြားသော ပထမဦးဆုံးတရားတော်

ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် အစဉ်နူးညံ့သိမ်မွေ့သော အပြောအဆို အမူအကျင့်ကောင်းတို့အား ပွားများယုံကြည် နှလုံးသွင်းပြုမူခြင်းကြောင့် ကောင်းမြတ်သော မင်္ဂလာတစ်ပါးကို အစဉ်ကျင့်သုံးခြင်းဖြင့် အစဉ်ထာဝရ အေးချမ်းသာယာလှပသော လူ့ဘဝကို ရယူခံစားနိုင်ကြမည် ဖြစ်ပေသည်။

ဤသို့သော နူးညံ့သိမ်မွေ့သည့်တရားတို့ကို ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လူသားတို့နှင့် မထိုက်တန်၍ တရားမဟောသေးဟု စိတ်ဝယ်ဖြစ်မိရာ သဟမ္ပတိဗြဟ္မာမင်းကြီး သိသောအခါ ဤကမ္ဘာလောကကြီး၌ ကောင်းမြတ်သောတရားကို မနာကြားရပါမူ လောကကြီး ပျက်စီးတော့မှာကလားဟု သိမြင်သောအခါ ဘုရားထံမှောက် အပြေးရောက်ကာ ဘန္တေဘဂဝါ ဓမ္မံ- အရှင်ဘုရား၊ ဓမ္မတရားတော်ကို မနာကြားရပါလျှင်၊ နဝသိကောလောကော- ဤလောကကြီး ပျက်စီးရပါတော့မည်ဘုရား၊ သနားသဖြင့် တရားတော် ချီးမြှင့်ပေးပါရန် လျှောက်ထားပန်ကြားခဲ့ခြင်းဖြင့် ဘုရားရှင်လည်း အသိဉာဏ်ဖြင့် ရှေ့နောက်ချင့်ချိန်သုံးသပ်ကာ လူသားငါးဦးဖြစ်သော ပဉ္စဝဂ္ဂီငါးဦးကို အမှူးပြုလျက် တစ်သောင်းသော စကြာဝဠာတိုက်တို့မှ နတ်ဗြဟ္မာအပေါင်းတို့အား အသံတော်(၈)ဖြာ

သာယာသော အသံတော်ဖြင့် ဝါဆိုလပြည့် နေဝင်စအချိန်၊ သားသမင်တို့ဘေးမဲ့ပေးရာ မိဂဒါဝုန်တောကြီးအတွင်း၌ ဟောကြားခဲ့သော ပထမဦးဆုံးသော တရားတော် ဖြစ်ပါပေသည်။

ဤတရားတော်၌ အယုတ်တရားနှစ်ပါး ရှောင်ကြဉ်ရာတရားဖြစ်သော ကာမသုခလ္လိကမထာနုယောဂေါ- ကာမဂုဏ်ခံစား၍ ကျင့်သုံးဆောက်တည်သောတရားနှင့် အတ္တကိလ မထာနုယောဂေါ- မိမိ၏ကိုယ်ကာယကို အလွန်အကျွံ နှိပ်စက်သကဲ့သို့ ကျင့်သုံးဆောက်တည်ခြင်းတရား၊ ထိုတရားနှစ်ပါးအား အစဉ်ရှောင်ရှားကြရမည်ဟူသော ဓမ္မစကြာတရားတော်ကို ဆုံးမဟောကြားပေးခဲ့ပါလေသည်။

ထို့အတူ ဓမ္မစကြာတရားတော်လာ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြစ်သည့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိဖြစ်သော နူးညံ့သိမ်မွေ့သည့် ဟောမြွက်သော တရားတော်ဖြစ်သည့် သမ္မာဒိဋ္ဌိ= ရာဂ၊ လောဘ၊ ဒေါသ၊ မောဟတို့မှ ကင်းဝေးပြီး စိတ်နှလုံးတည်ကြည်အောင် ဆောက်တည်ခြင်း၊ သမ္မာသင်္ကပ္ပ =မှန်မှန်ကန်ကန်ကြံစည်တွေးတော ကျင့်ကြံပွားများစေခြင်း၊ ကောင်းသောအကြောင်းအရာ၊ ကောင်းသောစကားကိုပြောခြင်း၊ သမ္မာကမ္မန္တ= မကောင်းသောအလုပ်၊ မတရားသော အပြုအမူကို ဆန့်ကျင်ပြီး တရားသဖြင့် ပြုမူနေထိုင်ခြင်း၊ သမ္မာအာဇီဝ= မကောင်းသောအလုပ်၊ အကုသိုလ်နှင့် ယှဉ်သောအလုပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်းခြင်းမှ ရှောင်ကြဉ်သော မှန်ကန်မွန်မြတ်သော အသက်မွေးမှုကို ပြုစေခြင်း၊ သမ္မာဝါယမ- ကောင်းမြတ်သော အလုပ်အကိုင်၊ အပြုအမူတို့၌ လုံ့လစိုက်ထုတ်နေထိုင်ခြင်း၊ သမ္မာသတိ= မိမိ၏ဘဝတစ်လျှောက် သံသရာ၌ အဝိဇ္ဇာ၊ တဏှာတို့က ဦးစီးနေထိုင်ခြင်း

ကြောင့် ပျက်စီးခြင်းသဘော အနိစ္စပါလားဟု ခန္ဓာကိုယ်ရုပ်ကို ရှုမြင်သုံးသပ်ကာ သတိပြုလျက် သတိတရ ပွားများနေထိုင်ကြောင်းတရားဖြစ်ခြင်း၊ သမ္မာသမာဓိ- မိမိ၏ ကောင်းမြတ်သော ကိစ္စအားလုံးကို ပိုမိုနိုင်မြဲအောင် ဆောက်တည်ထိန်းသိမ်းနေထိုင်ခြင်း စသည်ဖြင့် သတ္တဝါအားလုံး ကျင့်သုံးဆောက်တည်ကြောင်း မဂ္ဂင်ရှစ်ပါးတရားတော်ကို သေချာကျနစွာ သွန်သင်ပြသ ဟောဖော်ညွှန်ပြခဲ့ပါလေသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် အလွန်ထူးမြတ်သောလူ့လောကကြီး၏ အဦးဆုံးပထမ တရားတော်ပင် ဖြစ်ပါလေသည်။ ယင်းဝါဆိုလပြည့်နေ့သည် သန္ဓေ၊ တောထွက်၊ ဓမ္မစက်ဟု ဗုဒ္ဓဝင်မှာဆိုထားသည့်အတိုင်းပင် ဘုရားလောင်း ပဋိသန္ဓေယူသောနေ့၊ နန်းစည်းစိမ်ကိုစွန့်ပစ်ကာ အနော်မာတောင်သို့ တောထွက်တော်မူသောနေ့၊ မိဂဒါဝုန်တောကြီးအတွင်းဝယ် ကောင်းမြတ်သော အသံတော်ရှင်အဖြစ်ဖြင့် လူ့လောက၏ တရားဦး ပထမဦးဆုံး တရားဖြစ်သည့် ဓမ္မစကြာတရားတော်တို့ကို သွန်သင်ညွှန်ပြ ဟောဖော်ဆုံးမခဲ့ပါလေတော့သည်။

သို့ပါသောကြောင့် သဟမ္ပတိဗြဟ္မာမင်းကြီး တွေးထင်မိသောလောကကြီး မညစ်နွမ်းတော့ဘဲ အေးချမ်းသာယာ နူးညံ့သိမ်မွေ့စေသောဓမ္မစကြာတရားတော်ကြီးအား သေချာဃန စေ့ငုစွာ နာယူကြရခြင်းကြောင့်လူ့လောကကြီးမှာ ယနေ့တိုင် တရားတော်တို့ဖြင့် ရှင်သန်လှုပ်ရှား ရုန်းကန်နေထိုင်ကြရပါလေတော့သည်။

လူ့လောကကြီး မညစ်နွမ်းသော လူ့ဘောင်ဘဝ တည်ငြိမ်အေးချမ်းရေးမှာ မဂ္ဂင်ရှစ်ပါးတရားတော် တစ်နည်းအားဖြင့် လူသားတို့အားဗုဒ္ဓဘုရားက အဦးဆုံး ဟောကြားပေးခဲ့သော ဤဓမ္မစကြာဒေသနာထူးမြတ်သော တရားတော်ကို နာကြားဆောက်တည်ရာမှ တစ်စတစ်စ

မြန်မာလူမျိုးတိုင်းသို့ စိမ့်ဝင်ပျံ့နှံ့သွားစေခဲ့ပါလေ၏။ လူသားတို့အတွက် အထူးအရေးကြီးလိုအပ်သော တရားတော်ပင် ဖြစ်ပါပေသည်။

ဗုဒ္ဓဘာသာဝင်တိုင်း ဤတရားတော်ကို နှလုံးသွင်း ပွားများ ပူဇော်ကြပါလျှင် အကုသိုလ်ဒုစရိုက်တို့မှ ကင်းကွာပြီး ကုသိုလ် သုစရိုက် တို့က လွှမ်းခြုံထားစေမည်ဖြစ်ပါသောကြောင့် လူသားတို့၏ အရေးတကြီး အလိုအပ်ဆုံး ရှေးဦးစွာ ဟောပြောပေးခဲ့သော အထူးအမြတ်ဆုံးသော မဂ္ဂလာတရားတော်အပေါ် ကျင့်ကြံပြုမူနေထိုင်ကြပါလျှင် နဘယံ-ဘေးမရှိသော ငြိမ်းအေးသည့်တရားတော်ကြီးအား အစဉ်ထာဝရ တည်ဆောက်သွားကြနိုင်ပေလိမ့်မည်ဟု ရေးသားတင်ပြလိုက်ရပါသည်။

၀


2018

## မေတ္တာအခါနှင့် စာရေးတံမဲပူဇော်ပွဲ

မြန်မာတို့၏ ရာသီ (၁၂)လတွင် ငါးလမြောက်လမှာ ဝါခေါင်လ ဖြစ်ပြီး ယင်းလသည် မိုးကလည်းထန်၊ ရေကလျှံသည့်၊ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသော မူလတန်းကဗျာထဲကအတိုင်းပါပဲ။ မိုးသည်းထန်စွာ ရွာသွန်းကာ မိုးရေနှင့်အတူ ပင်လယ်ရေကလည်း တိုးသောလ ဖြစ်ပါ၏။ အေးမြစိုစွတ်ကာ မြန်မာလူမျိုး လယ်သမားတို့၏ နှစ်သက်မြတ်နိုးသော လတစ်လပင် ဖြစ်ပါပေသည်။

ဤလသည် အေးမြစိုစွတ်သော သီဟ်ရာသီခွင်မှာဖြစ်ပြီး ရာသီ ပန်းအနေဖြင့် ခတ္တာပန်းတို့ ဖူးပွင့်ဝေဆာလျက် ရှိပါသည်။ ရာသီခွင်မှာသာ ထွန်းတောက်ပသော သရဝဏ် ကြယ်မင်းကလည်း သီဟ်ရာသီကို ဖော်ညွှန်းမှုပြုနေသကဲ့သို့ ရှိပါပေသည်။ ဝါခေါင်လသည် ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင် သူတော်စင်တို့၏ သံဃာ့ဒါန၊ ဗုဒ္ဓဘုရား၏ သားတော် များဖြစ်သော ရဟန်းသာမဏေများအား စာရေးတံမဲဖြင့် ပူဇော်ဆက်ကပ် လှူဒါန်းသမှုပြုသော လတစ်လလည်း ဖြစ်ပါပေသည်။

ထိုလ၏ အလှပုံရိပ်ကို စာဆိုရှင် ဖိုးသူတော်ဦးမင်းက ဤသို့ ခြယ်မှုန်းထားပါလေသည်။

"ထက်အာကာဘုံစွန်းက၊ တောက်ထွန်းလို့ ထိန်ဝါ၊
သရဝဏ်ရွှေကြယ်မင်း လင်းတဲ့ချိန်ခါ၊ လေညင်းငယ်လာ
သီဟ်ရာသီပေမို့ ရှုတိုင်းငယ် ဘယ်ညာက
ပန်းခတ္တာဝတ်မှုံကျင်းတယ်၊ သင်းပျံ့လှိုင်လို့"

ဟူ၍ ရာသီခံဘွဲ့သဖြန် လေးဆစ်ကဗျာကလေးက ရာသီနှင့် အလွန်မှ လိုက်ဖက်နေပြန်ပါတော့၏။

ဝါခေါင်လသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့အစဉ် အလာအရ ဝါဆိုသံဃာတော်များအား ကျောင်းများအလိုက် ပင့်ဖိတ်၍ စာရေးတံမဲဖြင့် မဲဖောက်ကာ လှူဒါန်းသမှု မြတ်သောဒါနကို ပြုကြသည့် ကာလ ဖြစ်ပါပေသည်။ တစ်နည်းအားဖြင့် ရတနာသုံးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော ရဟန်းသံဃာတော်များ သံဃာရတနာကို ပူဇော် သက္ကာရပြုကြသည့် အလေ့အထ ဖြစ်ပါပေသည်။

ဗုဒ္ဓ၏ သာသနာတော် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေစဉ်မှာ ဘုရား၏သားတော်များ ဖြစ်ကြကုန်သော သံဃာတော်တို့သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို ခိုင်မြဲစေ ရန် စွမ်းဆောင်နိုင်ကြရန်အတွက် ဂုဏ်နှင့်ညီစွာ ပူဇော်ကြခြင်း ဖြစ်ပါသည်။

မြန်မာတို့သည် ဤဝါခေါင်လပြည့်နေ့အခါကို မေတ္တာတရား ပွားများရာ မေတ္တာအခါတော်နေ့ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါ သည်။ ဝါခေါင်လပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များနှင့် ဗုဒ္ဓ ကလျာဏအနွယ်ဝင် သူတော်စင်တို့က စုပေါင်းကာ မေတ္တာဘာဝနာ ပွားများကြကြောင်း လေးစားဖွယ် တွေ့မြင်ရပါသည်။

ဗုဒ္ဓမြတ်ဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိတိုင်း၊ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးမွေ့လျော်နေစဉ်ကာလက သံဃာအပါး (၅၀၀)

တို့အား တောရကမ္မဋ္ဌာန်းတရားများ စီးဖြန်းမွေ့လျော်၍ တောဒေသတွင် ဆောက်တည်ရန် ညွှန်ကြားသွန်သင်ခဲ့ရာ ရဟန်းသံဃာတို့လည်း ဘုရား၏ မိန့်မှာချက်အတိုင်း တောအုပ်တွင် ဝင်ရောက်ကမ္မဋ္ဌာန်းတရားများ စီးဖြန်း ကြရာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးတို့၏ မလိုလားအပ်သော အပြုအမူတို့ကြောင့် တရားအားထုတ်၍ မရကြဘဲ ဘုရားရှင်ထံ ပြန်လည် လျှောက်ထားခဲ့ရာ ဗုဒ္ဓမြတ်စွာဘုရားက မေတ္တာသုတ်ဒေသနာကို သင်ကြားကာ နှုတ်တက်ရကြပြီး တောအုပ်တို့သို့ဝင်ကာ ပြန်လည် တရား အားထုတ်တော်မူကြရာ ယခင်ကကဲ့သို့ ခြောက်လှန့်ခြင်း၊ ပုပ်ဟောင်ညှီနံ့တို့ ကင်းဝေးကာ တရားတော်ကို မေတ္တာအခါတော်နေ့ရယ်လို့ သတ်မှတ်ခဲ့ ကြောင်း လေ့လာသိရှိရပါသည်။

စာပေကျမ်းဂန်အဆိုအရ မေတ္တာလက်နက်သည် ထိရောက် ထက်မြက်ကာ အေးချမ်းသာယာပေကြောင်း လောဘ၊ ဒေါသ၊ မောဟတို့ ကင်းပပြီး သဟဇာတဖြစ်သော တရားတော်ပင်ဖြစ်သောကြောင့် ဝါခေါင် ကာလ အေးချမ်းသော ရာသီခွင်ဝယ် မေတ္တာစိတ်တို့ ယှိဖိတ်ကာ ပွားများ ကြခြင်းသည် အထူးပင် ကြည်နူးစရာ ဖြစ်မိပါတော့သည်။

ကုန်းဘောင်လက်ထက်အခါ စာဆိုရှင် လူဦးမင်းကလည်း -

**"ရောင်ဝှန်းတောစာ၊ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ**
**တိုင်းပြည်သူတို့ လှူစာရေးတံ သဘင်စုံခဲဆဲမို့"**

ဟူသော စာပိုဒ် လေးဆစ်ကဗျာပိုဒ်ကလေးကလည်း မြန်မာလူမျိုးတို့၏ သဒ္ဓါအလှူဒါနတို့၌ ဝါသနာထုံမှုကို ပေါ်လွင်စေခဲ့ပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့သည် တစ်နှစ်မှာ (၁၂)လရှိရာ (၁၂)လလုံးဝယ် အချိန်အခါ ရာသီအလိုက် လှူဒါန်းပေးကမ်း စွန့်ကြဲသောအမှုကို ရှေးအစဉ် အလာမပျက် ပူဇော်လှူဒါန်းကြသည်မှာ အလွန်မှ ကြည်နူးနှစ်သက်

ဝမ်းမြောက်ဖွယ် ဖြစ်ရပါသည်။

လူဦးမင်း၏ ကဗျာစာချိုးအရ စာရေးတံမဲကို သဘင်ခံကာ ကျင်းပခဲ့သည်ဟူသောအချက်မှာ နှစ်ထောင်းအားရ ပျော်ပွဲရွှင်ပွဲများပါ စီရင်ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရပါလေသည်။

ဗုဒ္ဓဘာသာ သာသနာတော်ကြီးအား အရွှန်းရှည်စွာ တည်တံ့စိမ့်သောငှာ အလှူဒါယကာ၊ ဒါယိကာမတို့ကလည်း သာသနာနှင့် ဒါယကာတို့မှာ လိုက်လျောညီထွေရှိကြစေရန် သာသနာ့အကျိုး သယ်ပိုးလျက်ရှိကြပေကုန်သော ရဟန်းသံဃာတော်အပေါင်းတို့အား အလေးဂါရဝ လှူဒါန်းပူဇော်ကြခြင်းဖြစ်သလို ဤဝါခေါင်လပြည့်နေ့အခါတွင် မေတ္တာဘာဝနာ ပွားများသောနေ့ဖြစ်ပါကြောင်း စုဆောင်းရေးသား ပူဇော်တင်ပြလိုက်ရခြင်း ဖြစ်ပါတော့သတည်း။

၀

# မေတ္တာအခါတော်နေ့

မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီတွင် ဝါခေါင်လသည် ငါးလမြောက် သိဟ်ရာသီအတွင်း သက်ဆင်းကာ ကြယ်တာရာ သောက်ရှူးပေသော မိုးတွင်းကာလပင် ဖြစ်ပေသည်။ 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဆိုသည့် စာသားအတိုင်းပင် လယ်တောများ၊ လယ်ကွင်း များသည် ရေများဖွေးကာ အလွန်မှ နှစ်လိုဖွယ်ရာ အေးမြသော မိုးကာလပင် ဖြစ်ပါပေသည်။

ရေတွင် မြုပ်ချီပေါ်ချီ စပါးခင်းကလေးနှင့် အေးမြသော အနောက်တော်လေတို့၏ အရှေ့ဝယ် ယိမ်းထိုးနေသကဲ့သို့ အလွန်မှကြည့်၍ ပဏာရလှပါပေသည်။ ဤဝါခေါင်ကာလ ရာသီပန်းဖြစ်သော ခတ္တာပန်းတို့ ကြိုင်လှိုင်နေသကဲ့သို့ မေတ္တာရောင်စုံတို့ဖြင့် ပြည့်နှက်နေသော မေတ္တာ အခါတော်နေ့ကို ဤဝါခေါင်လပြည့်နေ့အား သတ်မှတ်ပူဇော်လျက်ရှိနေခြင်း ကို လေ့လာတွေ့ရှိရပါလေသည်။

ဤလောကကြီးဝယ် အနူးညံ့ အသိမ်မွေ့ဆုံးနှင့် အေးမြသော အရာကို လူသားကမ္ဘာကြီး၏ တန်ဖိုးအကြီးမားဆုံးပင် ဖြစ်ပေသည်ကို လေ့လာတွေ့ရှိရပါလေသည်။ လောကဓာတ်ကြီးတစ်ခုလုံးဝယ် မလို

မုန်းထားမှု၊ ရန်လိုမှု၊ ယှဉ်ပြိုင်မှုတွေ၊ အာဃာတတရားတွေသည် ပူလောင်သောအရာများသာ ဖြစ်ပါပေ၏။ ထိုပူလောင်သောအရာတို့ကို "မေတ္တာ"တည်းဟူသော အအေးဓာတ်ကသာ လွှမ်းခြုံနိုင်ပေမည်ကို လည်း ဗုဒ္ဓမြတ်စွာဘုရား၏ မေတ္တာသုတ် ပရိတ်တော်မှ အနက်အဓိပ္ပာယ်များ က အတိအကျ ထောက်ပြသည်ကိုလည်း မှတ်သားတွေ့ရှိရပါလေသည်။

သာဓကဖြင့် တင်ပြရပါလျှင် ဂေါတမမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သက်ရှိထင်ရှား လက်ထက်တော်အခါကာလက ဖြစ်ပေသည်။ ပုထုဇဉ် ရဟန်းတော်ငါးရာတို့အား တောရပ်ဒေသတွင် ကမ္မဋ္ဌာန်းတရားစီးဖြန်းကာ သီတင်းသုံးနေထိုင်ကြရန် ဗုဒ္ဓမြတ်ဘုရားက လမ်းညွှန်ခဲ့သောကြောင့် ရဟန်းတော် (၅၀၀)တို့သည် ဂါမာဝါသီ တောရပ် မှီကာ တောင်ကနိုင်ထဲ၌ သစ်ပင်၊ ဝါးပင် အစရှိသော သစ်တောရှိ သစ်ပင်များ အောက်၌ မွေ့လျော်သီတင်းသုံးကြလေကုန်၏။

ထိုသောအခါ ရက္ခစိုးနတ်၊ ဘုမ္မစိုးနတ်၊ တောအရပ်၌နေသော နာနာဘာဝ အစရှိကုန်သောသူတို့သည် အရိပ်အယောင် ခြောက်လှန့်ခြင်း၊ ပုပ်ဟောင်ညှီနံ့များတို့ ဖန်တီးခြင်းတို့ကြောင့် ရဟန်းတော် (၅၀၀)တို့သည် တရားအားထုတ်၍မရ၊ နေထိုင်မရကြသောကြောင့် ဂေါတမဗုဒ္ဓမြတ်စွာ ဘုရားထံ ပြန်ကြွကာ လျှောက်ထားပန်ကြားကြလေတော့သည်။

ထိုအခါ မြတ်စွာဘုရားသည် ရန်ပြုသူတို့အား အပူဓာတ်လွှမ်းကဲ သော မီးနှင့်တူသောအရာတို့အား အေးငြိမ်းစေရာ တရားတော်ဖြစ်သည့် ပရိတ်ကြီး(၁၁)သုတ်ထဲမှ မေတ္တာပွားများကြောင်း အအေးဓာတ်တို့ဖြင့် ပြည့်နှံ့နေသော "မေတ္တာသုတ်" ဒေသနာကို သင်ကြားပို့ချကာ တောသို့ ပြန်ကြွသွားပြီး အသီးသီးသော ရဟန်းတော်တို့သည် မေတ္တာသုတ်ကို ရွတ်ပွားပူဇော် မေတ္တာဓာတ်များဖြန့်ကာ တရားဘာဝနာ စီးဖြန်းကြသော

အခါဝယ် မေတ္တာသုတ်၏ အာနုဘော် မေတ္တာစွမ်းအားကြောင့် တောတွင်းမှ ဘုမ္မစိုးနတ်တို့၏ ခြောက်လန့်မှု၊ အညှီအနံ့များ ကင်းပကာ အေးချမ်းစွာ တရားအားထုတ်နိုင်ကြသည်သာမက ရဟန်းတော်ငါးရာတို့သည် မေတ္တာသုတ် နည်းလမ်းဖြင့်သာလျှင် အသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူကြလေကုန်တော့သည်။

မေတ္တာသုတ်ဒေသနာတော်မြတ်ကြီးသည် ကြီးမြတ်သော ကျေးဇူးသုံးမျိုးကိုရစေကြောင်း ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး ရေးသားပြုစုသော မေတ္တာသုတ်ဋီကာမှ ပူဇော်တင်ပြရမည်ဆိုပါလျှင် (၁)ရဟန်းတော်တို့အား ခြောက်လှန့်သော ဘုမ္မာစိုးနတ်တို့၏ ဘေးအန္တရာယ်ကို ပယ်ဖျောက်ခြင်းအကျိုးကို ရရှိသည်။ (၂) ဘေးဆီးရန်ကာ အရံအတားဖြစ်သော မေတ္တာဝါဒက ရှာန်အားဖြင့် အရဟတ္တဖိုလ်ကိုအောင်သော ကမ္မဋ္ဌာန်းတရားဖြစ်စေသည်။ (၃)တွေ့ကြုံဆဲဘေးရန်ကို ပျောက်ကင်းသန့်ရှင်းစေနိုင်သောဂုဏ်၊ မရောက်သေးသော ဘေးအန္တရာယ်တို့ကို တားဆီးစွမ်းနိုင်သောဂုဏ်၊ အရဟတ္တဖိုလ်တိုင်အောင်သော လောကုတ္တရာ တရားထူးတို့ကို ရစေနိုင်သော ဂုဏ်အကျိုးတို့ကို ရရှိစေခဲ့ပေသည်။ လက်တွေ့ပင်ဖြစ်ပါကြောင်း လေ့လာမှတ်သား တွေ့ရှိရပါလေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် ထိုမေတ္တာဘာဝနာ အခါတော်နေ့အား ဝါခေါင်လပြည့်နေ့ကို သတ်မှတ်ပူဇော်လာခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်ကို ဖော်ညွှန်းတင်ပြရပါပေမည်။ လူသားတို့အချင်းချင်း ဖြူစင်ရိုးသားပွင့်လင်းစွာ ဆက်ဆံပြုမူနေထိုင်ကြခြင်းသည် မေတ္တာပွားများခြင်းသာ ဖြစ်သည်။ မေတ္တာတရားသည် အစဉ်ကြည်လင်အေးမြသည်ဆိုသည့်အတိုင်းပင် မိမိတို့ ပုထုဇဉ်လူသားတို့

ပင်လျှင် မိမိနေထိုင်ရာ အိမ်ဂေဟာတို့ဝယ် ရွှတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြပါလျှင် အနီးအနားနေ ဝေနေယျသတ္တဝါများနှင့် လူသားတို့က မေတ္တာရောင်ပြန် ပြန်လာနိုင်သည်ကိုလည်း တွေ့ရှိနိုင်ပါပေ၏။

အမြဲတမ်း အေးချမ်းသာယာစွာ နေထိုင်ကြရတတ်ပေသည်။ ဘေးဘယာတို့သည် ကင်းပပြီး လူချစ်လူခင် ပေါများကြောင်းအရာသည် မေတ္တာပင် ဖြစ်ပါသည်။ ဆရာတော်က ဆိုထားပါသေးသည်။ မေတ္တာသုတ်သည် အဖိုးအနဂ္ဃ ထိုက်စေသည်ဟု ဆိုထားခြင်းမှာ အလွန်မှပင် လျော်ကန်လှပါပေ၏။ မေတ္တာဒေသနာကို စီးဖြန်းကြကုန်သောသူတို့သည် မြတ်စွာဘုရားရှင်၏ ညွှန်ကြားအပ်သော ကျေးဇူးတို့ကို ရရှိမည်ဖြစ်ပြီး ရွတ်ပွားသရဇ္ဈာယ်ကုန်သောသူတို့သည် လူနတ်ချစ်ခင် စိတ်ကြည်ရွှင်ကာ ရန်သူမရှိ အများသူငါ မိတ်သဟာတို့ ကြည်ဖြူပေစွ တရားလှကြောင့် အေးချမ်းကြရပါလေသည်။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကလည်း မိန့်ခဲ့ဖူးပါသည်။ မေတ္တာဒီဟာဖရနှဟုဆိုကာ အရပ်(၁၀)မျက်နှာသို့ မေတ္တာပေးဝေခြင်းကြောင့် လူရောနတ်ပါ မေတ္တာသက်ဝင်ချစ်ခင်ပြီး ဘေးမရှိကြောင်းကိုလည်း ကြားနာကြပါပေမည်။

ထို့အတူပင် သပြေကန်ဆရာတောဘုရားကြီးကလည်း 'မေတ္တာနိဿကရောလောကေ' ဟူ၍ မည်သူမည်ဝါ မခွဲခြားဘဲ ဤလောကဓာတ်ကြီးတစ်ခုလုံးဝယ် ဖြစ်တည်လျက်ရှိသော ဝေနေများစွာ သတ္တဝါတို့အား မေတ္တာဖြန့်ဝေထားခြင်းကြောင့် မေတ္တာသုတ်သည် တစ်ဦးတစ်ယောက်အတွက်သာ မဟုတ်ပါဘဲ လောကဓာတ်ကြီးအတွင်းရှိ ဝေနေယျာများစွာတို့ကို ဖြန့်ကျက်ပေးထားသည်မှာ ပေါ်လွင်လှပါပေသည်။

သတ္တဝါတို့အား မေတ္တာဖြန့်ဝေထားခြင်းကြောင့် မေတ္တာသုတ်

သည် တစ်ဦးတစ်ယောက်အတွက်သာ မဟုတ်ပါဘဲ လောကဓာတ်ကြီး အတွင်းရှိ ဝေနေယျာများစွာတို့ကို ဖြန့်ကျက်ပေးထားသည်မှာ ပေါ်လွင်လှပါ ပေသည်။

အရောင်မဆိုး ဖွေးလျက်သော မေတ္တာရောင်ဝါတို့သည် ဓာတ် အဖြာဖြာ သတ္တဝါအားလုံး ချမ်းသာကြပါစေကြောင်း မေတ္တာရေလောင်းပေး ခြင်းကြောင့် ရန်လိုမှု၊ မုန်းတီးမှု၊ မစ္ဆရိယစိတ်တို့ကို လွှင့်စင်ကင်းပျောက်ကြ စေပြီး သတ္တဝါတွေအားလုံး ချစ်ကြည်သက်ဝင် ကောင်းကျိုးရှိနိုင်ကြပါပေ ကြောင်း လေးမြတ်ရှိသေလှစွာ တွေ့မြင်ကြရပါလေသည်။

ထို့ကြောင့် လောကဓာတ်ကမ္ဘာကြီးတစ်ခုလုံးရှိ ဝေနေယျသတ္တဝါ အားလုံးတို့သည် အာဃာတရားများ ကင်းစင်ပြီး စိတ်နှလုံးမှာ အစဉ် ကြည်လင်ဝင်းပလျက် တစ်ဦးကိုတစ်ဦး၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ ကူညီရိုင်းပင်းလို စိတ်၊ သနားကြင်နာစိတ်၊ စာနာစိတ်ထားတို့သည် ထိုမေတ္တာသုတ် ဒေသနာတော် ပေါက်ပွားလာခဲ့ခြင်း၊ ရဟန်းတော်အပါး (၅၀၀)တို့သည် ထိုမေတ္တာဘာဝနာကမ္မဋ္ဌာန်းကို အစဉ်စီးဖြန်းကြခြင်းကြောင့် အရဟတ္တဖိုလ် တိုင်ကာ လောကုတ္တရာ တရားထူး၊ တရားမြတ်ကို ရရှိခြင်းကြောင့် ကျွန်ုပ် တို့အမျိုးသားကောင်းတို့ကလည်း အတုယူကြကာ ဆင်ခြင်သုံးသပ်ကြရ ပါပေသည်။ ထို့ကြောင့် ဝါခေါင်လပြည့်နေ့ အခါသမယသည် မေတ္တာ ဘာဝနာတို့ဖြင့် သတ်မှတ်ပူဇော်ခဲ့ကြသည်ကို စဉ်ဆက်မပြတ် ပူဇော်ကျင်းကြဲ ပွားများအားထုတ်နိုင်ကြစေရန် မျှော်ကိုးလျက် ကျေးဇူးတရားသုံးပါးကို ရရှိနိုင်ကြပါစေရန် ပူဇော်ရေးသား တင်ပြလိုက်ရပါတော့သတည်း။

○

## ဂရုဓမ္မသီလ အခါတော်နေ့

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ကိုယ်ကျင့်တရား ကောင်းမွန်အောင် နေထိုင်ပြုမူကျင့်သုံးကြသော တရားတော်၊ စောင့်သိအပ်သော အချက်ငါးပါးကို သီလဟု ဆိုရပါပေမည်။ သီလနိုင်မြဲလျှင် လောကီ၊ လောကုတ် အကျိုးမယုတ်ကြောင်းကို မြတ်စွာဘုရားရှင်က သာဓကများဖြင့် (၅၅၀) နိပါတ်တော်တို့တွင် ထည့်သွင်းဟောကြားထားသည်ကို လေ့လာမှတ်သားရပါသည်။

သီလဆိုသည်မှာ ငါးပါးသော ပဉ္စသီ ငါးပါးသီလပင် ဖြစ်သည်။ ပါဏာတိပါတာ- သူ့အသက်ကို မသတ်ခြင်း၊ အဒိန္နာဒါနာ- သူတစ်ပါးပစ္စည်းကို မခိုးခြင်း၊ ကာမေသုမိစ္ဆာစာရာ-သူ့အိမ်ယာကို မပြစ်မှားခြင်း၊ မုသာဝါဒါ- မဟုတ်မမှန်စကားကိုမဆိုခြင်း၊ သူရာမေရိယ-သေရည်သေရက်တို့အား ရှောင်ကြဉ်ခြင်းဟူသော စောင့်ထိန်းအပ်ရာ တရားတော်ပင် ဖြစ်ပါပေသည်။

ဤတရားတော်က ဂရုဓမ္မ-အထူးဂရုတစိုက်ဖြင့် လူတိုင်းအား စောင့်သိလိုက်နာကျင့်သုံးစေခြင်းကြောင့် ဂုရုဓမ္မသီလဟူ၍လည်းကောင်း၊ အကာလိကော- စဉ်ဆက်မပြတ် စောင့်ထိန်းကြခြင်းကြောင့် နိစ္စဝတ်-နိစ္စမပြတ် စောင့်ထိန်းအပ်သောတရားဖြစ်သည်ဟူ၍လည်းကောင်း၊

စကြာဝတေးမင်းတို့သည် ဓမ္မသတ်ထားကာ ဆောက်တည်ခြင်းကြောင့် စက္ကဝတ္တဓမ္မသတ်တရားတော်ဟူ၍လည်းကောင်း၊ အရိယာသူတော်စင် သူတော်ကောင်းတို့ အထူးအလေးထားသော တရားတော်ဖြစ်ခြင်းကြောင့် အရိယဓမ္မဟု ခေါ်ဆိုကြကြောင်းကိုလည်း လေးစားစွာ သိမြင်ရပါသည်။

သီလတရားကို စောင့်ထိန်းကြခြင်းကြောင့် အကုသိုလ်တရားတို့ ကင်းဝေးကြကာ ကောင်းမှုကုသိုလ်များ ပွားများကြရပါပေမည်။ နိစ္စသီလ ဟူ၍လည်း အဋ္ဌကထာဆရာတို့က ဖွင့်ဆိုထားရာတွင် အတိအကျ သီလ စောင့်ထိန်းလျှင် လောကီ၊ လောကုတ်နှစ်တန်လုံး ငြိမ်းအေးသော သာဓကကို ဂေါတမမြတ်စွာဘုရားသည် (၅၅၀) တိကနိပါတ် ဂရုဓမ္မတရားတော်၌ ဟောကြားတော်မူခဲ့ခြင်းကို လေ့လာကြည့်ညှိနိုင်ကြပါပေမည်။ ထိုနည်းတူ စွာပင် တစ်ကမ္ဘာလုံးရှိ လူ့ဘောင်အဖွဲ့အစည်း၌ ဖွဲ့စည်းတည်ထောင် နေထိုင်လျက်ရှိကြသော လူသားကမ္ဘာကြီးတွင် ထာဝရငြိမ်းချမ်းလိုကြပါလျှင် လူတိုင်းကိုယ်စီ သီလမြဲဖို့လိုပေမည်ဟု သုံးသပ်မိပါသည်။

ငါးပါးသီလ စောင့်ထိန်းကြခြင်းကြောင့် အသက်အရွယ် ငယ်ငယ် ရွယ်ရွယ်နှင့် မသေရဘဲ သက်တမ်းစေ့ လူ့ဘဝကို နေထိုင်သွားရပုံအား (၅၅၀) ဒသကနိပါတ်၊ ဓမ္မပါလဇာတ်တော်ကို ဗုဒ္ဓမြတ်စွာ ဟောဖော်ညွှန်ပြ သွန်သင်ထားခြင်းအား လေ့လာမှတ်သားနိုင်ကြပါပေမည်။

ဗုဒ္ဓဘဂဝါ ဘုရားရှင်က အမျိုးကောင်းသားသမီးတို့သည် သာသနာတော်၌ မတ်တည်ကြမည်ဆိုလျှင် သီလကို ဖယ်ကြဉ်ထား၍ ထောက်တည်ရာမရရှိနိုင်ပါကြောင်း သတ္တဝါတို့အား "ရာဂ" အစရှိသော အညစ်အကြေးမှန်သမျှ တို့ကို သီလတည်းဟူသောကြောင့် စင်ကြယ်အောင် ဆေးကြောနိုင်ပါမှ အပူမီးအားလုံး ငြိမ်းအေးစေနိုင်ကြောင်း ဟောကြားဆုံးမ ထားခဲ့ကြောင်းကို လေ့လာမှတ်သား တင်ပြရပါပေမည်။

သီလနှင့်တူသော အခြားနတ်ပြည်သို့ သွားရာလမ်းကြောင်းကား မရှိနိုင်ပါ။ သီလသာလျှင် စောင်းတန်း လှေကားသဖွယ်ဖြစ်သလို နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ဝင်ရာလမ်းကြောင်းမှာလည်း သီလနှင့်တူသော တံခါးပေါက် မရှိနိုင်ကြောင်း သိမြင်ခံစားရပါပေမည်။

သို့ပါ၍ လူသားအားလုံးတို့သည် သီလကို ခိုင်မြဲစွာ ဆောက်တည် ပြုမူနေထိုင်သွားကြဖို့ လိုမည်ကို စာဖတ်ပရိတ်သတ်တို့ကိုယ်တိုင် လေ့လာသုံးသပ် ပွားများကြဖို့ လိုအပ်လှပါပေမည်။ ဤသီလတရားတော်နှင့် ပတ်သက်၍ တော်သလင်းလပြည့်နေ့အချိန်အခါကို ဂရုဓမ္မသီလအခါတော် နေ့၊ တော်သလင်းလပြည့်နေ့မှာပင် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် အခြေခံ သီလတရားပင်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် တော်သလင်းလပြည့်နေ့အခါသမယကို ဂရုဓမ္မသီလ အခါတော်နေ့ဖြစ်ကြောင်း ကျမ်းဂန်အနေစ် ထောက်ရှုတင်ပြရပါပေမည်။ သို့ပါသောကြောင့် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့သည် ယခု ကျရောက်မည့် တော်သလင်းလပြည့်နေ့မှစ၍ ဂရုဓမ္မသီလတရားတော်မြတ် အား ခါးဝတ်ပုဆိုးကဲ့သို့ ရာသက်ပန် မြဲမြံစွာ စောင့်ထိန်းသွားနိုင်ရန် "တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့" အား ရိုသေလေးစား ဂါရဝထားကာဖြင့် ရေးသားဖော်ညွှန်း တင်ပြလိုက်ရပါတော့သတည်း။

ဝ


2018

## လတော်သလင်း လှေတော်ကျင်း

မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီမှ ခြောက်လမြောက် တော်သလင်းသည် မိုးရာသီကာလတွင် ပါဝင်သော်လည်း မိုးကပါး၊ လေကငြိမ်သည့် မြစ်ပြင်မှာ သင်ဖြူးခင်းထားဘိသကဲ့သို့ ငြိမ့်ညောင်းသော ရေသီတာတို့ ဖြေးညင်းစွာ စီးဆင်းနေသည့် လတစ်ပါး ဖြစ်ပေသည်။ ကန်ရာသီခွင်သို့သက်ဆင်းကာ ဆံကျင်တာရာ သောက်ရှုးပြီး ဥတ္တရာ ရဂုဏ်၊ ဟဿတ၊ စိတြတည်းဟူသော နက္ခတ်ဝန်းရံခသည့် ကြယ်ငယ်လေး တို့နှင့် အလွန်မှ တင့်တယ်လှပါပေသည်။

ဤလရာသီဝယ် ရွှေရင်းမာပန်းတို့သည် ဝေဆာသင်းထုံ၍ လေအလာမှာ ကြိုင်လှိုင်ပေသောလ ဖြစ်ပါပေသည်။ ဤသို့သောကာလ တွင် ရှေးမြန်မာမင်းတို့က မြစ်ချောင်းများတွင် လှေပြိုင်ပွဲများ ကျင်းပ ခဲ့ကြပါကြောင်း သာကေများစွာ တွေ့ရှိရပါလေသည်။

မြန်မာလူမျိုးတို့၏ အားမာန်ကို ဖော်ထုတ်သည့် လှေတော်သဘင် ပြိုင်ပွဲတို့သည် ကမ်းလုံးညွတ်မျှ စည်ကားလျက်ရှိပုံကို မဟာအတုလ မင်းကြီး၏ တစ်ဆယ့်နှစ်ရာသီ ဘွဲ့လွှမ်းချင်းက ဖော်ညွှန်းကာ ရေးသားထား သည်ကိုလည်း ဤသို့ တွေ့ရှိရသည်။

"ရေယာဉ်စမ်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ
မြစ်လုံးငယ်ညံ့သည် လော်တက်သံမြိုင်မြိုင်နှင့်
လှေပြိုင်ကျင်းပတဲ့ လကိုလေး"
" ကန်ရာသီငယ် ခါမီသင့်စွာ၊ ပွေအာကာမှာ ပြုဖွာ ဘဒြပိုဒ်၊
ကြက်ညီနောင်၊ တောင်တစ်ဝိုက်က၊ ရေလိုက်ကယ်သဘင်၊
စံပယ်ရှင်သောအခါ၊ မြိုင်ခွင်လုံးကန္တာမှာ
ရွှေရင်းမာပန်းတော်မင်းက သင်းလှတယ်လေး"

ဟူ၍ ဖွဲ့ထားခြင်းကြောင့် လှေသဘင်ပွဲ ခြိမ့်ခြိမ့်သည်းမျှ ကျင်းပသော တော်သလင်းလဝယ် ရွှေရင်းမာပန်းတို့သည် တော၊ တောင်၊ မြိုင်ကန္တာ၊ ဝဋ္ဋာတောတစ်ခိုမှာ အလွန်မှ မွှေးကြိုင်ထုံသင်းလျက် ရှိနေသည်ကို ဖွဲ့နွဲ့ထားပါလေသည်။

မြန်မာဘုရင်များလက်ထက် ရှေးပုဂံခေတ်ကာလကတည်းက လှေပွဲတော်ကို ကျင်းပခဲ့သည်မှာ မြန်မာတို့၏ သန်မာထွားကျိုင်းမှု၊ မြန်မာ့ယဉ်ကျေးမှု လေ့ထုံးတမ်းစဉ်လာကို လေးစားမြတ်နိုးဖွယ် တွေ့ရှိပါလေသည်။

မြန်မာတို့၏ ကြံ့ခိုင်မှု၊ လုံ့လဝီရိယစွမ်းအားတို့ကို လှေပြိုင်ပွဲတို့က ထုတ်ဖော်ပေးလျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါလေသည်။ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ၌ လှေပြိုင်ပွဲကို ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု လှေပြိုင်ပွဲမှာ အလွန်မှ ရှားပါးလာသည်ကို တွေ့မြင်ရပါလေသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြစ်တို့တွင်သာ ကျင်းပလျက်ရှိကြောင်းကို ဝမ်းနည်းဖွယ် ရှုမြင်ရပါလေသည်။ ဒီလိုပွဲမျိုးကို မြန်မာတစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲစွာ မြန်မာ့ဖွဲ့မာန်၊ လုံ့လဝီရိယနှင့် ရိုးရာယဉ်ကျေးမှုတို့ကို ဖော်ဆောင်ကြရပါပေမည်။ သို့မှသာ မြန်မာ့ရိုးရာ

ယဉ်ကျေးမှုများ တိမ်ကောပပျောက်မှု ကင်းပေလိမ့်မည်ဟု စာရေးသူ ယုံကြည်မိပါသည်။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်ရာသီဘွဲ့နှင့် မိုးဘွဲ့သဖြန် လေးဆစ်ထဲမှ ကန်ရာသီတော်သလင်း လေးဆစ်သဖြန်ကလည်း မေ့မရနိုင်ကောင်းသောအရာပင် ဖြစ်ပါသည်။

**"ကန်ရာသီရှိန်တွင်းမို့၊ ရွှေရင်းတဲ့မာငုံ၊ မြိုင်မဟာသာနန်းက သုတ်ဖြန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်ဘုံ၊ ရောင်ဟုန်လျှံပ၊ လမင်းသော်တာနှင့် အဇဒ္ဓါဆို ရွှေကျိုးငယ်၊ နီးသည့်ကာလ"**

ဟူ၍ တော်သလင်းလ၏ လှပပုံ၊ ရာသီခွင်ပန်းနှင့်၊ တောဝနာမှာ ကျေးငှက်သာရကာတို့ ပျော်မြူးပုံ၊ ထိုလရာသီ ကြယ်တာရာတို့ ထွန်းတောက်ပုံ စသည်ဖြင့် တော်သလင်းကို ဖွဲ့နွဲ့ထားပါလေသည်။

တော်သလင်းလသည် ရှေးစာဆိုများဖြင့် ရှိခဲ့ဖူးပါ၏။တော်သလင်းလတွင် မြစ်ပြင်မှာ ငြိမ်သက်နေခြင်းကြောင့် **"တော်သလင်းမြစ်တွင်း သင်ဖြူးခင်း"** **"တော်သလင်းနေ ပုံစွန်သေ"**ဟူ၍ ဆိုရိုးများ ရှိခဲ့ပါလေသည်။ ဤကဲ့သို့ မြစ်တွင်းမှာ လေများတိုက်ခတ်မှု ကင်းမဲ့ပြီး ငြိမ်သက်နေခြင်းကြောင့် ဤလရာသီတွင် ရှေးရှေးက မြန်မာမင်းများ ကိုယ်တိုင် လှေပြိုင်ပွဲတော်များကို ခင်းကျင်းခဲ့ကြပုံကို လေ့လာတွေ့ရှိခဲ့ကြရပေသည်။

ထိုလှေပြိုင်ပွဲများမှာ ကမ်းနားတစ်လျှောက် ခြိမ့်ခြိမ့်သဲ အုန်းအုန်း ကျွက်ကျွက် ရှိလှသည်ကိုလည်း ပျော်ရွှင်ကြည်နူးဖွယ် တွေ့ရှိခဲ့ရပါလေသည်။ တော်သလင်းလသည် မိုးနည်းသောကြောင့် လယ်တောများ၊ ကန်သင်းရိုးထောင့်များ၌ ရေများသည် နေအလွန်ပူသဖြင့် ရေနည်းသော လယ်များမှ ငါး၊ ပုစွန်များ သေကြေရသည်ကိုလည်း တွေ့ရှိရသလို၊

မိုးရွာပြီဆိုလျှင်လည်း တော်သလင်းမိုး ကန်သင်းကျိုးအောင် ရွာတတ်သော ကြောင့် ငါး၊ ပုစွန်တို့ကဲ့သို့ ပျော်မြူးကြကုန်သည်ကို တင်စားထားခြင်း ဖြစ်ပေသည်။

"တော်သလင်း ရေခင်းရယ်တဲ့သာ၊ မြစ်တွင်းမှာ လှေတော် ပြိုင်ကြတယ်၊ ရှုမဝဘု တို့ရွှေမြန်မာ" ဆိုသကဲ့သို့ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းစဉ်လာ လှေပြိုင်ပွဲများကို တော်သလင်းလမှာ ကျင်းပ မြဲဖြစ်သလို စဉ်လာမပျက် မြန်မာတို့၏ ဖွဲ့လုံ့လ အားမာန်တို့ကို ဝင့်ကြွား ပြခွင့်ရသည့် လှေပြိုင်ပွဲများသည် မြန်မာပြည်အနှံ့မှာ ရှိခဲ့ပါပေသည်။ ထိုလှေတော်ပြိုင်ပွဲများကို ရှေးယခင်က ဘုရင်များ ကိုယ်တိုင်ကြွရောက်ပြီး လှေပြိုင်ပွဲများကို ဖွင့်လှစ်ပေးခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါပေ သည်။ ထို့ကြောင့် မြန်မာ့အလှ လှေပြိုင်ပွဲများ၊ အုပ်စုလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း ယှဉ်ပြိုင်ပွဲများရှိသလို လှေပြိုင်သည့်အခါဝယ် လှေတော်သံယိမ်းများ၊ တက်ခတ်ယိမ်းများဖြင့် အဖွဲ့နှစ်ဖွဲ့ ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

တော်သလင်းလ လှေပြိုင်ပွဲများသည် မြန်မာတို့၏ သတ္တိ၊ ဇွဲတ္တိ၊ ဖွဲ့လုံ့လတို့ကို ယှဉ်ပြိုင်ကြသည်သာမက စာပေအနုပညာတို့ဖြင့် ဖွဲ့နွဲ့သီကျူး သော လှေတော်သံ၊ ယိမ်းအကများကိုလည်း ဖွဲ့နွဲ့သီဆိုကခုန်ကြခြင်းကြောင့် အနုပညာမြောက်သည့် ဒီလှေပြိုင်ပွဲများသည် မြို့နယ်အသီးသီး၊ တိုင်းနှင့် ပြည်နယ်တို့မှာ ယှဉ်ပြိုင်နိုင်ကြပါလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ မြောက်သောပြိုင်ပွဲများ တိမ်ကောပပျောက်မှု ကင်းဝေးမှာ သေချာလှပါ ပေ၏။

အချုပ်ဆိုရပါလျှင် မြန်မာမှု၊ မြန်မာဓလေ့စရိုက်၊ ရိုးရာယဉ်ကျေးမှု တို့နှင့် ထုံမွှမ်းနေသော လှေတော်ပြိုင်ပွဲများကို မြန်မာနိုင်ငံသားတိုင်း ပါဝင် ဆင်နွှဲနိုင်ကြပါလျှင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ချစ်မြတ်နိုးကြပြီး

ထိန်းသိမ်းစောင့်ရှောက်ကြရာရောက်ပေမည်။ တော်သလင်းသည် မြန်မာတစ်မျိုးသားလုံး၏ နှလုံးသားဝယ် ပျော်ပွဲရွှင်ပွဲ လှေတော်ပြိုင်ပွဲ ကျင်းပသည့် လတစ်လထက် မြန်မာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းပေးသော၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ကျူးယှဉ်ပြိုင်သော လတစ်လအဖြစ် ခံယူကြကာ ပျော်ရွှင်ကြည်နူးဖွယ်ရာ လှေပြိုင်ပွဲများကို တော်သလင်းမှာ ကျင်းပနိုင်ကြပါစေဟူ၍ အမျိုးသားရေးအမြင်ဖြင့် ရေးသားဖော်ကျူး တင်ပြလိုက်ရပါတော့သတည်း။

## လှေသဘင်ပွဲတော် တော်သလင်းမှာ နွဲပျော်

တော်သလင်းလသည် မြန်မာနှစ် (၁၂)လရာသီတွင် ခြောက်လ မြောက်သောနေရာတွင်ရှိပြီး မိုးနှောင်းကာလ ရေခင်းသာသောအချိန်ဟု ရှေးလူကြီးသူမတို့က ဆိုကြပေသည်။ ထိုလသည် မုတ်သုံဆုတ်သောလ ဖြစ်သောကြောင့် **"တော်သလင်းမြစ်တွင်း သင်ဖြူခင်း"**ဟူသောအဆိုမှာ အလွန်မှ သင့်မြတ်မှန်ကန်လှပါပေတော့သည်။ လှိုင်းလေမရှိဘဲ မြစ်တွင်းမှာ ငြိမ်ကာ ရေစီးလည်းမကြမ်းသော အနေအထားမှာ ရှိနေပါချေသည်။

တော်သလင်းလသည် ကန်ရာသီခွင်အခါ၌ သက်ရောက်ပြီး ပြဗ္ဗာဘဒြပိုဒ်နှင့် အဗဒ္ဓာအမည်ရှိသော ဥဖိုင်းတာရာတို့က သောက်ရှုးကာ မြူးကြွသည့်လဖြစ်သလို ထိုလ၏အလှတရားကား ရွှေရင်းမာပန်းတို့ လှိုင်လှိုင်ပွင့်ကာ မွှေးထုံကြွယ်နေသောလပင် ဖြစ်ပါသည်။ ဤလ၏ ပွဲတော်တစ်ရပ်မှာ လှေလှော်ပြိုင်ပွဲတော် လှေသဘင်ပွဲတော်နွဲသော မြန်မာ ထုံးတမ်းစဉ်လာ လှေပြိုင်ပွဲကို ကြီးကျယ်ခမ်းနား ခြိမ့်သဲစွာ ကျင်းပသောလ ဖြစ်ပါပေသည်။

ဤလသည် မိုးကောင်းကင်ကြည်လင်သောလဖြစ်ခြင်း၊ မြန်မာ လူမျိုးတို့၏ စည်းလုံးမှုစွမ်းအားတစ်ရပ်အဖြစ် ရှေးဘုရင်များလက်ထက် ကတည်းက ကျင်းပခဲ့ပုံကို ဖိုးသူတော် ဦးမင်းက ဆိုထားသည်မှာ **"ပန်းရွှေရင်းမာ၊ လှိုင်စွာပျံ့သင်း၊ တော်သလင်း"**ဟု ဖွဲ့ဆိုထားသည်မှာ ဤတော်သလင်းအခါ၌ ဝေဝေဆာဆာ ပွင့်ဖူးပေသော ရာသီအထိမ်းအမှတ်

ပန်းမှာ ရင်းမာပန်းဖြစ်ကြောင်းကို ပီပြင်စွာ ဖွဲ့ထားပါသည်။ လှေပွဲသဘင်ခံကာ ကျင်းပပုံကိုလည်း ကင်းဝန်မင်းကြီး ဖွဲ့ဆိုထားသည်မှာ **"တော်သလင်းဆီ ကန်ရာသီ၊ ထွန်းချီဘာဒြ၊ ရင်းမာလှိုင်မြဲ၊ နိုင်လုံးဆွဲ၊ လှေပွဲ သဘင်က"** စသည်ဖြင့် မှတ်သားဖွယ် ကြည်နူးရွှင်ပျလှသော ကဗျာများကို သီကုံးထားခြင်းကြောင့် တော်သလင်းလသည် လှေလှော်ပြိုင်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်မှာ ရှေးမြန်မာမင်းများ လက်ထက်တော်ကတည်းကရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါလေသည်။

ဤတော်သလင်းသည် နေပူပြင်းလျှင်လည်း **"တော်သလင်းနေ ပုစွန်သေ"** ဟူ၍လည်းကောင်း၊ မိုးမပြတ်၍ ရွာသွန်းပြန်လျှင်လည်း **"တော်သလင်းမိုး ကန်သင်းကျိုး"** ဟူသော စကားရပ်အတိုင်း ရွာသွန်းဖြိုးတတ်ပါပေသည်။ **"တော်သလင်းတိမ်ညို စားဖို့သည်ဆင်းရဲ မိုးမစဲ"** ဟူ၍ မိုးမစဲဘဲ ရွာသွန်းမြဲ ရှိပါပေသည်။ ထမင်းချက်ရသော ဆင်းရဲသူအိမ်ရှင်များ ဒုက္ခနှင့် တွေ့ကြုံရပုံကိုလည်း ဥပမာ ပြဆိုထားပါပေသည်။

သို့သော် ဤတော်သလင်းလအခါသည် **"မိုးနှင့်မွှားသိုး အစိုးမရ"** ဆိုသကဲ့သို့ ရွာချင်သလို ရွာတတ်ပေသောကြောင့် တော်သလင်းလ၌ ရွာသွန်းသောမိုးမှာ သည်းထန်သောကြောင့် ကန်သင်းပင် ကျိုးတတ်သဖြင့် **"တော်သလင်းမိုး ကန်သင်းကျိုး"**ဟူ၍ ဆိုထားသည်လည်း ရှိပါပေသည်။ ဤလကို လှေစီးသော မိန်းမပျိုကညာမေတို့ နှစ်ခြိုက်သောကြောင့် "ကုမ္မာရီမာသ"(ကန်ရာသီ) ဟု ခေါ်တွင်ခဲ့ကြခြင်း ဖြစ်ပေသည်။ ထိုသို့ သာယာလှသည့် ပွင့်လင်းရာသီတွင် လှေစီးရာသီအကြိုက်ဖြစ်သော လှေပွဲသဘင်များကို ရှေးမြန်မာဘုရင်လက်ထက်တော်ကတည်းက မြစ်နဒီများအတွင်း၌ လှော်ကြရင်း ပြိုင်ကြ၍ ပြိုင်ကြရင်း လှော်ခတ်ကြလျက် တော်သလင်း၏ အထင်ကရ ပွဲလမ်းတစ်ခုအဖြစ် ရှေးရိုးစဉ်ဆက် ကျင်းပ

လာခြင်းကို မြတ်နိုးနှစ်သက်စွာ တင်ပြလိုက်ရပါသည်။ အမှတ်တရ ပွဲခင်း တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့ လှေပွဲသဘင်ကို ဆီသည့်ရွာစား ဦးအောင်ကြီး၏ လူးတား ကဗျာကလည်း ဤသို့ ဆိုထားပြန်ပါ၏။

**"လှေချင်း လှော်ပြိုင်၊ ခွင့်ရေးကိုင်၍၊ လေးတိုင်တန်ဆောင်း၊ မမြင့်တောင်းကို၊ နီမောင်းပုဆိုး၊ ဗုံဗုံမိုးလျက် ပိုက်ကြိုးသွယ်ခံ၊ ဝန်းရံကာကျင်း၊ ခုန်ကာဆင်းသော်၊ မင်းများမှန်ဆု။"**

အခမ်းအနားများဖြင့် ကျင်းပခဲ့ပုံကို ရှေးစားဆိုကြီးများ ကဗျာ စာပေတို့က ဖော်ညွှန်းထားသည်ကို ထင်ရှားစွာ တွေ့မြင်မှုအပေါ် ဂုဏ်ယူ ဝင့်ကြွားစွာ တင်ပြရပါပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော်ကို အမျိုးသားရေး အနှစ်သာရနှင့် ဖော်ဆောင်နေသည့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရာလည်း ရောက်ပါသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ **"လှေခွက်ချည်းကျန် အလံမလှဲ"** ဟူသော ဇာတိမာန်စိတ်ထားတို့အား မျိုးစေ့ချပေးသကဲ့သို့ ဖြစ်ပါသည်။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသော တိုင်းရင်း သားတို့၏ သွေးစည်းညီညွတ်မှုပုံရိပ်ကိုလည်း ဖြစ်ပေါ်စေပါသည်။

ရာသီဥတု သာယာအေးချမ်းသော တော်သလင်းလဝယ် တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ လှော်ခတ်၍ ပန်းတိုင်သို့ ဝင်နိုင်မည့် ဖွဲ၊ လုံ့လ၊ ဝီရိယစိတ်ဓာတ်ကိုလည်း ရှင်သန်စေပြီး မြန်မာပီပီ ဘာမထိ ဇာနည်မျိုးနွယ်များဖြစ်ကြသော မြန်မာ့သွေးကို ထိုတော်သလင်း လှေပြိုင်ပွဲမှတစ်ဆင့် လေးစားဂုဏ်ယူစွာ တင်ပြရေးသားလိုက်ရပါ တော့သည်။

○



## ကျွတ်မြတ်လရာသီ ပူဇော်သည့်ပွဲ

မြန်မာနှစ် ဆယ့်နှစ်လရာသီတွင် တူရာသီသက်ဆင်းသည့် သီတင်းကျွတ်လသည် မြန်မာလ၏ (၇)လမြောက်ဖြစ်ပြီး၊ ရာသီပန်းများ အဖြစ် တောအရပ်ဒေသ သောက်သုံးရေကန်တို့တွင် ကြာပန်းတို့ဖြင့် ဝေဆာနေသလို ယှဉ်တွဲပွင့်လျက်ရှိသော အဝါရောင် ခဝဲပန်းကလေးတို့ဖြင့် ပဏာရ တင့်တယ်လှပနေသည့် ထူးမြတ်သော လတစ်ပါး ဖြစ်ပါပေသည်။

သီတင်းကျွတ်လသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အထွတ် အမြတ်ထားရာ လတစ်ပါးဖြစ်ရခြင်းမှာ ဂေါတမဗုဒ္ဓ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် တာဝတိံသာနတ်ပြည် သိကြားမင်းစံရာ ထက်နတ်ရွာ၌ မယ်တော်ဖြစ်ခဲ့ဖူးသူ မိနတ်သားအား ကျေးဇူးကို ဦးထိပ်ထားလျက် ဝါတွင်း (၃)လ ကာလပတ်လုံး အဘိဓမ္မာ (၇)ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းတည်း ဟူသော ကျမ်းခုနှစ်ဖုံ အာဂုံဆောင်ကာ ဟောဖော်ညွှန်ပြပြီးပြတ်သော သီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်ပါပေသည်။

ဤသီတင်းကျွတ်လသည် ဆံကျင်တာရာ သောက်ရှုးပြီး၊ မိတ်ဖက်ကြယ်များဖြစ်သည့် ဟဿတ၊ စိတြ၊ သွာတိတို့ကလည်း ဝန်းရံလျက် အဘိဓမ္မာဒေသနာတရားတော် ဟောဖော်ညွှန်ပြပြီးသည့် သီတင်းကျွတ်လပြည့်ညဉ့်ဦးယံတွင် နတ်၊ သိကြား၊ ဗြဟ္မာတို့၏ အလယ်၊ ရွှေစောင်းတန်းက နတ်ဒေဝါ၊ ငွေစောင်းတန်းက ဗြဟ္မာ၊ အလယ်ပတ္တမြား စောင်းတန်းက ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓဘဂဝါသည် နတ်၊ သိကြား၊ ဗြဟ္မာတို့၏ တူရိယာသံ၊ သာယာငြိမ့်ညောင်း နာပျော်ဖွယ် အတီးအမှုတ် မျိုးစုံတို့ဖြင့် မနုဿလူ့တို့ဌာနေ သင်္ကဿနဂိုရ်ပြည်သို့ ကောင်းကင်ထက်ဝဠာမှ ကြွမြန်းလာပုံမှာ အထူးတလည် အံ့မခန်းလောက်အောင် ကြက်သွေးမွေးညှင်းထလောက်အောင် ကြည်ညိုဖွယ်ဖြစ်မိပုံကို အလေးထား တင်ပြရပါပေမည်။ လူ့ပြည်သို့ လူ့ဘုံသို့ မြတ်စွာဘုရား မကြွမီကတည်းက သူတော်ကောင်း နတ်ဒေဝါတို့၏ ဆော်ဩမှုကြောင့် လူသားတို့သည် ဆီမီး၊ အမွှေးတိုင်၊ ပန်းတို့ဖြင့် ကြိုဆိုပူဇော်ခြင်းကို တစ်နည်းဆိုရလျှင် တာဝတိံသာမှ ပြန်ကြွလာသော ဗုဒ္ဓဘဂဝါကို ကြိုဆိုမီးပူဇော်ခြင်းပြုပေသောကြောင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ပွဲကို ရှေးစာဆိုရှင်ကြီးတို့က တာဝတိံသာ ဆီမီးပူဇော်ပွဲဟူ၍ သမုတ်ထားခဲ့ပါပေသည်။

သီတင်းကျွတ် တူရာသီကို စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့ အဲချင်းလေးထဲမှ ကောက်နုတ်တင်ပြရပါလျှင် "**သမုတ်သူရိန်လေ၊ သွာတိနှင့် နေယှဉ်ဖွဲ့မှာ၊ လေယဉ်ရှုး လှည့်လည်သွားလို့၊ ဆယ့်ငါးနာရီမှန် အညီနှင့် ရာသီတူလင် ရွှေမောင်းသံညက်လှသည် ထက်ဝတိံငယ် ကလေး**" ဟူသော အပိုဒ်ကလေးကို ကောက်နှုတ်တင်ပြလိုက်ရခြင်းဖြစ်ပါပေသည်။ စာဆိုရှင်က ဆိုထားသည့် အထက်၌ စာရေးသူ တင်ပြခဲ့သကဲ့သို့ တာဝတိံသာနတ်ပြည်မှ တီးမှုတ်သံစုံစွာဖြင့် လူ့ပြည်သို့

ဗုဒ္ဓဘာဂဝါအား လိုက်ပြီးပို့ဆောင် ပူဇော်ကြသည်မှာ ပေါ်လွင်အောင် သီကျူးထားခြင်း ဖြစ်ပါပေသည်။

ထို့အတူ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီ ဘွဲ့လွမ်းချင်းများတွင် တူရာသီ သီတင်းကျွတ်လဘွဲ့ထဲမှ ကောက်နုတ်တင်ပြရပါလျှင်-

**"တူရာသီဝယ်၊ အဿဝတီ ကြယ်မြတ်၊ ကျီးမင်းသိန်လည်း၊**
**ရောင်ရှိန်လျှပ်လို့၊ သုဒဿ ကယ်နန်းလို၊ မီးမြင့်မိုရ်နှင့်**
**ဝါဆိုကင်းလွတ် သီတင်းကျွတ် ဘုံထွတ်ကယ်တင်**
**ပွင့်စံပယ်ရှင်သောခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ**
**ဆီမီးဝါထိန်ထိန်ဝင်းလို့ လင်းလှတယ်လေး။"**

ဟူ၍ ဖွဲ့ဆိုရေးသားထားခြင်းမှာ အလွန်မှ သင့်မြတ်လှပါပေသည်။ ဗုဒ္ဓမြတ်စွာဘုရားကို ထက်ဝဋ္ဋာမှ နတ်သိကြား ဗြဟ္မာတို့ကလည်း ဆီမီးပန်းတို့ဖြင့် ပူဇော်ပုံ၊ အထက်နတ်ရွာမှာ မီးပူဇော်ခြင်းကို တင်စားပြီး သီတင်းကျွတ်မီးထွန်း ပူဇော်ခြင်းကို "မီးမြင့်မိုရ်"ပွဲကျင်းပသည်ဟူ၍လည်း တမြတ်တနိုး ပြုဆောင်ကြပုံကို ဖော်ကျူးထားပါလေသည်။ အလွန်မှပင် လျော်ကန်လှပါလေသည်။

ထို့အတူပင် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့နှင့် မိုးဘွဲ့ သဖြန့်လေးဆစ်ကလည်း အောက်ပါအတိုင်း ရေးဖွဲ့ထားပါလေသည်။

**"ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ ပြောင်ထိန်၊**
**ရွှေနန်းတော်ဦးမှာလ၊ ကွန့်မြူးမြင့်မိုရ် မီး၊**
**ညီးတဲ့ခါချိန်၊ ရှိဦးငယ်နှိမ် သုံးကြိမ်ရှိပြောင်း၊**
**သင်္ဂဟစ္စဂါရဝနှင့် စဉ်အလာပူဇော်ပွဲကို ခဲကြပေတာ"**

ဟူ၍ ဖွဲ့ဆိုထားခြင်းမှာ ပို၍ ပေါ်လွင်လှပါပေ၏။ ကြာမျိုးငါးလီဆိုသည်မှာ ပဒုမ္မာကြာကြီးမျိုးကို ခေါ်ဆိုပါသည်။ သီတင်းကျွတ်လဝယ် ကြာပန်းရနံ့

တို့က ဆွတ်ပျံ့ကြည်နူးဖွယ် ဖြစ်ရပါလေသည်။ ထိုလရာသီဝယ် သက်ကြီး ရွယ်အို မိဘဘိုးဘွားများကို မြတ်စွာဘုရား အမျှပြုလျက် ပူဇော်ကန်တော့ ကြခြင်းမှာလည်း ရှေးစာဆိုရှင်ကြီးတို့၏ ရေးသားဖွဲ့နွဲ့ခဲ့သော ကဗျာ၊ စာပေ၊ ဗုဒ္ဓဝင်တို့အား လေ့လာတွေ့ရှိရပါလေသည်။

သီတင်းကျွတ်လသည် မိုးရာသီ၏ နောက်ဆုံးလဖြစ်ကာ သာယာ အေးမြသော ဆောင်းလကိုကူးဖို့ရာ အချိန်အခါဖြစ်သလား။ ဗုဒ္ဓမြတ်စွာ ဘုရား၏ တပည့်သား၊ သံဃာတော် အရှင်မြတ်သူမြတ်တို့သည် ဝါတွင်း ကာလ ဝါဆိုဝါကပ်တော်မူခဲ့ကြပြီး သီတင်းကျွတ် အရှင်သူမြတ်တို့ကလည်း ထိုသီတင်းကျွတ်လပြည့်နေ့ဝယ် ထေရ်စဉ်ဝါလိုက် သက္ကစ္စပူဇော်ခြင်း၊ ပဝါရဏာကို ကံဆောင်ကြသည်မှာလည်း ဗုဒ္ဓမြတ်စွာဘုရား၏ မိဘကျေးဇူး တရားထူးဖြစ်သော အဘိဓမ္မာတရား ဟောကြားပြီးသည့်နေ့ဖြစ်ခြင်း၊ ဘုရား ၏ မိဘကျေးဇူးကို ဆပ်ဘိသကဲ့သို့ သံဃာတော်တို့ကလည်း ဘုရားကို ဦးထိပ်ထားကာ ပုရိမဝါမှ ထမြောက်ပူဇော် ပဝါရဏာပွဲများကိုလည်း ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်ကြီးအနှံ့ ကျင်းပကြသည်ကိုလည်း အထူး လေးမြတ်ဖွယ် ရှုမြင်ကြရပါပေမည်။

ထိုသီတင်းကျွတ်လပြည့်နေ့တွင် မိဘဘိုးဘွားများ ပူဇော် ကန်တော့ကြခြင်းအမှုသည် ဗုဒ္ဓယဉ်ကျေးမှု ဘုရားရှင်၏ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးပူဇော်ကြခြင်း ဖြစ်ကြပါပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုအမွေကို ကမ္ဘာတည်သရွေ့ ရပ်တည်ကျင့်သုံးကြဖို့ရာမှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ရှေးစာဆိုရှင်ကြီးများ၏ ရေးသားပူဇော်ထားမှုကို ထောက်ရှု၍ ဖော်ပြရပါလျှင် သီတင်းကျွတ်လပြည့်နေ့ မီးထွန်းညှိပူဇော်ခြင်းသည် တစ်နည်းအားဖြင့် တာဝတိံသာနတ်တို့ရွာမှ အဘိဓမ္မဒေသနာတော်

ဟောကြားပြီး မနုဿလူ့ပြည်သို့ ပြန်ကြွလာခြင်းကို ကြိုဆိုပူဇော်ကြခြင်း ဖြစ်သည့် တာဝတိံသာပူဇော်ပွဲ (တစ်နည်း) မီးမြင်းမိုရ်ပူဇော်ပွဲ စသည်ဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်အနေဖြင့် မီးထွန်းညှိကြိုဆိုပူဇော်ခြင်းပင် ဖြစ်ပါသည်။ ထို့အတူ သက်ကြီးရွယ်အို မိဘတို့အား ပူဇော်ကန်တော့ခြင်း၊ သံဃာတော်တို့ ပဝါရဏာပြုကြခြင်း စသည်ဖြင့် ဗုဒ္ဓဘာသာအစဉ်အလာ အတိုင်း ပြုဆောင်ကျင်းပကြကာ အဘိဓမ္မာ (၇)ကျမ်းမှ ပဋ္ဌာန်းဒေသနာ တော် ပူဇော်ခြင်းတို့ကိုလည်း ရွတ်ဖတ်ပူဇော် ပွားများကြသည်ကိုလည်း ရှိသေလေးမြတ်စွာ ရှုမြင်ရပါသောကြောင့် သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အလွန်မှနှစ်လိုသော လမြတ်ရာသီချိန်ခါ ဖြစ်ကြောင်း သာသနာတော်ကြီး အဓွန့်ရှည်ရေး ရည်မျှော်ကာ ရေးသား ပူဇော်တင်ပြလိုက်ရပါတော့သတည်း။

○

## မြတ်တန်ဆောင်တိုင်နှင့် ကထိန်သင်္ကန်း
## လှူဒါန်းသည့်လ

တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အလေးအမြတ်ထားရာလတစ်ပါး ဖြစ်ပေသည်။ ဤလသည် အလွန်မှ ကြည်နူးဖွယ်သာယာသောလ၊ အေးချမ်းသောလ၊ တည်ငြိမ်သောလ၊ ဘေးကင်းသောလ၊ နှစ်လိုမြတ်နိုးဖွယ်ကောင်းသောလဟူ၍လည်း အဇာတသတ်မင်းကြီးက တင်စားထားပါလေ၏ တန်ဆောင်မုန်းလသည် ထူးမြတ်သည်ဟုဆိုရခြင်းမှာ တန်ဆောင်မုန်းလ၏ လပြည့်နေ့အခါဝယ် အဇာတသတ်မင်းကြီးသည် မိမိပြုခဲ့သော အကုသိုလ်ကံ အနိဋ္ဌာရုံကြောင့် ကြောက်လန့်၍ ရင်သပ်ရှုမောထိတ်လန့်ဖွယ်ရာတို့ကို ထိတွေ့ခံစားနေရသော အခါ အားကိုးရှာရာဝယ် မိတ်ဆွေကောင်းသမားတော်ကြီး ဇီဝက၏ လမ်းညွှန်မှုကြောင့် ဗုဒ္ဓဂေါတမ ဘုရားသီတင်းသုံးရာ သရက်ဖြူဥယျာဉ်သို့ ညတွင်းချင်း အလျင်စလို သွားရောက်ဖူးမြော်ခဲ့ခြင်း ဖြစ်ပါပေသည်။

ဤသို့ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားထံသို့ သွားရောက်ရာဝယ် စစ်သူကြီးများ လက်နက်ကိုယ်စီကိုင်ကာ သွားရောက်ရမည့်အစား သူ၏ အနီးအပါးမှာပင် အမျိုးသမီးရံရွေတော်များအား တန်ဆောင်တိုင်များ၏ ထိပ်ဖျား၌ ဆီမီးများ ထွန်းညှိလျက် အမွှေးနံ့သာ ပန်းများတို့ကို ကိုယ်စီ ကိုင်ဆောင်လျက် သမားတော်ကြီး ဇီဝကနှင့်အတူ မြတ်စွာဘုရားထံ သွားရောက်ကြည်ညိုရာ တန်ဆောင်တိုင်အခါ တိုင်ထိပ်၌ မီးပူဇော်ခြင်း အမှုကိုပြုခြင်းဟု ဆိုပါသည်။ ထိုညမှပင် အဇာတသက်မင်းကြီး သံဝေဂ ရသောကြောင့် မြတ်စွာဘုရားက ကောင်းချီးပေးသောအားဖြင့် 'မဟာ သမညဖလသုတ်' တရားတော် ဟောကြားဆုံးမခဲ့လေသည်။ ထိုသည်ကို အစွဲပြု၍ တန်ဆောင်မုန်းလပြည့်ညသည် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် သမညဖလအခါတော်နေ့ကို ယနေ့တိုင် ပူဇော်ကျင်းပလျက် ရှိပါပေသည်။

ဤလမှာပင် ကောသလမင်းကြီး၏ ညီနောင်များဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်တို့သည် ပါလေယျတိုင်းမှ ဗုဒ္ဓမြတ်စွာဘုရား သီတင်း သုံးရာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းသို့ ကြွမြန်းကြစဉ် ခရီးလမ်း အကြားရှိ သာကေတမြို့၌ သီတင်းသုံးကာ ဝါကျွတ်သောအခါ ဘုရားရှင် အား ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ဆက်၍ကြွမြန်းလာခဲ့ရာ လမ်းခရီး၌ ကြမ်းတမ်းခြင်း၊ ရွှံ့ညွှန်များ ထူထပ်သော တောတောင်တို့ကို ဖြတ်သန်းခဲ့ ခြင်းကြောင့် ဘုရားရှင်ရှေ့မှောက်သို့ ရောက်သောအခါ ဝါတွင်းကာလ ခွင့်ပြုထားသည့် (ဝဿဝါသိကစီဝရံ) သင်္ကန်းသုံးထည်လုံး ရေများစိုရွဲကာ ရွှံ့ညွှန်များ ပေကျံနေသည်ကို ဗုဒ္ဓဂေါတမ မြင်တွေ့သောအခါ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်သော ရဟန်းတို့အား ပင်ပန်းဆင်းရဲမှု၊ ညစ်ထေးသော သင်္ကန်းတို့အား သန့်စင်စေမှုကို ထောက်ရှု၍ ကထိနစီဝရံ- ကထိန် သင်္ကန်းလျှာ သုံးထည်သော သင်္ကန်းတို့အား ကထိန်သင်္ကန်း လျှုဒါန်းခြင်း

ကို ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က ခွင့်ပြုပေးထားခဲ့ခြင်းကြောင့် ယနေ့ အချိန်အထိ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ ကျောင်းတိုင်း၌ တစ်ကြိမ်သော ကထိန်သင်္ကန်းကပ်လှူခြင်း ကို ခွင့်ပြုထားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ထိုသို့ ကထိန်သင်္ကန်း လှူဒါန်းကြခြင်းကြောင့် လှူဒါန်းကြသူတို့ သည် ကထိန်အာနိသင်၊ ကထိန်အကျိုးတရားများမှာ ဘဝတိုင်း၌ ပစ္စည်း ဥစ္စာအခြံအရံ ပေါများခြင်း၊ မိမိရရှိခံစားရမည့် စည်းစိမ်ဥစ္စာတို့ကို အတားအဆီးမဲ့ ရရှိခံစားနိုင်ခြင်း၊ မိမိရရှိထားပြီးသော မိမိထံမှ ပစ္စည်း ဥစ္စာတို့ကိုလည်း မည်သည့်အဟန့်အတား၊ အဖျက်အဆီး ရယူ၍မရခြင်း၊ မင်၊ ဖိုလ်၊ နိဗ္ဗာန်သို့ ရည်သန်နိုင်ခြင်းတည်းဟူသော အကျိုးတရားတို့ကို ရရှိနိုင်ပါကြောင်း လေ့လာသိရှိရပါသည်။

ကထိန်သင်္ကန်းလှူဒါန်းမှုသည် ယောကျ်ားဖြစ်လျှင် ဗေဟိဘိက္ခု ရဟန်းဖြစ်ရခြင်း၊ လှူဒါန်းသူ အမျိုးသမီးတို့မှာ မဟာလာတာ ဝတ်ဆင်ရ ခြင်း အကျိုးကျေးဇူးများကို ရရှိပါလေသည်။ မဟာလတာ မဟာကြီးမြတ် သော၊ လတာ-အနွယ်ပန်းနှင့်တူသော အဆင်တန်ဆာ၊ ကြီးမြတ်၍ခြူးပန်း ခြူးနွယ်အသွယ်သွယ်ဖြင့် ဤကမ္ဘာတွင် သုံးစွဲခွင့်ရကြသူတို့မှာ ပုဗ္ဗာရုံ ကျောင်းအစ်မကြီး ဝိသာခါ၊ ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာနှင့် ဗာရာဏသီသူဌေးသမီး၊ ထိုသုံးဦးတို့ကား အဖိုးကုဋေတန် အလွန်လှသော အဝတ်တန်ဆာတို့အား ဆင်မြန်းကြရပါသည်ဟု ကျမ်းဂန်များ၌ ပြဆို ထားပါလေသည်။

တန်ဆောင်မုန်းလသည် မိုးရာသီကုန်ဆုံးကာ ဆောင်းလသို့ ချဉ်းနင်းဝင်ရောက်သည့်လဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းတို့ ဝေဆာလျက် မိတ်ဘက်ပန်းများအဖြစ် ခတ္တာ၊ ဂမုန်း၊ သဖင်ပန်းတို့ကလည်း သင်းကြူ

လျက် ရှိပါသည်။ ဗြိစ္ဆာရာသီခွင်သို့ သက်ရောက်ကာ တံငါတာရာ သောက်ရှူး၍ ဇေဋ္ဌ၊ အနုရာဓ၊ ဝိသာခါ နက္ခတ်တို့က ဝန်းရံလျက် မိုးလေကင်းပ တန်ဆောင်လဝယ် ကြယ်တာရာ စုံသောက်ရှူး၍ တန်ဆောင်မုန်းလ၏ အလှတရားမှာ လပြည့်ညသည် ထည်ဝါ၍ တင့်တယ် သာယာလှပပါပေ၏ဟူ၍ အဓာတသတ်မင်းကြီးက ဂုဏ်ငါးပါးဖြင့် ချီးကျူးထားပါလေ၏။ မှန်ပါ၏။ ဆောင်းလေကလေး အေးမြမြမှာ ကြည်လင်ဝင်းပ လမင်းကြီးကလည်း ပြည့်ဝန်းဝိုင်းစက်နေသလို နက္ခတ်တာရာတွေက ကွန့်မြူးနေခြင်းကြောင့် ဝင့်ထည်လှပနေသလို၊ ထိုညမှာပင် အဓာတသတ်မင်းကြီး မြတ်စွာဘုရားထံ သံဝေဂရသောကြောင့် မြတ်စွာဘုရားရှင်က သာမညဖလသုတ်တရားတော် ဟောကြားဆုံးမခြင်း၊ ဆီမီးတိုင်များဖြင့် ဗုဒ္ဓဘဂဝါအား ဖူးမြော်ကြည်ညိုခြင်းတို့ကြောင့် တန်ဆောင်မုန်းလသည် ငြိမ်းအေးသာယာသော အမျက်တရားများ ကင်းစင်သော လဟုဆိုလျှင်လည်း မှန်လှပါပေသည်။ စာဆိုရှင် ဖိုးသူတော်ဦးမင်းက အောက်ပါအတိုင်း တန်ဆောင်မုန်းလကို စာဖွဲ့ထားသည်မှာ-

**'လျူကာထိန် သက်န်းနှင့် မင်္ဂလမ်းတဲ့ဆုပန်ရှုယ်၊**
**သည်ချိန်ကို ဝတ်မှုန်ကြဲလို့ ၊ ခဝဲရွှေညွှာရင်းမှာ**
**သင်းရနံ့ကြွယ် ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊**
**ရွှေလစန္ဒာနဲ့ ကြတ္တိကာ ကြယ်ရောင်စွန်းတယ်၊**
**ထွန်းထိန်လို့မြူး'**

ဟူ၍ ရာသီကာလ သာယာငြိမ့်ညောင်းပုံ၊ ရာသီပန်း၊ ခဝဲပန်းတို့ ပွင့်ဝေဆာနေသော လဖြစ်ပုံ ၊ ရာသီနက္ခတ်ဖြစ်သော ကြတ္တိကာ ကြယ်တောက်ပသောလဖြစ်ခြင်း၊ ဤတန်ဆောင်မုန်းလပြည့် အချိန်အခါဝယ် တစ်နှစ်မှာတစ်လ၊ တစ်လမှာတစ်ကြိမ်၊ တစ်ကြိမ်ကို တစ်ကျောင်းသာ

လှူဒါန်းသမှုပြုနိုင်သည့် ကထိန်သင်္ကန်းများကို မည်သည့်ကျောင်းတိုက်၊ မည်သည့်သံဃာဟူ၍ ခွဲခြားမှုမရှိ၊ ဝါဆိုတော်မူသော ကျောင်းတိုက်ရှိ သံဃာတော်တို့အား ထိုကျောင်းတိုက်ကြီးများတွင် မြတ်ကထိန် လှူဒါန်းကြခြင်းကို ကြီးကျယ်ခမ်းနားစွာ မြန်မာတစ်နိုင်ငံလုံး၌ ကျင်းပပုံကို ဖွဲ့နွဲ့ ရေးသားထားသည်ကို တွေ့ရှိရပါလေသည်။

တန်ဆောင်မုန်းလသည် ဗုဒ္ဓမြတ်စွာဘုရားမှ ကထိန်သင်္ကန်း လှူဒါန်းခွင့်ပြုသောကာလ၊ သင်္ကန်းလှူဒါန်းပွဲတော်၊ သူတော်ကောင်း တရားတည်းဟူသော သာမညဖလသုတ်တော် ဟောကြားနာယူ၍ အဇာတသတ်မင်းကြီး သံဝေဂရသောနေ့ဖြစ်ခြင်း၊ မသိုးသင်္ကန်း ဆက်ကပ် ပူဇော်လှူဒါန်းခြင်း မြန်မာ့လေ့မယ်ဇလီဖူးသုပ်ဝေငှခြင်းနှင့် ကျီးမနိုးပွဲတော် ကျင်းပခြင်း၊ တန်ဆောင်တိုင်မီးထွန်းညှိပူဇော်ခြင်းတို့သည် မြန်မာ့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ မြန်မာ့ယဉ်ကျေးမှုများစွာ ထုံမွမ်းလျက်ရှိသော တန်ဆောင်မုန်းလပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတော့တည်း။

○



## မြတ်ကထိန်သင်္ကန်း လှူဒါန်းသည့်လ

မြန်မာတို့၏ တန်ဆောင်မုန်းလသည် မြန်မာတစ်ဆယ့်နှစ်လ ရာသီ၏ (၈)လမြောက် လမြတ်အခါ ဖြစ်ပါပေသည်။ ဗြိစ္ဆာရာသီသို့ သက်ဆင်းပြီး ရှေးဆရာတို့ကဆိုထားသော မိုးလေကင်းပ တန်ဆောင်မုန်းလ ပင် ဖြစ်ပေသည်။ ခဝဲပန်းနှင့် မိတ်ဖက်မာလာပန်းတို့မှာ ဝေဆာနေသောလ ဖြစ်သလို ခဝဲပန်းအဝါနှင့် သံဃာတော်တို့အား ကထိန်သင်္ကန်းလှူဒါန်း သောကြောင့် အဝါပေါ် အဝါဆင့်လို့ အလှန်မှ ကြည်နူးနှစ်သက် ဝမ်းမြောက် စရာလ ဖြစ်ပါသည်။ တံငါတာရာ ကွန့်မြူးသောလ ဖြစ်ပေတော့သည်။

ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်တို့၏ အထူးပြုကထိန် သင်္ကန်း လှူဒါန်းမှုဖြင့် ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်ခင်းသောလတစ်လ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော် ကာလများထဲတွင် ကထိန်သင်္ကန်းလှူဒါန်းမှုကို အဓိကထား လှူဒါန်း ကုသိုလ်ပြုကြသော ပွဲတော်ကား တစ်လတည်း ဖြစ်ပါသည်။ ယင်းအလှူ ကား တခြားအလှူဒါနများနှင့် မတူလှပေ။ တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပရပြီး တစ်ကျောင်းတိုက်လျှင် တစ်ခါ သတ်မှတ်ထားသော သီတင်း

ကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်ခါသာ ကျင်းပရကြောင်း လေ့လာသိရှိရသည်။ ဤကထိန်လှူဒါန်းပြုရသည့်နေ့မှာ တန်ဆောင်မုန်းလဖြစ်ပြီး မိုးအကုန် ဆောင်းအကူး လေပြေဖြူးကာဖြင့် ကောင်းကင်ယံဝယ် မိုးတိမ်သားတို့ ကင်းစင်ကြတာ အချိန်အခါကောင်းနှင့် ကြုံဆုံရသော ဆောင်းဦးကာလ ကထိန်အလှူပွဲတော်ကို နှစ်စဉ်ကျင်းပမြဲ ဖြစ်ပါပေသည်။

စာဆိုရှင် စလေဦးပုညက ဤကဲ့သို့ တန်ဆောင်မုန်းလကို တင်စားထားသည်ကို တွေ့ရှိကြရပါပေမည်။

**"မိုးဝသာန်ချိန်ဆုံးလို့ တန်ဆောင်မုန်း ပြီးသွား၊ ဖဝါးနှစ်စွန်းခါဝယ်၊**
**ကြိုတ္တိကာ ကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊**
**သည်ချိန်မှာ မွှေးပျံ့ထုံသင်း"**

ဆိုသောစကားနှင့်အညီ မိတ်ဖက်ပန်းများဖြစ်ကြသည့် ခဝဲ၊ မာလာ၊ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ပြည်ပန်းညို သနပ်ခါး၊ တရုတ်စကားနှင့် နှင်းပန်းတို့သည် ပွင့်ချိန်ဖြစ်၍ ပန်းအလှများသည် မွှေးထုံသင်းပျံ့ကာ တန်ဆောင်မုန်းလ၏ အလှကို ပို၍ တင့်တယ်လှပစေပါတော့သည်။ အသက်ကြီးသူတို့သာမက လူငယ်များ၏သဘာဝ လွတ်လပ်စွာ သွားလာလှုပ်ရှား ကုသိုလ်ပြုကြသည့် ကထိန်ပဒေသာပင် အလှူပွဲတော်ကြီးတစ်ခုဟုလည်း ဆိုရပါပေမည်။

ကထိန်သင်္ကန်းဖြစ်ပေါ်လာရသည့် အကြောင်းရင်းမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန်၊ အနာထပိဏ်သူဌေးကြီး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးမွေ့လျော်စံနေတော်မူစဉ် ကောသလမင်းကြီးနှင့် ညီနောင်များဖြစ်သည့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ပါဝေယျတိုင်းမှ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပူဇော်ရန်အလို့ငှာ ဖူးမြော်ရန်လာကြသောအခါ ခရီးလမ်းအကြားရှိ

သာကေတမြို့တွင် ဝါကပ်တော်မူကြလကုန်၏။ သီတင်းဝါလကျွတ်၍ ဘုရားရှင်ရှေ့မှောက်တော်သို့ ရောက်ကြလေသော် သင်္ကန်းတော်တို့မှာ ရွှံ့နှင့် ရေများ စိုစိုစွတ်စွတ် ဖြစ်နေကြသည်ကို ဘုရားရှင် မြင်တော်မူပြီး ရဟန်းတို့၏ ပင်ပန်းဆင်းရဲမှု ညစ်ပေသော သင်္ကန်းတို့မှ သန့်ရှင်းစေမှု ထောက်ရှု၍ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့အား အကြောင်းပြု၍ ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုခဲ့သည့်ကာလမှပင် စတင်ခဲ့ကြောင်း လေ့လာမှတ်သားတင်ပြရပေသည်။

ကထိန်ဆိုသည်မှာ မူလ ပါဠိစကားလုံးမှ ပျက်၍ ပြောဆိုလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့ ကထိန်သင်္ကန်း လှူဒါန်းခြင်းကို ကောင်းမြတ်ပါပေ၏ဟု ပြောဆိုခြင်းပင် ဖြစ်ပါသည်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးမှ သံဃာတော်တို့အား လှူဒါန်းအပ်သော ကထိန်သင်္ကန်းအလှူသည် များမြတ်သောအကျိုးတရား ရှိပေသည်။ များစွာသောကောင်းကျိုးတရားတို့ကို ရရှိနိုင်ပေကြောင်း ချီးကျူးစကား မိန့်မှာထားခဲ့ကြောင်းကိုလည်း ကျမ်းဂန်တို့ဝယ် လေ့လာမှတ်သား တင်ပြရပါပေမည်။

**'ဘုရားမှာစိန်'** ဘုရားတည်လျှင် စိန်ဖူးတော်တင်နိုင်မှသာ အမြတ်ဆုံး၊ **'ကျောင်းဆိုလျှင် သိမ်'**၊ ကျောင်းမှာ သိမ်ရှိမှ တင့်တယ်သလို **'သင်္ကန်းတွင် ကထိန်'**ဆိုသည့်အတိုင်း သင်္ကန်းအလှူတွင် ကထိန်သင်္ကန်းအလှူကား ထူးမြတ်ပေကြောင်း တွေ့ရှိရပေသည်။ ကထိန်သင်္ကန်း လှူဒါန်းကြရာဝယ် လှူသူနှင့် အလှူခံသူတို့ နှစ်ဦးသီးနှစ်ဝ အကျိုးအာနိသင်ရှိကြပါကြောင်း၊ နည်းနာနိဿယကျဖို့လိုကြောင်း တွေ့မြင်ရပါပေသည်။ (ဥပမာ- မိမိလှူဒါန်းသည့် သင်္ကန်းဖြင့် ကထိန်မခင်းပါက သာမန်သင်္ကန်းအလှူမျှသာဖြစ်ပြီး ကထိန်သင်္ကန်း အလှူမမြောက်ပါကြောင်း၊ အလားတူ ကထိန်အလှူမြောက်ဖို့မှာ ရဟန်းသံဃာတို့ဘက်ကလည်း ကထိန်အာနိ

သံသကို နားလည်ခြင်း၊ အင်္ဂါရှစ်ပါး၊ သင်္ကန်းသုံးထည်၊ ကိစ္စရှစ်ပါးတို့ကိုပါ သိထားပါက ကထိန်သင်္ကန်းအလှူမှာ ထိရောက်လေးနက်ပါကြောင်း လေ့လာမှတ်သား တွေ့ရှိကြရပါပေမည်။

သုံးမည်သော သင်္ကန်းတော်တို့ကို (တိစီဝရိတ်) သင်္ကန်းသုံးစုံမှာ သင်းပိုင်-အောက်ပိုင်းဝတ်သင်္ကန်း၊ ကောသီ-ကိုယ်ရုံသင်္ကန်းနှင့် ဒုကုဋ်-ပုခုံးတင်သင်္ကန်းတို့ဖြစ်ကြောင်း စာပေကျမ်းဂန်တို့တွင် ရှင်းထားပါပေသည်။ ကထိန်သင်္ကန်းကို လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ရဟန်းသာမဏေ၊ သာမဏေ ရသိက္ခမာန်ဟူသော မြတ်စွာဘုရားရှင်၏ အတူနေတပည့် ငါးဦးတို့သည် တစ်ဦးဦးဖြစ်စေ ကထိန်သင်္ကန်း လှူဒါန်းနိုင်ကြောင်း လှူဒါန်းကောင်းပေသည်ဟု သိရှိရပါသည်။ အလှူရှင်တို့ မှတ်သားထားရန်မှာ ယင်းခွင့်ပြုထားသော သင်္ကန်းသုံးထည်မှ မိမိကြိုက်နှစ်သက်ရာ တစ်ထည်တည်းကိုသာ ခင်းရပါမည်။ နှစ်ထည်၊ သုံးထည် မခင်းရပါ။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုလည်း ရည်ရွယ်ပြီး မခင်းအပ်။ သံဃိကအလှူ ဖြစ်မြောက်အောင် သံဃိကအလှူစင်စစ်ဖြစ်အောင် သံဃာတော်တို့သာ ရည်စူး၍ လှူရကြောင်း တွေ့ရှိရပါမည်။ အလေးအနက်ထားအပ်သော အလှူတော် မင်္ဂလာ ဖြစ်လာရပါပေသည်။ အကျိုးတရားများမှာ ပြောပြ၍မကုန်အောင် များမြှောင် ကြီးမြတ်လှပါပေတော့သည်။

သာမန်သင်္ကန်းလှူဒါန်းသည်နှင့် မတူသည်မှာ ကထိန်သင်္ကန်း လှူသော ယောက်ျားပုဂ္ဂိုလ်တို့သည် ဟောဘိက္ခု ရဟန်းပြုရခြင်း၊ အလှူရှင်သည် မိန်းမဖြစ်ပါက "မဟာလတာ" ဆင်မြန်းရကြောင်း၊ မဟာကြီးမြတ်သော၊ လတာ-နွယ်ပန်းနှင့်တူသော အဆင်းတန်ဆာ၊ ကြီးမြတ်၍ ခြူးပန်း ခြူးနွယ် အသွယ်သွယ်တို့ဖြင့် စီရင်အပ်သော တန်ဖိုးကုဋေကုဋာတန် အလွန် လှပသည့် အဝတ်တန်ဆာတို့ ဆင်မြန်းရပါကြောင်း သိရှိသည်။

ဤကမတာဝယ် "မဟာလတာ"တန်ဆာဆင်မြန်းရသော အမျိုးသမီး ပုဂ္ဂိုလ်တို့မှာ ပုဗ္ဗာရုံကျောင်းအလှူရှင် ဝိသာခါကျောင်းအမကြီး၊ ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီသဌေးသမီး၊ ဤသုံးဦးသာ ဝတ်ဆင်ကြရကြောင်း ကျမ်းဂန်ထောက်ရှု တင်ပြရပါပေမည်။

စာဆိုရှင် ဖိုးသူတော်ဦးမင်းက ဤသို့ ဆိုထားပါလေသည်။

**"လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ဆုပန်ရှယ်၊**

**သည်အချိန်၊ ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညှာရင်းမှာ**

**သင်းရနံ့ကြွယ် ကောင်းကင်ဝယ်ဘုံဦး၊**

**ရွှေလစန္ဒာနှင့်ကြတ္တိကာ ကြယ်ရောင်လွှမ်းတယ်၊ ထွန်းထိန်လို့မြူး"**

စသည်ဖြင့် တန်ဆောင်မုန်းလကို ဖွဲ့နွဲ့ထားပါသည်။

မြတ်ကထိန်သင်္ကန်းလှူရသော အကျိုးမှာကား-

**"ရွှေသို့အဆင်း၊ မြူကြေးကင်းကို၊ ရောင်ဝင်းစုံစွ၊**

**ထွန်းလင်းပစဉ်၊ မကာသိန်းဖိုး၊ ပုဆိုးရလေ၊ ညီရွှေမြူနီ၊**

**ဤရှစ်လီသည် ကျမ်းညီသင်္ကန်းလှူကျိုးတည်း"**

ဟူ၍ ဆိုထားပေရာ ဤတန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ထူးမြတ်ပေရာ ကထိန်သင်္ကန်းတော်မြတ်အား သဒ္ဓါရှိမြတ် လှူဒါန်းအပ်ရာ ထူးမြတ်ပေလှ လတစ်လပင် ဖြစ်ပါတော့သတည်း။

○

## တန်ဆောင်မုန်းလပြည့်နေ့နှင့် သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာနှစ် တစ်ဆယ့်နှစ်လရာသီဝယ် မိုးလကုန်ဆုံးလျက် ဆောင်းလရာသီသို့ ကူးပြောင်းစကာလ ရာသီခွင့်မှာ ဖြစ်လာရာသီ၊ ဥတုမှာကား ဟေမန္တဆောင်းဥတု အကြိုကာလ မြောက်လေ အေးတို့က ဥတုရာသီကို ကြိုဆိုကာ စိမ့်အေးသော လေနုလေအေးတို့က ကြိုဆိုနေပါတော့သည်။ ထိုကာလတွင် ကြတ္တိကာနက္ခတ်နှင့်အပြိုင် နက္ခတ်သဘင်ပွဲများကို ကြက်ပျံကျ စီရင်ကင်းပပုံကို ဥမ္မဒန္တီပျို့ထဲမှာ လေ့လာတွေ့ရှိရပါလေသည်။

ရာသီပန်းအားဖြင့် ခဝဲပန်းများ ပွင့်သောကာလ ဖြစ်ပေသည်။ ထိုကာလ၏ ညချမ်းအခါဝယ် အဇ္ဈာ ကောင်းကင်ပြင်တစ်ခွင်လုံး မိုးရိပ် မိုးသားများ စတင်ကင်းစင်ကာ သီတဂူလမင်းကြီးကလည်း အလျံပ ဝင်းလက်ကြည်လင်စွာနှင့် နက္ခတ်တာရာများ အစုံအလင်တို့က ခြံရံလျက် အလွန်ပင် ကြည်နူးနှစ်လိုဖွယ်ကာလ ဖြစ်ပါပေသည်။ ထိုတန်းဆောင်မုန်း လပြည့်နေ့သည် တခြားသော လပြည့်နေ့ညများထက် ကျက်သရေ ပိုမို တင့်တယ်လျက် ရှိနေပါပေ၏ဟု စာဖတ်ပရိသတ်တို့ နှစ်လိုဖွယ် ခံစားမိကြ ရပါပေမည်။

ဩကာသ ကောင်းကင်ကြီးတစ်ခုလုံးဝယ် ဆောင်းဝင်စ အခြေ အနေတွင် လက်ကျန်မိုးရိပ်နှင့် နှင်းငွေနီဒါန်းတို့ကား ရောယှက်လျက် ရှိပါပေသည်။ သာယာကြည်နူးဖွယ်အသွင်ကို ဆောင်လျက် ရှိပါပေသည်။ တန်ဆောင်မုန်းလပြည့်နေ့အား အဇာတသတ်မင်းကြီးက တင်စားထား

သည်မှာ ရမဏီယာဝတ- မွေ့လျော်ဖွယ်ကောင်းသောည၊ အဘိရူပါဝတ- အလွန်လှပ ဆန်းပြားသောည ၊ ဒဿနီယာဝတ-ရှုဖွယ်ကောင်းသောည၊ ပါတာဒိကဝတ-ကြည်လင်ရွှန်းပသောည၊ လက္ခညာဝတ-မေ့မရသော ညပါတကားဟု ငါးပါးသောကောင်းချီးဖြင့် ချီးကျူးတင်စားထားပါ လေသည်။

လပြည့်ညသည် ညဥ့်နက်လေ တိတ်ဆိတ်လေ၊ ထိုသောအခါဝယ် အဇာတသတ်မင်းကြီးသည် မိမိ၏ ပြုခဲ့သောအကြောင်းတရားတို့အား ပြန်လည်စဉ်းစားတော်မူနေစဉ် ညဥ့်နက်လေ အိပ်မရဖြစ်လေ၊ စိတ်အစဉ်မှာ ချောက်ချားမှုများဖြင့် ဖြစ်နေလေတော့သည်။ ဤသို့ ဖြစ်နေခြင်းအား မည်သူက ဖြေဆည်ပေးနိုင်မည်နည်းဟု သမားတော်ကြီး ဇီဝကကို မေးမြန်း ခဲ့လေသည်။ ဗုဒ္ဓဘုရားမှတစ်ပါး မည်သူမျှ မစွမ်းဆောင်နိုင်ဟု ပြန်လည် ဖြေကြားခဲ့ရာ အဇာတသတ်မင်းကြီးက ညတွင်းချင်း ဘုရားကို ဖူးမြော်ခွင့် သင့်မည်လော၊ ယခုပင် သွားလိုသည်။ ဘယ်နေရာမှာ ဗုဒ္ဓဂေါတမမြတ်စွာ ဘုရား သီတင်းသုံးပါသနည်း။ အလောကဇောတိုက်ကာ မိမိ၏ ကြောက်မက်ဖွယ် အိပ်မက်ဆိုးများကို ဖယ်ရှားလိုမှု၊ ဘုရားကို ပူဇော်လို စိတ်တို့ တဖွားဖွား ဖြစ်ပေါ်နေသော ညမှာလည်း ဤတန်ဆောင်မုန်းလပြည့် နေ့ညပင် ဖြစ်ပေသည်။

အဇာတသတ်မင်းကြီး၏ ကျေနပ်နှစ်သိမ့်မှုကို ရစိမ့်သောငှာ သမားတော်ကြီး ဇီဝကမှာ သူလှူဒါန်းသည့် သရက်ဥယျာဉ်တော်အတွင်း သီတင်းသုံးတော်မူလျက် ရှိပေသည်။ ဘုရားရှင်ထံ သွားရောက်ဖူးမြော် ပူဇော်နိုင်ရန် စီမံဆောင်ရွက်ပါလေတော့သည်။ ဘုရားထံသို့ ဖူးမြော်ကြည်ညို ရန် သွားသောအချိန်ကာလမှာ တန်ဆောင်မုန်းလပြည့်နေ့ည သန်းခေါင်ယံ ကာလပင် ဖြစ်လေသည်။ ညချမ်းဖြစ်သည့်အတွက် ရာဇဂြိုလ်ဆိုသကဲ့သို့

တောရိပ်၊ တောင်ရိပ်၊ အမှောင်ရိပ်တို့က ပိန်းပတ်လျက် ကြိုဆိုနေပါလေသည်။ ရာဇဂြိုလ်မြို့ကြီး၏ အရှေ့တခါးမှ ထွက်လိုက်သည်နှင့် စာရေးသူခံစားမိပါ၏။ စိတ်ချမ်းသာ လွမ်းမောဖွယ်၊ တမ်းတဖွယ်၊ နှစ်လိုဖွယ်ည၏ အလှတစ်ပါးလို့ ဆိုရပါလေမည်။

ထိုလပြည့်နေ့ညဝယ် ဗုဒ္ဓဂေါတမမြတ်စွာဘုရားထံ နန်းတွင်းမှ အဆောင်ကိုင်၊ ပန်းကိုင်၊ ဆီမီးကိုင်တို့ဖြင့် စစ်သည်ဗိုလ်ပါ စုံလင်စွာဖြင့် လိုက်ပါသူအားလုံး လက်နက်အစား မီးရှူးတိုင်များကို ထွန်းညှိကိုင်ဆောင်၍ သွားကြရပါလေသည်။ မီးရှူးတိုင်ကိုင် ရှေးခေတ်အခေါ်အားဖြင့် "တန်ဆောင်"ဟူ၍ ခေါ်ဝေါ်ကြပေသည်။ တိုင်ထိပ်ဖျားမှာ ထွန်းညှိရသဖြင့် "တန်ဆောင်တိုင်"များ၏ အလင်းစွမ်းအင်ကိုင် အမှီပြုကာ သွားရောက်ကြခြင်းကြောင့် လမ်းများကို မြင်ကြရပါလေသည်။ ဤသည်ကို နှလုံးမူကာ နောက်လူတို့သည် တန်ဆောင်တိုင်ပွဲ မီးအလင်းရောင်ပွဲကို ပူဇော်ကျင်းပနေခြင်း ဖြစ်ပါပေသည်။

အဇာတသတ်မင်းကြီးသည် မိမိပြုခဲ့သော ကံအကြောင်းများကြောင့် လမ်းများကို မြင်ကြရပါလေသည်။ ဤသည်ကို နှလုံးမူကာ နောက်လူတို့သည် တန်ဆောင်တိုင်ပွဲ၊ မီးအလင်းရောင်ပွဲကို ပူဇော်ကျင်းပနေခြင်း ဖြစ်ပါပေသည်။

အဇာတသတ်မင်းကြီးသည် မိမိပြုခဲ့သော ကံအကြောင်းများကြောင့် စိတ်မှာ ဦးတည်ရာမရ တုန်လှုပ်ချောက်ချားမှု များစွာဖြင့် အိမ်မပျော်နိုင်ဖြစ်နေရာမှ ဘုရားထံ ကြည်ညိုပူဇော်ရန် သွားရောက်စဉ်ပင် မိမိ၏ တုန်လှုပ်ချောက်ချား စိုးထိတ်မှုတို့ တစ်စိတ်တစ်ဒေသ ပြေလျော့နေခဲ့သည်။ စိတ်ထဲမှာလည်း ငါ့ကို ဘုရားက ဖူးတွေ့ခွင့်ပြုပါ့မလားဟူ၍ အတွေးစိတ်တို့က ရောက်နေပါလေသည်။ ဘုရားသီတင်းသုံးရာ သရက်ဖြူ

ဥယျာဉ်ကျောင်းပေါက်ဝကိုရောက်သည်နှင့် သံဃာတွေရဲ့အလယ်မှာ ဗုဒ္ဓဘုရားရှင်က "ဒကတော် ရေမြေ့ရှင်၊ ဝင်လှည့်ပါ။ နေထိုင်ရာ ထိုင်ခင်းသင့်လျော်ရာ၌ နေထိုင်ပါ" စသည်ဖြင့် နေရာပေးခြင်း၊ ဖိတ်ခေါ်မှုကို ကြားတွေ့ရသောအခါ ကြက်သီးမွေးညင်းထလောက်အောင် အဇာတသတ်မင်းကြီး ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်ခဲ့သည်ဟု အဋ္ဌကထာ ဆရာများကဆိုထားသည့် စာပေများကိုလည်း လေ့လာတွေ့ရှိရလေသည်။

ထိုတန်ဆောင်မုန်းလပြည့်နေ့ဝယ် ဘုရားဂေါတမသည် အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ ညသန်းခေါင်ယံ "သာမညဖလ" သုတ္တန်ကို ဟောကြားတော်မူခဲ့ခြင်းကြောင့် "သာမညဖလအခါတော်နေ့" ဟု သတ်မှတ်၍ ယနေ့တိုင် ပူဇော်နေခြင်း ဖြစ်ပါသည်။ သာမညဖလသုတ်တော်၏ အဓိကမှာ အခြေခံသီလနှင့် ပြည့်စုံခြင်း (၅)မျိုးအပြင် သတိဆင်ခြင်တုံတရားနှင့် ရောင့်ရဲခြင်းတို့အား အရင်းတည်၍ အားထုတ်ပွားများပါလျှင် နိဝရဏတည်းဟူသော တားဆီးပိတ်ပင်ခြင်းကင်းကာ ဈာန်တရား၊ ဝိဇ္ဇာ (၈)ပါး၊ မဂ်ဖိုလ်ရနိုင်သည်အထိ ဤသုတ္တန်က အတိအလင်း ညွှန်ပြထားခြင်းကို အဇာတသတ်မင်းကြီး နာကြားခဲ့ရပြီး ရင်ထဲမှ အပူသောကတို့ ကင်းဝေးငြိမ်းအေးသောကာလမှာ ဤတန်ဆောင်မုန်းလ ညသန်းခေါင်ကာလပင် ဖြစ်ပါပေတော့သည်။

အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန် ဟောဖော်ညွှန်ပြဆုံးမသော ဤတန်ဆောင်မုန်းလပြည့်နေ့ညဝယ် ဘုရားထံသို့ ဆီမီးတိုင်များဖြင့် အဇာသတ်နှင့် မှူးမတ်ဗိုလ်ပါအပေါင်းတို့ လာရောက်ကြည်ညိုခြင်းအား အစွဲပြု၍ တန်ဆောင်တိုင် မီးထွန်းပွဲတော် ဖြစ်ပေါ်လာပုံ၊ တန်ဆောင်မုန်းလပြည့်နေ့၊ သာမညဖလအခါတော်နေ့အား ရေးသားပူဇော်တင်ပြလိုက်ရပါသည်။

၀

## သာမညဖလအခါနှင့်
## တန်ဆောင်မီးထွန်းပွဲတော် ဦးပူဇော်

တန်ဆောင်မုန်းလအခါသမယနှင့်စပ်လျဉ်း၍ ကုန်းဘောင်ခေတ်နှောင်း ကောဇာသက္ကရာဇ် (၁၂၄၂) ခုနှစ်တွင် ယောအတွင်းဝန် ဦးဖိုးလှိုင်က သူ၏ ဥတုဘောဇနသင်္ဂဟ ကျမ်းတွင် တန်ဆောင်မုန်းလသည် ဟောမန္တ ဥတု မည်၏၊ လောကသည် အေး၏၊ ဆီးနှင်း များ၏၊ မြောက်လေလာ၏။ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့သည် မြူးထူးကုန်၏။ ဆီးဖြူခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင် စသောပန်းတို့သည် ပွင့်ကုန်၏။ ချိုဆိမ့်သော၊ အရသာရှိသော အမြစ်၊ အသီး၊ အရွက်၊ အပွင့်တို့သည် အားရှိကုန်၏ဟူ၍လာကြောင်း မှတ်တမ်းတင်ထားသည်။ ထို့အပြင် ရတနာပုံခေတ် (ကောဇာနှစ်-၁၂၄၀) တွင် ကင်းဝန်မင်းကြီးဦးကောင်းက တန်ဆောင်မုန်းနှင့်ပတ်သက်၍ မှတ်တမ်းပြုခဲ့သည်မှာ ရာသီမှာ ဗြိစ္ဆာ၊ ကင်းမြီးကောက်ပုံ(Scorpius) စန်းဖြင့် နက္ခတ္တဒေဝကြယ်စုသည် ကြတ္တိကာ (ဖျောက်ဆိပ် Pleiades, Taun) ကြယ်ငယ်စု၊ သင်တုန်း၊ စပါးနှံရုပ်နှင့် ရာသီပွဲများမှာ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ကျီးမနိုးပွဲတော်နှင့် သာမညဖလအခါတော်နေ့ပွဲတော် စသည်တို့ ကျင်းပကြသည်။

တန်ဆောင်မုန်းလကို ရှေးအခါက (တန်ဆောင်မှုန်) ဟူ၍ ရေးထိုးမှတ်သားကြ၏ ထို့မှတစ်ဆင့် (တန်ဆောင်မှုန်း) ဟူ၍ ပြောင်းလဲခေါ်ဆိုခဲ့ရာ၊

အင်းဝခေတ်သို့ ရောက်သည့်အခါ (တန်ဆောင်မုန်း)ဟု ခေါ်တွင်လာခဲ့ကြသည်။ (တန်ဆောင်)သည် မီးတိုင်ဆီမီးဖြစ်၍ (မုန်း)သည် တောက်ပထွန်းလင်းခြင်း မည်၏။ ထို့ကြောင့် ဤလသည် မီးရှူးမီးတိုင်တို့ကို ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးထွန်းလဟုလည်း သတ်မှတ်ခဲ့ကြသည်။ ထို့အပြင် တန်ဆောင်သည် မီးရှူးတန်ဆောင်မည်ပြီး မုန်း (မှုန်း) သည်ကား ပျောက်လွင့်ချေမှုန်းခြင်း ဖြစ်လေသည်။ အမိုက်အမှုန်တို့ကို မီးရှူးတန်ဆောင်ဖြင့် ပြောက်နှင့် ချေမှုန်းသောလဟူ၍ ဖြစ်လေသည်။

ဤအခါသမယကို မီးထွန်းလဟု သတ်မှတ်ခဲ့ခြင်းမှာ စန်းလှည့်နက္ခတ်ဖြစ်သော (Muwadum)ကို ဒဟာနီမည်သော မီးနတ်က စောင့်ကြပ်သည်ဖြစ်၍ ဒဟာနီမီးစောင့်နတ်ကို ဤလ၌ ရှေးဟောင်းလူတို့ ပူဇော်ခဲ့ကြရာမှ ရွေ့လျားလာခဲ့သော မြန်မာမှု အစဉ်အလာပွဲတော် ဖြစ်လာကြောင်းလည်း ယူမှတ်ခဲ့ကြလေသည်။

**"မီးပန်းပွင့်ကုံး တန်ဆောင်မုန်း၊ ဆန်းတန်ဆောင်မုန်း**
**ချစ်စိမ့်တုန်းဝယ်၊ မိုးလုံးထိန်ဝါ ကြတ္တိကာလျှင်၊**
**တန်ဆောင်မုန်းကား၊ မန္တန်းမိုးသား၊ တိုင်ထွတ်ဖျားတွင်**
**ငါးပါးကျိုးရှိ၊ မီးပွင့်ညို၍ ကရဝိတ်လည်း ချစ်ရိပ်သွယ်လို့**
**ငယ်တံတွတ်တီး၊ ဆီမီးကထိန်၊ မြောက်လေကကြီးသနှင့်**
**တန်ဆောင်ငယ်ညီ လင်းဆီမီးပွင့်လို့ ရှိုးမြင့်သရေခဝဲရွှေနှင့်**
**စဲငွေနဒီ၊ သဲဖွေညီစွာ လျူကထိန်တန်ဆောင်ထွန်းသည်နှင့်**
**မှောင်ကျွန်းခြင်လျှံကွန့် ပါဘီ၊ မိုးညှင်းဗဟို"**

စသည်ဖြင့် ဤတန်ဆောင်မုန်းလ မီးထွန်းသမယကို ရှေးဟောင်းမြန်မာကြီးတို့ ဖော်ညွှန်းမဆုံး ရှိခဲ့ကြလေ၏။ နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပေသည်။

တန်ဆောင်မုန်းလ မီးထွန်းကြသည့် သမိုင်းအစ ရှာဖွေတင်ပြရ

မည်ဆိုလျှင် (သူကောင်း)ဟူသော ဝေါဟာရအဓိပ္ပါယ်နှင့် ဆက်စပ်လျက် ရှိနေပေသည်။ သူကောင်းဟူသည်မှာ တန်ဆောင်မုန်းလအခါ ဆင်ခြင်စရာ တရားပင် ဖြစ်ပေသည်။

အကြောင်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာ ရှင်တော်ဗုဒ္ဓ၏ ဝါတော်(၂၀)မြောက် မဟာသက္ကရာဇ်(၁၂၂ခုနှစ်)တွင် ဖြစ်ပွားခဲ့သော အကြောင်း ဖြစ်သည်။ နေရာဒေသကား ရာဇဂြိုလ်ပြည် သမားတော်ကြီး ဇီဝက၏ အမ္ဗဝန ကျောင်းတော်၌ ဖြစ်သည်။ တန်ဆောင်မုန်း လပြည့် ညဦးယံတွင် ဗုဒ္ဓမြတ်စွာသည် ထိုနေရာဒေသ၌ အဇာတသတ်မင်း နှင့် သံဃာတော်အပါင်း (၁၂၅၀)တို့အား သာမညဖလသုတ် (ခေါ်) သူတော်ကောင်းသူတော်မြတ်ဖြစ်ရာ ဒေသနာတရားတော်များကို ဟောကြား တော်မူခဲ့သည်။

ဤသို့ ဗုဒ္ဓမြတ်စွာဘုရားက အဇာတသတ်မင်းအား သူတော် ကောင်းသူတော်စင်ဖြစ်ရာ ဒေသနာတော် သာမညဖလသုတ္တန်ကို ဤ တန်ဆောင်မုန်းလပြည့်နေ့၌ ဟောကြားရခြင်း မူလအစသည်ကား မာဂဓ တိုင်း ရာဇဂြိုလ်ပြည့်ရှင် အဇာတသတ်မင်းသားသည် ဒေဝဒတ်မည်သော သူယုတ်မာနှင့် ပေါင်းဖော်မိသဖြင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးလျှင် ထီးနန်းကို သိမ်းပိုက်ခဲ့၏။ ထို့နောက် ဒေဝဒတ် လူယုတ်မာ သည် မြတ်ဗုဒ္ဓအရှင်တော်မြတ်ကိုပင် လုပ်ကြံရန် ကြံစည်ပြန်သဖြင့် ဒေဝဒတ် မြေမျို၍ အသေဆိုးဖြင့် သေဆုံးသွားခဲ့ရသည်။ ထိုအကြောင်း ကြောင့် အဇာတသတ်မင်းသည် ကြီးစွာသော ထိတ်လန့်တုပ်လှုပ်မှုကို ခံစားရပြီး မိမိအား အမှန်တရားကိုပြပြီး စိတ်နှလုံးအေးငြိမ်းစေမည့် သူတော် ကောင်း မိတ္တကလျာဏကို မရမနေ တမ်းတရှာဖွေလေရာ ပထမ၌ ပုရာဏ ကလျာဏကို၊ မရမနေ တမ်းတရှာဖွေလေရာ ပထမ၌ ပုရာဏကဿပ

စသော တိတ္ထိ- ဆရာကြီးခြောက်ဦးတို့၏ ဂဃာဝါဒများကို ကြားနာ၍ စမ်းကြည့်၏။ သဘောမတွေ့၊ ကျေနပ်မှုမရှိ၊ မိမိအလိုရှိသော သူကောင်းဟူသည် ဤအဖြေမဟုတ်။ ဘဝင်မကျဘဲ ရှိနေချိန်တွင် သူကောင်းမွန်ဖြစ်သော သမားတော်ကြီး ဇီဝက၏ ဦးဆောင်မှုဖြင့် ဤတန်ဆောင်မုန်းလပြည့်နေ့ ညဦးယံတွင် ရာဇဂြိုလ်မြို့အနီးရှိ ဇီဝက လှူထားသော သရက်ဥယျာဉ်တော်ရှိ မြတ်စွာဘုရား သီတင်းသုံးစံနေတော်မူရာသို့ အဇာတသတ်မင်းနှင့် နောက်ပါအဖွဲ့ဝင်များ ခြံရံလျက် ရွှေနန်းတော်မှ မင်းခမ်းမင်းနားဖြင့် ထွက်လာခဲ့ကြရာ တောရိပ်၊ တောင်ရိပ်၊ လရောင်ရိပ်များဖုံးလွှမ်းနေသော လမ်းခရီးတစ်လျှောက်၌ မီးရှူးမီးတိုင်၊ ဆီမီးတိုင်များ ထွန်းညှိကာ ကိုယ်စီကိုယ်င ကိုင်ဆောင်၍ စီတန်းလျှောက်လှမ်းခဲ့ကြရသည်။ ထိုသို့သော အကြောင်းတရား အစဉ်အလာများဖြစ်သော မြတ်စွာဘုရားကို ဖူးမြော်ရန်အတွက် တန်ဆောင်မုန်းလပြည့်ရောက်တိုင်း တန်ဆောင်ဆီမီးထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြရိုး ဖြစ်၏။ ကောင်းမွန်မြတ်နိုးဖွယ်ရာ အစဉ်အလာတစ်ရပ် ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ဤတန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းမြတ်သော သာမညဖလတရားတော်က သူတော်ကောင်းဟူသည်နှင့် စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာ အမှူးပြုသော တပည့်ရဟန်းနှင့် ရှေးပညာရှိ ကဝိအဆူဆူ သူတော်မွန် သူတော်မြတ် အဆက်ဆက်တို့သည် တစ်လောကလုံး လူသားတစ်ရပ်လုံးတို့ တင့်တယ်သာမောကြစေရေးတို့ကို ရှေးရှု၍ သူတော်ကောင်း သူမြတ်လောင်းဖြစ်ကြစေကြောင်း ဩဝါဒမေတ္တာစကားဒေသနာနှင့် နီတိအဖြာဖြာများစွာ လမ်းမှန်မြွက်ကြားခဲ့ကြ၏။

ထိုအကြောင်းများကြောင့် တန်ဆောင်မုန်းလပြည့်အခါသမယ၌ မြတ်ဗုဒ္ဓရှင်တော် ဘုရားဟောကြားခဲ့သော သာမညဖလသုတ်တော်ကို

နာကြားလိုက်ရသော အဇာတသတ်မင်းကြီးသည် ဗုဒ္ဓသာသနာတော်ကြီးကို အကြွင်းမဲ့ သက်ဝင်ယုံကြည်ဝင်လာခဲ့ပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံး ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ဦးအဖြစ် ရောက်ရှိခဲ့ရသည်။ ဤတရားတော်ကို ကြားနာရသဖြင့် အရှင်မြတ်ဗုဒ္ဓဘုရား မိုက်မဲတွေဝေ မလိမ္မာ၍ဖြစ်ခဲ့သော ကိလေသာအပြစ်သည် တပည့်တော်အား လွှမ်းမိုး၍ သွားခဲ့ရပါသည်။ တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ဖခမည်းတော်ကို မင်းစည်းစိမ် (အာဏာ)ဟူသောအကြောင်းကြောင့် တပည့်တော် လုပ်ကြံသတ်ဖြတ်ခဲ့မိပါသည်ဘုရား။ တပည့်တော်၏ ထိုအပြစ်ကို နောင် အခါ စောင့်စည်းခြင်းငှာအပြစ်ဟု မြတ်စွာဘုရား လက်ခံတော်မူပါဘုရားဟု လျှောက်ထားခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားက-

"မင်းကြီး... အကြင်သူသည် အပြစ်ဟု အကြောင်းအားလျော်စွာ ကုစားကြ၏။ ဤကုစားစောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင် ဖြစ်လေသတည်း" ဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။


ထိုအကြောင်းတရားများကြောင့် အဇာတသတ်မင်းသည် မိမိ၏ အပြစ်ကို ကုစားနိုင်ခဲ့သဖြင့် အပြစ်ကြီးလေးသော မဟာအဝီစိငရဲတွင် မကျခံရတော့ အပြစ်ဒဏ်ပေါ့လျော့သော လောဟကုမ္ဘီငရဲ၌သာလျှင် ကျရောက်ခဲ့ရလေသည်။ နောက်အခါ ဝိဇိတာဝီမည်သော ပစ္စေ ကဗုဒ္ဓါ ဖြစ်၍ ကျွတ်တမ်းဝင်လိမ့်မည်ဖြစ်ကြောင်း မိန့်ဆိုခဲ့ပေသည်။

အဇာတသတ်မင်းသည် ဗုဒ္ဓဘာသာကို အထူးကြည်ညို လေးစားပြီး ပထမသင်္ဂါယနာတင် လျှူနိုင်ခဲ့ခြင်း၊ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက် တည်ထောင်ခဲ့ခြင်း၊ ဗုဒ္ဓသာသနာ နှစ်ကို အတိအကျ သတ်မှတ်ခဲ့ခြင်းအပြင် ပိဋကတ်တော်များကို မပျက်စီးရ

လေအောင် သင်္ဂါယနာ အဆက်ဆက်တင်၍ ယနေ့တိုင်အောင် ထိန်းသိမ်းနိုင်ခြင်းသည် အဇာတသတ်မင်း၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် ဖော်ပြရလျှင် ယနေ့အထိ ဗုဒ္ဓသာသနာတော်ကြီး မကွယ်ပျောက်ဘဲ ပိဋကတ်တော်များကို သံဃာတော်များ ထိန်းသိမ်းစောင့်ရှောက်၍ ယနေ့တိုင် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုးနေသည်မှာ ဤတန်ဆောင်မုန်းလပြည့်ဒေသနာ သာမညဖလ တရားတော်ကြီး အဇာတသတ်မင်းကြီးနှင့် ဗုဒ္ဓ၏ သားတော်ရဟန်း သံဃာတော်များ၏ ကျေးဇူးတော်ကြောင့်ပင်ဖြစ်ပါကြောင်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုရင်း ရေးသားပူဇော်တင်ပြလိုက်ပါပေသည်။

○



## စာပန်းချီအလှ ရှမဝ ပူဇော်ဂုဏ်ပြုကြ

မြန်မာနိုင်ငံသည် လရာသီတစ်ဆယ့်နှစ်လဝယ် လစဉ် မြန်မာမှု ပွဲလမ်းသဘင်များ၊ တစ်နည်းဆိုလျှင် ဗုဒ္ဓယဉ်ကျေးမှုပွဲတော်များဖြင့် သာယာလှပတင့်တယ်စွာ ရှိနေပါပေသည်။ မြန်မာလ၏ (၈)လမြောက် နတ်တော်လသည် ဆောင်းကာလသို့ရောက်ရှိပြီး မြူနှင်းတို့က ဝေဆာလျက် ဟေမန္တဆောင်းကာလသို့ သက်ဆင်းကာ မြိုင်ဟောဝန်ဂနိုင် တကြောမှာဖြင့် ဂမုန်းပန်း၊ သဇင်ပန်းတို့ဖြင့် သင်းကြူလှိုင်နေသောကာလဝယ် မြန်မာ စာဆိုရှင်၊ စာပေနှပညာရှင်ကြီးတို့အား ဂုဏ်ပြုပွဲများကို ရှေးဘုရင်များ ခေတ်ကတည်းက ကျင်းပခဲ့ကြောင်း မြန်မစာပေသမိုင်းတွင် ထင်ရှားရှိနေ ခဲ့ပြီး ဖြစ်ပေသည်။

နတ်တော်လသည် ဓနုရာသီခွင်သို့ သက်ဆင်းကာ ဆောင်း ဟေမန္တကာလဝယ် သဇင်ပန်းတို့သည် ပင်ယံထက်ဖျား၌ ထည်ဝါစွာ မွေးရနံ့ ထုံသင်းနေသောကာလ ဖြစ်ပေသည်။ မိတ်ဖက်ပန်းများဖြစ်သည့် ဂမုန်းပန်းတို့ကလည်း အားဖြည့်ကာ အလွန်မှ အေးချမ်းသာယာပြီး မွေးရနံ့ တို့သည် ရဂုံမြိုင်တောဒ္ဓ လွင့်ပျံ့နေသလို ကျေးငှက်သရက်ကာတို့ကလည်း ပျော်မြူးလျက် အော်မြည်သံသာဝေနေပါပေသည်။ ဤရာသီခွင်၌ မိဂသီ နက္ခတ် ဆန်းယှဉ်ကာ ဆင်တာရာ သောက်ရှူးပြီး မူလ/ပြုဗ္ဗာသဋ်၊ ဥတ္တ ရာသ ဋ် စသည်တို့ကလည်း ဝန်းရံလျက် လွန်စွာမှ တင့်တယ်လှ ပါပေသည်။

အလွန်အေးချမ်းသာယာငြိမ့်ညောင်းသော နတ်တော်ကာလ အခါသမယ၏ ရှေးစာဆိုတော်ကြီးများအား ဂုဏ်ပြုပွဲ၊ စာပေကဗျာ ရွတ်ဖတ်ပွဲများအား အင်းဝခေတ်၊ ကုန်းဘောင်ခေတ်များကတည်းက ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါလေသည်။ ထို့အတူ စာပေ နယ်ပယ်၌ ထူးချွန်ပြောင်မြောက်သူများကို တခမ်းတနား အလေးထားကာ ဂုဏ်ပြုပွဲများအား ရှေးရှေးကတည်းက အနှစ်သာရရှိစွာ နတ်တော်လ၌ ကျင်းပပုံကို ရှုမြင်ကြရပါပေမည်။

သို့ဖြစ်ရာ ရှေးကအစဉ်အလာရှိခဲ့သည့် စာဆိုတော်နေ့ သတ်မှတ် ဂုဏ်ပြုရေးကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက ၁၉၄၄ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေးကပင် စာဆိုရှင် ဦးပုညနေ့အစား ဗမာ့စာဆို တော်နေ့ ကျင်းပရန်နှင့် စာဆိုတော်နေ့ကို မြန်မာနှစ် နတ်တော်လဆန်း (၁)ရက်နေ့ကို သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။

ယင်းသို့ ကျင်းပလာခဲ့ရာ စာဆိုတော်နေ့ အခမ်းအနားကြီးအား ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်၊ မြန်မာနှစ် (၁၃၀၆ ခုနှစ်)မှ စတင်ကျင်းပလာခဲ့သည်ကို တွေ့ရှိရပါပေသည်။ စာဆိုတော်နေ့ အခမ်းအနားကြီးကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက ကြီးမှူး၍ ဦးစီးကျင်းပခဲ့လေသည်။ စာဆိုတော်နေ့ အခမ်းအနားတွင် စာဆိုရှင် သက်ကြီးဝါကြီး၊ ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ကဗျာရွတ် ဆိုပြိုင်ပွဲများကိုပါ ကျင်းပပြုလုပ်လာခဲ့သည်ကိုလည်း တွေ့ရှိကြရပါပေမည်။

ဤစာဆိုလကို နတ်တော်လတွင် ကျင်းပရခြင်းသည် ရှေးစာဆို ကျော်ပုဂ္ဂိုလ်များအား တင်စားထားသော စာဆိုတော်လဟုဆိုရာဝယ်

လောကီသဘာဝ လောကုတ္တရာ သမိုင်း၊ ပထဝီ အနေအထားတို့အား လည်းကောင်း၊ နိုင်ငံကို စွမ်းဆောင်သူတို့အား ဂုဏ်ပြုသည့် စာပေမှုတို့ လည်းကောင်း၊ သူရဲကောင်းတို့အား တင်စားသည့် အဖွဲ့အနွဲ့၊ မြန်မာစာပေ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့ထုံးစံတို့အား မကွယ်ပျောက်ရလေအောင် ရေးသားဖော်ထုတ် ဂုဏ်ပြုတင်စားပေးကြသူများမှာ စာဆိုရှင်ပညာရှင်ကြီးများပင် ဖြစ်ပေသည်။

ထို့ကြောင့် နတ်တော်လတွင် စာဆိုတော်နေ့ ကျင်းပရခြင်းသည် ထိုစာဆိုရှင်များမှာ နတ်တမျှ တော်သည်၊ နတ်တို့ပင် လိုက်မမှီအောင် စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု အနုပညာတို့ဖြင့် ခြယ်မှုန်းပေသောကြောင့် နတ်တမျှတော်ပေသည်။ နတ်ပင် ရှုံးလောက်ပေသည် စသည်ဖြင့် နတ်တော်လဟူ၍ ပေါ်ထွက်လာခြင်းကို မြန်မာစာပေနယ်ပယ်မှာ တွေ့ရှိရပါလေသည်။ ထိုနတ်တော်လကို စာဆိုရှင် ဖိုးသူတော်ဦးမင်းက ဤသို့ ဖွဲ့ဆိုထားပါလေသည်။

**"ရှစ်ခွင်ကို မြူဆင်းလို့၊ ငွေနှင်းတဲ့နုစို၊ ဂမုန်းသဇင်တို့၊ စုံခွင်မှာ**
**လေရှိုညင်းက၊ သုတ်သွင်း ဘယ်ညာနှံ့၊ သင်းပျံ့ပျံ့ရို ၊**
**ယုဂန္ဓိုရ်၏ တောင်မိုထိပ်ဖျား၊ ရွှေလစန္ဒြာနှင့်**
**ကြတ္တိကာတိမ်ရောင်စွန်း ထွန်းထိလို့မြူး"**

ဟူ၍ ဖွဲ့ဆိုထားသည်မှာ နတ်တော်လ၏ အလှတရား၊ ဆောင်းဟေမန္တနှင်းမြူတို့ အေးမြစွတ်စိုနေပုံ ၊ ကြယ်လနက္ခတ်တာရာ ယှက်သန်း သောက်ရှူးနေပုံတို့မှာ အလွန်မှ မွေ့လျော်ဖွယ် ဖြစ်ပေသည်။ ထိုလကို စာဆိုလ သတ်မှတ်ကျင်းပခြင်းကလည်း ငြိမ်းချမ်းသောလဟု ခေါ်ဆိုလျှင် ပို၍ သင့်လျော်လှပါပေသည်။

ထို့အတူပင် မဟာအတုလမင်းကြီးသည် ဆယ့်နှစ်လရာသီဘွဲ့

လွမ်းချင်းထဲမှ နတ်တော်လဘွဲ့ကို ဤသို့ ဖွဲ့ဆိုထားသည်မှာ ကောက်နုတ်ဖော်ပြပါလျှင်...

**"ရာသီနေ၊ ရွှေဟသာလည်း တာရာပြုလို့၊**
**ဧယုဗြဟ္မာ ဟောမန္တမို့ မဟာပိန္နဲ နတ်မင်းပွဲမှာ**
**ကျွေးမြဲပူဇော် လနတ်တော်ကို ရှမျော်တိမ်ဆီ မိဂသီလည်း"**

ဟူ၍ ဖွဲ့ဆိုထားပေသည်မှာ နတ်တော်လသည် အလွန်အေးချမ်းပြီးဆောင်းကာလဖြစ်သည်နှင့်အညီ ကျင်းပလာခဲ့ပုံ၊ ဟသာတာရာသောက်ရှုးပုံတို့အား ရာသီအလှ စာအလှဖြင့် ဖွဲ့ဆိုတင်ပြထားပါပေသည်။

ထို့ကြောင့်သာလျှင် ရှေးကဆိုထား စာဆိုများအား လေးစားကြည်ညို သဒ္ဓါပိုလျက် ဂုဏဝုဒ္ဓိ၊ ဝရဝုဒ္ဓိ ရေးဖွဲ့သီကျူး ပုံဖော်ကူးလျက်တင်စားဖော်ထုတ်ရေး ကောက်နုတ်သူ ထိုဆရာအရှင်တို့သာ ရေးသားဖွဲ့နွဲ့စွမ်းဆောင်ခဲ့၍ ယနေ့အခါ လူများစွာသည် စာပေယဉ်ကျေး မြန်မာရေးဝယ်ထင်ရှားပေါ်လွင် ရှိနေပါပေသည်။

လောကစံအလှ၊ စာပေအလှကို ခြယ်သရေးသီ စာဆိုတို့သည် စာပေသမိုင်း လူ့သိုင်းဝိုင်းတွင် ပန်းချီအလှ ပုံဖော်ပြနယ် ရှုဖွယ်မဆုံးပီတိဖုံးကာ လေးစားစံပြုပူဇော်မှုဖြင့် ကြီးမားထည်ဝါ ဂုဏ်ပြုပါသည်။ သူ့သမိုင်းတွင် ပူဇော်မဆုံး တအုံးအုံးနှင့် ရင်မှာလှိုက်လှဲ ပူဇော်ပွဲကို စဉ်မြဲသေချာ ပူဇော်ခဲ့ကြပါပေသည်။ ထို့ကြောင့်သာလျှင် စာပေကဏ္ဍမှလူသားဘဝလှပအောင် ဖော်ဆောင်ပေးနိုင်သော ရှေးစာဆိုပညာရှင်တို့အားလေးစားသမှုဖြင့် နတ်တော်လတွင် ဝမ်းမြောက်ပူဇော်ဆင်နွှဲခြင်းသည်အစဉ်အလာရှိစွာ ပြုဆောင်နေခြင်းမှာ အလွန်မှ နှစ်သက်ကြည်နူးစရာမင်္ဂလာတစ်ပါး ဖြစ်နေရပါပေသည်ဟု ရေးသားတင်ပြလိုက်ရပါတော့သည်။

○



## ပြာသိုလ မြင်းခင်းအလှနှင့် ကရင်နှစ်သစ်ကူးပွဲတော် ဇာတ်ပျော်

မြန်မာနှစ်၏ တစ်ဆယ့်နှစ်လရာသီစက်ဝန်းတွင် ပြာသိုလ အခါသမသည် မကာရရာသီခွင် သက်ဆင်းကာ ဆောင်းဦးချိန်အခါ ကာလသို့ ရောက်ရှိနေပါပေသည်။ မြင်းတာရာ သောက်ရှူးသရဝဏ်၊ နေသိဒ္ဓိ၊ သတ္တဘိသျှတည်းကဲ့သို့သော မိတ်ဖက်ကြယ်တာရာတို့ကလည်း ဖွေးကျအေးမြသော အသွင်ကိုဆောင်လျက် ရှိပေသည်။

ထိုလရာသီတွင် ခွာညိုပန်းသည် ရာသီပန်း ဖြစ်ပေ၏။ ယင်းနှင့်ယှဉ်ကာ မိတ်ဖက်ပွင့်ဝေကြသောပန်းတို့မှာ သဇင်ပန်း၊ ပေါက်ပန်း၊ လဲပန်း၊ သရဖီပန်းတို့ကလည်း မွှေးရနံ့ကြွယ်လျက် ဖေးကူကာ ပွင့်ဝေဆာလျက် ရှိပါပေသည်။ ဆောင်း၏အလှတို့သည်ကား ပို၍ အမှတ်ရ လွမ်းဆွတ်တမ်းတကာ ကြည်နူးအေးမြသောလ ဖြစ်ပေသည်။

ထိုကာလဝယ် မြောက်လေက အေးမြစွာ ဆောင်ယူလာပြီး ပန်းရနံ့၊ မွှေးရနံ့ ထုံကြိုင်လျက် ဆောင်းနှင့် အဘော်ဖြူငွေနှင်းတို့က အပြိုင်ကြဲလျက် ရှိနေကြပါတော့၏။ သည်လောက်တောင် အေးသည်ကို အချုပ်တန်းဆရာဖေက ဤသို့ စာဖွဲ့ထားပါလေသည်။

"ခန်းဆောင်ရွှေ- ရဝေတွင်းမှာလ၊
ချမ်းပေါင်လေ- တဖေတင်းသော်လည်း
ဖြေရှင်းရယ်တဲ့ နိုက်နိုက်တုန်"

ဟူ၍ ပြာသိုလ၏ အအေးဓာတ်ကို ဖွဲ့ဆိုထားပါသည်။

စာဆိုရှင် လူဦမင်းကလည်း ဤကဲ့သို့ ရေးဖွဲ့ထားပြန်၏။

"မြရည်သာကျင်းတော့သည် ၊ ကျနှင်းတန်တန်နှင့်
ကေနံ တောင်နေနှင့် ကုမ္မေကုမ္မေခြံ့တော့
လေးရှုသာပုံတော့မယ် ခုလုံပဲကို"

စောင်တွေကို ဘယ်လောက်ပဲထူအောင်ခြုံခြုံ လေးရှုသာ ရှိပေမည်။ နေပူစာလှုံသော်လည်း မနွေးနိုင်သော အချမ်းမလုံသော လရာသီပါပဲဟု ဖွဲ့ဆိုထားရှိခဲ့ပေသည်။ ဥမ္မာဒန္တီပျို့၌ ဦးရွှန်းက ဖွဲ့ထားသည်မှာ ဤဆောင်းကာလကို ဤသို့ ဆိုထား၏။

"ဒေါင်းငှက်ကတွန်၊ ဆောင်းလက်မှန်၌ စွန်ကလည်းဝဲ၊
တွန်ကြဆဲလျှင်၊ ဝမ်းဘဲကကျွေ၊ ချမ်းမြထွေ၍
သမင်ကတောက်ချေကယောက်၊ လောကမြောက်နှင့်
နှင်းပေါက်မဝေ၊ မိုးမစွေသား"

ဟူ၍ ဆောင်းအအေးကို တောနေသတ္တဝါတို့၏ လေ့ဘာသာသဘာဝတို့နှင့် ထည့်သွင်းဖော်ပြထားခြင်းကလည်း ပြာဆိုလ ဆောင်းကာလကို ပို၍ ပီပြင်စေခဲ့ပါသည်။

ဤပြာသိုလသည် တောင်ယာလယ်လုပ်သူတို့ လယ်ယာခွင် လုပ်ငန်းပြီးစီး ကောက်သစ်ပေါ်သော လတစ်ပါးပင် ဖြစ်ပေသည်။ ထိုကာလဝယ် ကရင်တိုင်းရင်းသားတို့သည် ပြာသိုလဆန်း (၁)ရက်နေ့တွင် ကောက်သစ်စားပွဲနှင့် ကရင်နှစ်သစ်ကူးပွဲတော်ကို ကျင်းပမြဲ ဖြစ်လေသည်။

ကောက်ညှင်းပေါင်းဖြင့် အထူးဧည့်ခံကျွေးမွေးလေ့ ရှိသည်။ ကောက်ညှင်းပေါင်းသည် စုစုစည်းစည်း စည်းစည်းလုံးလုံးရှိခြင်းကို ရည်ရွယ်၍ စုပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်သည့် ကရင်နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် ကျင်းပပြုလုပ်လျက် ရှိပေသည်။ မြတ်နိုးလေးစားဂုဏ်ယူဖွယ်ရာ မြန်မာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုဟုလည်း ဆိုပါပေမည်။

မြန်မာလူမျိုး အတော်များများတို့သည် ဤကဲ့သို့ ခြောက်သွေ့အေးချမ်းသာယာလှပသော ရာသီပန်းများစွာနှင့် ဝေဆာသောလဆောင်းအလှကို ဘယ်အခါမှ မမေ့နိုင်ကြသလို ထိုရာသီ ကုန်ဆုံးသွားမည်ကိုပင် စိုးရွံ့နေကြသူ အတော်များများလည်း ရှိကြပါပေသည်။ ထိုရာသီကို ခင်တွယ်မြတ်နိုးကြသည်ကိုလည်း တွေ့မြင်ခံစားရပါသည်။ ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဤလရာသီ၌ ကောက်သစ်ပေါ်ဦးလအထူးဖြစ်သောကြောင့် ကောက်သစ်စားပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲ ပြိုင်ပွဲတစ်ရပ်ကို ကျင်းပကြလေသည်။

ပျော်ပွဲရွှင်ပွဲ ပြိုင်ပွဲတစ်ရပ်မှာကား မြင်းခင်းသဘင်ဟု အမည်တပ်ထားပြီး ဓားခုတ်၊ လှံထိုး ၊ စစ်ရေးစစ်ရာ လက်ရုံးရည်များ ယှဉ်ပြိုင်ဆင်နွှဲကာ သူရဲကောင်းရွေးချယ်ပွဲများကို ကျင်းပပြုလုပ်ခဲ့ကြသော သာဓကများစွာကို လေ့လာတွေ့ရှိခဲ့ရပါလေသည်။ ဤလသည် မြန်မာ့စွမ်းရည်ကိုပြသောလပင် ဖြစ်ပေသည်။

ဤနေရာတွင် မြင်းခင်းသဘင်ကို တင်ပြရာ၌ ရှေးမြန်မာကြီးများနှင့် မြင်းအကြောင်း ချန်လှပ်ထား၍ မရနိုင်ပေ။ ချန်လှပ်၍ မထားကောင်းသော အကြောင်းများပင် ဖြစ်ပါပေသည်။ ရှေးမြန်မာကြီးတို့သည် တရုတ်ပြည် နန်ကျောင်းတွင် ဖိနှိပ်ခံနေရခဲ့ရစဉ်က မိမိတို့၏ လွတ်လမ်း၊ လွတ်မြောက်ရေးအတွက် မြင်းရေးလေ့ကျင့်မှု၊ ဓားခုတ်လှံထိုး အတတ်ပညာ

တို့အား အချိန်ရှိသရွေ့ ကြိုးပမ်းအားထုတ် စွမ်းဆောင်နေကြခြင်းကြောင့် အမိမြန်မာနိုင်ငံတော်ကြီးအတွင်းသို့ ပြန်လည်ရောက်ရှိလာကြသောအခါ တွင်လည်း နောင်ဤကဲ့သို့ မဖြစ်ရလေအောင် ဆက်လက်ကြိုးပမ်း အားထုတ်လေ့ကျင့် နေထိုင်ခဲ့ကြလေသည်။

○

# လပြာသိုမှာ မြင်းခင်းပွဲတော် နွှဲပျော်ရာ

မြန်မာတို့၏ (၁၀)လမြောက်လသည် ပြာသိုလအခါသမယ ဖြစ်ပြီး ဆောင်းဦးရာသီ အလွန်ချမ်းအေးသောကာလ ဖြစ်လေသည်။ နွေကြို ဥသြတို့ကလည်း အစပျိုး တေးသံကျူးရင့်လျက် ရှိပါပေသည်။ ဤလ ရာသီခွင်မှာ မကာရရာသီခွင်ကာလ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်ကာ ဖုဿျှကြယ် သောက်ရှူး၍ ကောင်းကင်ဝယ် မိုးလေကင်းစင်လျက် နက္ခတ်တာရာတို့ဖြင့် အလွန်မှ ကြည်နူးဖွယ်ရာ လတစ်လ ဖြစ်ပါပေသည်။ ရာသီနှင့်ယှဉ်တွဲကာ ပွင့်လန်းသင်းထုံမွှေးပျံ့နေသော ခွါညိုပန်းတို့ကလည်း နှင်းရည်လူးကာ အေးမြသော ဆောင်းအလှကို ဖော်ဆောင်လျက် ရှိပါပေသည်။

ထိုကာလသည် မြောက်လေဆော်သွေးကာဖြင့် မွှေးရနံ့က ထုံထုံကြူလျက် ဆောင်းနှင့်အတူ ဘော်ဖြူလွှာ ငွေနှင်းတွေက ဝေဆာနေပါ၏။ ဘယ်လောက်အေးသည်ကို အချုပ်တန်းဆရာဖေ ဤသို့ စာဖွဲ့ထားပါလေသည်။

"ခန်းဆောင်ရွှေ ရဝေတွင်းမှာလ
ချမ်းပေါင်လေ တဖေတင်းသော်လည်း
ဖြေရှင်းရယ်တဲ့ ခိုက်ခိုက်တုန်"

ဟူ၍ ပြာသိုလ အအေးဓာတ် ကြွယ်ဝပုံကို ဆိုထားပါလေသည်။ စာဆိုရှင်လှဦးမင်းကလည်း-

"မြရည်သာကျင်းတော့သည်၊ ကျနှင်းတန်တန်နှင့်
ကောန်တောင်နေနှင့် ကုဋ္ဌေကုဋ္ဌေမြုံတော့၊
လေးရှုံသာပုံတော့မယ်ရှ လုံဘဲကို"

စောင်တွေ ဘယ်လောက်ပဲခြုံခြုံ လေးရှုံသာ ရှိပါသည်၊ အချမ်းမလုံပါဘူးဟု ဖွဲ့ဆိုထားပါသည်။

ရာသီပန်းဖြစ်သော ခွာညိုပန်းနှင့် မိတ်ဖက်ယှဉ်ကာ ပွင့်လာကြသော ပန်းတို့မှာကား သဇင်၊ ပေါက်ပန်း၊ လဲပန်း၊ သရဖီပန်းတို့ကလည်း မွှေးရနံ့ထုံကြွယ် တွဲဘက်ကာ အဖော်ပွင့်လာကြပေတော့သည်။ ဆောင်းအလှကား ပို၍ ဝေဆာတင့်တယ် သင်းပျံ့ကြိုင်လှိုင်လှပါပေတော့သည်။ ဉာဏ်ဝန်ကြီး ဆရာဖြေကလည်း-

"လေရှိုသာသွေးတော့တယ်၊ ငွေဝန်းကြူပွင့်နှင့်
မြူဆင့်ကာ နှစ်ဆင့်နှစ်လီ၊ နှစ်ပါဒ်ကယ်ရှိသည့်
ရာသီ ပြာသိုလ မကာရမှာ ဖူညှာကြွယ်ပြောင်ထွန်းတန်ဆောင်နှင့်"

စသည်ဖြင့် ဆောင်းဟေမာန်စာကို အခြေခံကျစွာ တင့်တယ်အောင် စီရီဖွဲ့နွဲ့ထားပါလေသည်။

စာရေးသူနှင့် လူအတော်များများတို့သည် ဤကဲ့သို့ ခြောက်သွေ့ပြီး အေးချမ်းလှသော ရာသီပန်းများစွာနှင့် ဝေဆာပေလှ ဆောင်းအလှကို ဘယ်ခါမမေ့နိုင်ကြသလို ထိုရာသီ ကုန်ဆုံးသွားမည်ကို တွေးပူနေကြသူ

အတော်များများလည်း ရှိကြပေသည်။ ဤရာသီကို ခင်တွယ်မြတ်နိုးသူ လည်း အတော်များလှပါလေသည်။

ဤကာလဝယ် ရှေးမြန်မာမင်းတို့သည် ကောက်သစ်ပေါ်ဦးလ အထူးဖြစ်သို့ လယ်ယာသိမ်းပြီးကာလ ပျော်ပွဲရွှင်ပွဲတစ်ရပ်ကို ကျင်းပကြလေ သည်။ ထိုပျော်ပွဲရွှင်ပွဲမှာ မြင်းခင်းသဘင်ဟုအ မည်တပ်ထားသော်လည်း ဓားခုတ်၊ လှံထိုး စစ်ရေးစစ်တက်၊ လက်ရုံးရည်များ ရွေးချယ်ကာ ယှဉ်ပြိုင် ရွေးချယ်သောပွဲများ၊ အထူးသဖြင့် သူရဲကောင်းရွေးပွဲမျိုးဆင်နွှဲသည် ဟုဆိုလျှင် ပို၍ မှန်ပါပေမည်။ မြန်မာ့စွမ်းရည်ပြသောလပင် ဖြစ်ပါပေ၏။ ဤပွဲကို ပြာသိုလတွင် တစ်လလုံး ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်လှစွာ ကြီးကျယ်သော ပြိုင်ပွဲပြပွဲကြီးတစ်ခုဟု ဆိုရပါပေမည်။

စိုက်ထားသော တိုင်ပေါ်တွင် ခပ်မြင့်မြင့်ဆွဲထားသော စက်ဝိုင်းကို မြင်းစီးသမားသည် အပြေးစီးလာသော မြင်းခုန်နေစဉ် အဲမောင်းလှံဖြင့် ထိအောင်ပစ်ရ၊ ထိုးရသည့်အလေ့အကျင့်ကို ပြုခဲ့ကြကြောင်း ကျောက်ဆည် နယ်ရှိ မြင်းခုန်တိုင်မြို့ဟောင်းက သက်သေပင်ဖြစ်ကြောင်း လေ့လာသိရှိရပါ သည်။ ကျောင်းဆည်ခရိုင်၊ မြင်စိုင်းအရပ်တို့သည်လည်း မြင်းနှင့်ဆက်စပ် သောအကြောင်းတရား ရှိပါပေသည်။ ဤပြာသိုလမှာပင် မြင်းရေးပြပွဲ ပြိုင်ပွဲများကိုလည်း ကျင်းပပြီး သူရဲကောင်းများ ရွေးချယ်လေ့ရှိကြောင်းကို လည်း မြန်မာမင်းများရာဇဝင်မှာ ရှုမြင်ရပါလေသည်။ ကုန်းဘောင်ခေတ် ဘုရင်များလက်ထက်တော်အထိ ကျင်းပခဲ့ကြကြောင်းကိုလည်း လေ့လာ မှတ်သားရပါလေသည်။

အမှန်စင်စစ် ဤပြာသိုလသည် တစ်လလုံး မြင်းခင်းပွဲ၊ လက်ရုံး ရည်ပြိုင်ပွဲ၊ ဆင်ခင်းပွဲ စသည်ဖြင့် စည်းကားသိုက်မြိုက်လှစွာ မြန်မာတို့၏ စွမ်းရည်သတ္တိ ယှဉ်ပြိုင်ပွဲများကို ကျင်းပသည့် လတစ်လဖြစ်သလို မြန်မာ

လူမျိုးတို့၏ ဓလေ့သတ္တိ၊ဇွဲသတ္တိ၊ လုံ့လ၊ ကိုယ်လုံးကိုယ်ဟန်တို့ကို မြင်းရေးပြကာ ရဲစွမ်းသတ္တိရှိသော သူရဲကောင်းတို့အား မွေးထုတ်ပေးသော လတစ်လပင် ဖြစ်ပါပေသည်။

အချုပ်ဆိုရပါလျှင် မြန်မာတို့၏ ပြာသိုလသည် အေးချမ်း သာယာပြီး မြန်မာသူရဲကောင်းတို့အား ရွေးချယ်ဂုဏ်ပြုသည့်လလည်း ဖြစ်ပေသည်။ ယင်းလကို မြင်းအလှ၊ ဆင်အလှ၊ မြင်းခင်း၊ ဆင်ခင်းပွဲများကို အစွဲပြုကာ မြင်းခင်း ပွဲတော်ဟု အမည်နာမ သမုတ်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကြီး၏ ရှေးမင်းများ အစဉ်အဆက် ကုန်းဘောင်ခေတ် ကာလအထိ ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း လေ့လာသိရှိရပါ သည်။ မြန်မာတို့၏ ရဲစွမ်းသတ္တိကို မော်ကွန်းကမ္ပည်းထိုးသည့် တစ်လပင် ဖြစ်၍ မြန်မာတို့၏အစွမ်းအစကို အစဉ်မညှိုးနွမ်းရအောင် လေ့ကျင့်ပျိုးထောင် ပေးခြင်းဖြစ်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

၀


2015

## နွဲပျော်ဆင်မြဲ ထမနဲပွဲ

မြန်မာတို့၏ (၁၁)လမြောက် လရာသီမှာ တပို့တွဲလ ကုံရာသီ အခါသမယတွင် ပေါက်လဲပန်းတို့ ဖြူဆွယ်စွာ ပွင့်နေကြခြင်းသည် ဆောင်းနှင်းကမ္ဘာလာနှင့်အပြိုင် ရှိနေပါလေသည်။ အလွန်မှ အေးချမ်းသော လရာသီတစ်ခုဖြစ်ပြီး ဆောင်းရာသီလများထဲဝယ် အေးစိမ့်ကာ နှစ်ရည်ယိုရွှဲ တပို့တွဲဟု ရှေးဆိုရိုးရှိသကဲ့သို့ ကျွဲချိုဖျားရေခဲသည့်တိုင် အေးစိမ့်ကြောင်းဆို ကြောင်း ဆိုရိုးများ ရှိခဲ့ပါလေသည်။

ဤလရာသီကား အလွတ်ထူးမြတ်သော လတစ်ပါးတွင် ပါဝင်သလို ဗုဒ္ဓမြတ်ဘုရားက ပါတီမောက်ဒေသနာကို ထိုလပြည့်နေ့မှာ သံဃာတို့အား ဆုံးမပေးသောကြောင့် ဗုဒ္ဓဘာသာဝင်များက အလွန်အေးချမ်းသည့် ကြားဝယ် နှမ်းမနဲ့၊ ထမနဲများကို အုပ်စုလိုက်စုရုံးကာ ထမနဲထိုးပွဲ၊ ပြိုင်ပွဲများကို ရှေးအစဉ်အလာအတိုင်း လုပ်ဆောင်ကြပြီး ဘုရားရဟန်း သံဃာတို့အား ကပ်လှူပူဇော်လေ့ရှိကြောင်း တွေ့ရှိရပါလေသည်။

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လရာသီဘွဲ့လွမ်းချင်းမှ တပို့တွဲလကို ဖွဲ့နွဲ့ထားပုံကို တင်ပြရလျှင်-

"ညဲ့လို့သာ သဲတော့တယ်။ ပေါက်လဲငယ်ပွင့်ရဲ၊
ထိန်ထိန်ငယ်လျှံသည် ဆက်ရက်သံတစာစာနှင့်၊
ငှက်ညီလာကျင်းတဲ့လကိုလေး ဘုံဟောမာန်ငယ်၊
သကြံန်သွန်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်ပျော် ယာဂုတော်နှင့်
ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့သာဆင်တော့တယ်၊
ကောင်းကင်မြင့်တိမ်ဆီမှာ၊ ကြယ်မာဃီရောင်စုံကျင်းလို့၊
လင်းလှတယ်လေး"

ဟူ၍ ဖွဲ့ဆိုထားခြင်းအား ထောက်ရှုတင်ပြရသော် ယာဂုတော်လို့ ခေါ်ဆိုခြင်းမှာ ထမနဲကို ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဆက်ရက်သံတို့ ဆူညံစွာ ထွက်ပေါ်အော်မြည်နေခြင်းကို ငှက်ညီလာခံ ကျင်းပတဲ့လဟူ၍ တင်စားကာ ဖွဲ့ဆိုထားခြင်းဖြစ်သည်ကို ဖော်ညွှန်းထားပါလေသည်။ ရှေးအစဉ်အလာအရ ဘုရင်မင်းစိုးရာဇာတို့ကိုယ်တိုင် ပွဲသဘင်သဖွယ် ထမနဲပြိုင်ပွဲများ ကျင်းပကြပုံကို ဖော်ကျူးထားပါလေသည်။ တမနဲထိုးခြင်းမှာ တစ်ဦးတည်းဆောင်ရွက်၍ မရသကဲ့သို့ ပစ္စည်းတစ်မျိုးတည်းနှင့်လည်း ဆောင်ရွက်၍မရနိုင်၊ အမယ်များကို စုစည်းကာ၊ ဥပမာ-နှမ်း၊ ကောက်ညှင်း၊ ရေ၊ ဆီ၊ ဆား စသည်ဖြင့် အမယ်များ စုစည်းကာ ဒယ်အိုးတွင် ထိုးရသလို ထိုးသားတို့ကလည်း တက်ညီလက်ညီ အားကြိုးမာန်တက် (၃)ယောက်မှ (၅)ယောက်အထိ စုစည်း၍ မနားတမ်း ထိုးရသောကြောင့် စည်းလုံးမှုကို ဖော်ဆောင်သော ပွဲတော်ဟုလည်း တစ်ဖွဲ့၊ နှစ်ဖွဲ့ အိုးစည်၊ ဒိုးပတ်များတီးမှုတ်ကာ သံချပ်ထိုး က,ခုန်ကာ ကိုယ့်အဖွဲ့ ထမနဲထိုးသားများ အားတတ်အောင် ကြွေးကြော်ပေးခြင်းများကိုလည်း ရှေးကတည်းက ရှိလာခဲ့သော

မြန်မာယဉ်ကျေးမှုတစ်ရပ်ကို နှစ်ထောင်းအားရစွာ တွေ့ရှိရပါသည်။ အတိအကျဆိုရပါလျှင် ပုဂံခေတ်ကာလကတည်းက မီးပုံပွဲတော်ကို ထိုလမှာ စတင်ခဲ့ကြောင်း၊ ညောင်ရမ်းခေတ်မှ စတင်၍ ထိုလမှာ ထမနဲထိုးပွဲများ၊ ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

စာဆိုရှယ် မယ်ခွေ ရေးစပ်ထားသော (၁၂)လရာသီ အဲချင်းများထဲက ကုံရာသီ တပို့တွဲလ အဲချင်းမှ တချို့ကို ကောက်နုတ်ဖော်ပြပါလျှင်-

**"တမာသေးနု၊ ငှက်ကျေးဥလို့ ၊ ယာဝုမြောက်ချိ ၊ လေးနာရီနှင့်**
**နဒီအောင်ချာ၊ ကြည့်တိုင်း သာလှတယ်၊**
**တံငါသည် ခေါင်ဒင်တီးလို့၊ ပိုက်ကြီးခင်း"**

ဟူ၍ ဖွဲ့ဆိုခြင်းကလည်း တပို့တွဲလကို တင်စားဖော်ကျူးထားရာမှ ဒီရာသီကာလမှာ တမာနုကလေးများ အစီအရီ ထွက်နေပုံ၊ ငှက်တို့ ဥ,ဥနေကြပုံ၊ ယာဝုခေါ် ထမနဲအား နံနက်အာရုဏ်တက် (၄)နာရီမှာ လျှုဒါန်းကပ်လှူကြပုံ၊ တံငါသည်တို့ တူရိယာဖြင့် တီးခတ်ပျော်မြူးစွာ မြစ်တွယ်ပိုက်ဖြင့် ငါးရှာကြပုံတို့အား ဖွဲ့ဆိုထားရှိခြင်းကြောင့် မြန်မာမှုဓလေ့များကို တစ်နည်း ကျေးလက်စရိုက်လက္ခဏာတို့အား ကြည်နူးဖွယ် ခံစားကြရပါပေမည်။

ရှေးကာလများစွာကတည်းက ထမနဲပွဲများရှိခဲ့ပုံကို ရှေးစာဆိုရှင်ကြီးများ၏ စာပေ၊ ဂီတများက ဖော်ပြနေခြင်းကြောင့် စာရေးသူတို့ မြန်မာနိုင်ငံသူ/နိုင်ငံသားများကလည်း ကိုယ့်မြန်မာမျိုးစေ့၊ ဓလေ့စရိုက်၊ ထုံတမ်းစဉ်လာ မြန်မာ့ယဉ်ကျေးမှုများအား ဝိုင်းဝန်း၍ စည်းလုံးညီညွတ်စွာ ထိန်းသိမ်းသွားကြရပါပေမည်။

မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ သွေးစည်းမှုတို့မှာ အရေးကြီးလှသလို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့အား ထိန်းသိမ်းကြသည့်အနေဖြင့် နှစ်စဉ်မှာ ပျော်ပွဲရွှင်ပွဲများနှင့် ထမနဲထိုးပြိုင်ပွဲများအား ဤလရာသီ

အခါသမယသို့ ရောက်လေတိုင်း မပျက်မကွက် စဉ်ဆက်မပြတ် ကျင်းပ ပြုလုပ်ပေးခြင်းအားဖြင့် မျိုးချစ်စိတ်များပြည့်စုံကာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေးစား စည်းလုံးညီညွတ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဖြစ် အစဉ်တည်တံ့နေပေမည်ဟု မျှော်လင့်ကာ ရေးသားတင်ပြလိုက်ရ ပါပေသည်။

o

## တပို့တွဲလ ကုံရာသီနှင့်
## ဩဝါဒပါတိမောက်အခါတော်

တပို့တွဲလသည် ဆောင်းရာသီတွင် သက်ရောက်ပြီး အလွန်မှ အေးစိမ့်အောင်ချမ်းသော လတစ်ပါးပါတည်း။ ဤလရာသီခွင်မှာ ကုံရာသီ ခွင်သို့သက်ရောက်ပြီး ပေါက်လဲပန်းတို့ ဝေဆာသောလ ဖြစ်ပေသည်။ ထိုရာသီတွင် သရဝဏ် နေသိဒ္ဓ၊ သတ္တသိဿျမည်သော နက္ခတ်တာရာများ သို့ သောက်ရှူးကြလေ၏။ တပို့တွဲလ၏ အေးချမ်းမှုမှာ ကျွဲချိုဖျားၖ္ဓပြင် ရေခဲလောက်အောင် အေးလေသည်ဟု ရှေးမြန်မာဆိုရိုးစကားများ ရှိခဲ့ပါလေ သည်။

ဤကဲ့သို့ ခြောက်သွေ့အေးစိမ့်သော ဆောင်းလတစ်လဖြစ်သည့် တပို့တွဲလသည် မြန်မာဗုဒ္ဓနွယ်တို့ အထူးပင် မြတ်နိုးအလေးထားရာလတွင် ပါဝင်လေသည်။

အဘယ်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓဘာသာဘုရားရှင်သည် ဤ တပို့တွဲလပြည့်နေ့အခါသမယတွင် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း

တော်ကြီး၌ မြတ်စွာဘုရား သီတင်းသုံးနေသည့်ကာလမှာပင် သံဃာတော် (၁၂၅၂) ပါးတို့အား ကြိုတင်ဖိတ်ကြားမှုမရှိပါဘဲ ဩဝါဒပါတိမောက် ဒေသနာတော်ကြီးကို ဆုံးမပဲ့ပြင် ဟောကြားတော်မူခဲ့ခြင်းသည် ဗုဒ္ဓဘာသာ နွယ်ဝင်တို့ ကိုးကွယ်လျက်ရှိသော ရတနာသုံးပါးတွင် ပါဝင်သည့် သံဃာ အုပ်စုအဖွဲ့ကြီး၏ စောင့်ထိန်းလိုက်နာကျင့်သုံးအပ်သော ဒေသနာတရား ချီးမြှင့်ပေးအပ်ခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာနွယ်ဝင်တို့သည် ထိုပါတိမောက် အခါတော်နေ့ကြီးအား အစဉ်မမေ့အပ်သော ပွားများကြောင်းတရားအဖြစ် ခံယူကျင့်သုံးအပ်ပေသည်ကို သက်ဝင်ယုံကြည်၍ တင်ပြရခြင်း ဖြစ်ပါ သည်။

ဩဝါဒပါတိမောက်ဒေသနာတို့ ဓမ္မစေတီကျောက်စာ၌ လေ့လာ တွေ့ရှိနိုင်ပေသည်။ အနှစ်မြန်မာဘာသာ ပြန်ဆိုထားသည်မှာ အပယ်ဘေးမှ ကင်းဝေးစေကြောင်း အဆုံးအမတရားပင် ဖြစ်ပေသည်။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**(၁) ခန္တီပရမံ တပေါတိတိက္ခာ နိဗ္ဗာနံပရမံဝဒန္တိ ဗုဒ္ဓါ**
**နဟိ ပဗ္ဗဇိတော ပရူပဃာတီ**
**နသမဏောဟောတိ ပရံဝိဟေဌယန္တော။**

လွန်စွာ ချုပ်တည်းမှုဟူသော သည်းခံခြင်းသည် အလွန်မြတ်သော အကျင့်ပေတည်း။

နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောကြား ဆုံးမတော်မူရန် သူတစ်ပါးကို ညှင်းဆဲသောသူသည် မကောင်းမှုတို့ကို ငြိမ်းစေသူမဟုတ်၍ ဗုဒ္ဓဘုရားရှင်အဆူဆူတို့က ဟောကြားဆုံးမထားပေ၏။

**(၂) သဗ္ဗပါပဿ အကာရဏံ ကုသလဿ**
**ဥပသမ္ပဒါ သစိတ္တပရိယောဒပနံ ဧတံဗုဒ္ဓါန သာသနံ။**

မကောင်းမှုဟူသမျှတို့ကို မပြုလုပ်ရာ၏။ ကောင်းမှုဟူသမျှတို့ကို ပြည့်စုံစေရာ၏။ မိမိစိတ်ကို အစဉ်ဖြူစင်သန့်ရှင်းစေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

**(၃) အနုပဝါဒေါ အနုပဃာတော။**
**ပါတိမောက္ခေ စ သံဝရော၊ မတ္တညုတာ စ ဘတ္တသ္မိံ**
**ပန္တဉ္စ သယနာသနံ အဓိစိတ္တေ စ အာယော**
**ဂေါ ဧတံ ဗုဒ္ဓါန သာသနံ။**

သူတစ်ပါးကိုလည်း အကြောင်းမဲ့ မစွပ်စွဲ မပြစ်မှားရာ၏။ သူတစ်ပါးကို မညှဉ်းဘဲ မနှိပ်စက်ရာ၏။ မြတ်သောသီလတို့၌ အစဉ်စောင့်စည်းလုံခြုံကြရပေမည်။

စားသုံးဖွယ်၌ ပမာဏကို သိကြရပေမည်။ အစွန်းအဖျား ကျောင်းအိပ်ယာ၌ နေရာ၏ထူးမြတ်သော စိတ်ထား၌ လွန်စွာအားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင်တို့မှ သာသနာတော် စောင့်ထိန်းကြကုန်သော သံဃာတော်တို့အား ဟောကြားသော အဆုံးအမတော်ပေတည်း။

ဤကဲ့သို့ ဘုရားရှင်အဆူဆူတို့သည် မိမိတို့၏ သာသနာအကျိုး သံဃာတော်တို့အား ကျင့်သုံးဆောက်တည်ရာ ဩဝါဒပါတိတော် ဒေသနာကို ပြုကြမြဲဖြစ်သည်ကိုလည်း ဗုဒ္ဓဝင်နိပါတ်တော်တို့တွင် လေ့လာဆည်းပူး တွေ့ရှိပါလေသည်။ သံဃာတော်တို့မှလည်း ဤဒေသနာအရင်း ကျင့်သုံးနေထိုင်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကြီးအား ပြန့်ပွားစည်ပင် ဝေဆာစေပေမည်ဟု နားလည်သိရှိရပါလေသည်။

တပို့တွဲလတွင် ပေါက်လဲပန်းတို့သည် ရာသီခွင်ကျ ပွင့်ဝေဆာ မြဲဖြစ်သလို မိတ်ဖတ်ပန်းများဖြစ်သည့် သရဖီပန်းရနံ့တို့ကလည်း ဖေးကူကာ နေလေသည်။ ပါတီပွဲတော်အဖြစ် ရှေ့မြန်မာတို့၏ဓလေ့ နှမ်းရည်စိုစွဲ ချေးရွှဲရွှဲနှင့် ဟာဂုတော်ပွဲဆိုသော ထမနဲထိုးပွဲ၊ ပြိုင်ပွဲများကိုလည်း ခြိမ့်ခြိမ့်သဲ ကျင်းပကြလေသည်။

ထိုထမနဲထိုးပြိုင် ယာဂုတော်ပွဲကို မင်းပွဲများအဖြစ် ရှေးဘုန်း မင်းမြတ်တို့လက်ထက်ကတည်းက ကျင်းပခဲ့ကြောင်းကို စာဆိုရှင် မဟာအတုလမင်းကြီး၏ ဆယ့်နှစ်လာရာသီဘွဲ့လွှမ်းချင်းမှ ကောက်နုတ်၍ ဤသို့ တင်ပြရပါပေသည်။

**"တပို့တွဲဖို့ မင်းပွဲရှင်ပျော် ယာဂုတော်နှင့်**
**ကြွေးကြော်ပြင်ဆင် လွှမ်းဖို့သာဆင်တော့တယ်။**
**ကောင်းကင်မြင့်ဆီမှာ ကြယ်ယာယီရောစုံကျင်းလို့"**

ဟူ၍ ဖွဲ့နွဲ့မှုကို ထည့်၍ဖော်ပြရပါလျှင် ထမနဲထိုးပြိုင်ပွဲများကို ဘုရင်မင်းတို့ ကိုယ်တိုင် ကြီးကြပ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ သံချပ်များ၊ ယိမ်းများ၊ အိုးစည် ဒိုးပတ်ဝိုင်းများဖြင့် သံချပ်တိုးကာ ပြိုင်ကြသည်မှာ မျိုးဆက်ပင် စုံစေခဲ့ပေ သည်ဟု စာဆိုရှင်ဆရာကြီး လူဦးမင်းက ဖွဲ့နွဲ့ပုံမှာ ဤရာသီ၏ အားတက် ကြည်နူးဖွယ်ကို ရှုမြင်ကြရပါပေသည်။

ထို့ကြောင့် ဩဝါဒပါတိမောက်ဒေသနာကို ဟောကြားသော တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာတို့အတွက် အထူးပင် အဖိုးထိုက်သော ကြည်ညိုလေးစားဖွယ်ရာ ဒေသနာမြတ်တို့ သံဃာတော်တို့ အား ချီးမြှောက်ဟောကြားသောကြောင့် အထူးအလေးထားအပ်သော နေ့ပင်ဖြစ်ပေရာ ရာသီပွဲတော်ပြုအရတောင်ဟုဆိုသော ထမနဲထိုးပွဲများ

ကျင်းပပြီး ဘုရား၊ တရား၊ သံဃာတော်တို့အား ကြည်ညိုကပ်လှူ အမှုကိုလည်း ပြုလေ့ရှိပေသောကြောင့် တပို့တွဲလပြည့်၏ ဩဝါဒပါတိမောက်အခါနှင့် ထမနဲထိုးပွဲတော်ဆိုသည် ဘယ်သောအခါမှ မေ့ပျောက်၍ မရကောင်းသော ကြည်ညိုဖွယ်ရာများကြောင်းပင်ဖြစ်ပါကြောင်း ဦးထိပ်ထားကာ ရေးသားပူဇော် တင်ပြလိုက်ပါတော့သတည်း။

○



## နွေမိုးတပေါင်းမှာ ကြည်နူးစရာ

တပေါင်းလသည် မြန်မာတို့၏ လရာသီ တစ်ဆယ့်နှစ်လတွင် (၁၂)လမြောက် နွေဦးဝင်လတစ်လပင် ဖြစ်လေသည်။ ရာသီမှာ မိန်ရာသီကာလ၊ သရဖီပန်းရနံ့က သင်းကြူသလို မိတ်ဖက်ပန်းများဖြစ်သည့် ဂန့်ဂေါ်ပန်း၊ သဇင်ပန်း၊ အင်ကြင်းပန်းတို့ကလည်း သင်းထုံပြန့်ကျဲလျက် ရိုးတံကျဲကျဲ သစ်ပင်တို့ကလည်း အလွမ်းပန်းချီကားတစ်ချပ်သဖွယ် ပင်ကိုယ်ဓာတ်ခံ အဆွေးသောက ရှိနေကြသူတို့အဖို့ နွေကြို ဥဩသံကလေးက ချိုသာပါ၍ ဆွေးမြေ့ဖွယ်ရာ လွမ်းတသသ ဖြစ်ရပါချေမည်။ သို့မဟုတ်ပါလျှင် ကြည်နူးသဖွယ် နွေအလှကို ရှုမြင်ခံစားကြရပါပေမည်။

မြဝတီမင်းကြီး ဦးစက ဆိုထားသည်မှာ **"ညောင်ရွက်ကယ်တဲ့ ကြွေလေဟန် မြည့ာရွှေရည်လျှံ"** သည်ဟု ရေးစပ်ကာ ဖွဲ့ထားခဲ့ပါလေသည်။ သစ်ပင်တို့သည် နွေရောက်လျှင် ရွက်အိုဟောင်းကြွေကာ မြေခသကဲ့သို့ သစ်ပင်တို့ကလည်း ရွက်နုများဖြစ်စေသော ပရစ်ဖူးတို့က ဝေဆာကာ **"အမိုးအိကာတဲ့ လွင်ထီးခေါင်ထဲက တိုင်တစ်လုံး"**ပမာ လွမ်းမောဖွယ်ရာ ရသခံစားရပါလေသည်။

ဖိုးသူတော် ဦးမင်းကလည်း **"ပန်းရွှေဖီကြိုင်လျှောက်လို့ ပိတောက်ကယ်တဲ့ သင်းရှို၊ ဥတ္တုရာ သရဂုဏ်က တိမ်ဆုံမှာ ရောင်ခြည်လင်းလို့ "** အစချီကာ (၁၂)လရာသီခွင်ကလည်း အလွမ်းနွေကို တင်စားထားပါလေသည်။ ဤကဗျာလေးကို ဖတ်ရှုလိုက်ရတဲ့ စာရေးသူကတော့ ရှေးက စာရေးဆရာကြီးတို့လည်း အလွမ်းခေတ်ခံလေးတွေ ရှိနေပါကလားလို့ တွေးထင်မိပါတော့သည်။

တပေါင်းလသည် နွေသို့ကူးလာသော လရာသီဖြစ်သလို လေရူးတို့ကလည်း လေပွေသဖွယ် တိုက်ခိုက်လာသလို တောင်လေတို့က မြူးစပြုလာသည့်အချိန် ရှေ့လူကြီးတို့စာဆိုကား **"နေပူလို့ ညချမ်း၊ တပေါင်းလသရမ်း"** ရယ်လို့ လရာသီကို သရော်ထားသောစကားရပ် ဖြစ်ပေသည်။ တပေါင်းလ၏ အလှပုံရိပ်တို့ကား တဖွားဖွား ဖြစ်ပေါ်နေပါလေသည်။

တပေါင်းလသည် နွေဦးဝင်စ နွေရာသီကို ခေါင်းပြုသောလဖြစ်ပေသည်။ ဤသို့ နွေဦးဝင်သည့်ကာလကလေးမှပင် နွေရဲ့ အလှတရားတို့က ပန်းချီခြယ်ထားသကဲ့သို့ ရွက်ဝါကြွေသစ်ပင်တို့မှ ရိုးတံကျဲကျဲနေပူထဲဝယ် ရွက်နုဝေ ပရစ်ဖူးတို့က အစီအရီ ပတ်ကြားအက်မြေကလေးတို့ကလည်း သေချာစွာ စီရီထားသကဲ့သို့ သူ့အကွက်နှင့်သူ အလွန်မှကြည့်ရှုဖွယ်ကောင်းလှသလို အညာမြေတစ်လျှောက် ထန်းပင်တွေနှင့်ထန်းတာဇစ်သမားတို့၏သရုပ်ကို ဇော်ကြီးပဒေသရာဇာက ဆိုထားသည်မှာ **"နွေဦးကာလ မြူသဲသောအခါ ရင်းထောင်ရင်းခွဲ စေတပြီဖြိုးလွယ်ကာ"** စသည်ဖြင့် ရေးသားထားမှုဟာ အညာမြေအလှကို နွေဦးကာလနှင့် ပုံဖော်အလှဆင်ပေးထားသည်ဟု စာရေးသူရင်မှာ စွဲထင်နေမိပါတော့သည်။

တပေါင်းလသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာရေးပွဲတစ်ရပ်ကိုလည်း စီရင်ကျင်းပသည့်ပွဲတော်မှာ သဲပုံစေတီ ပူဇော်ပွဲနှင့်

ဗုဒ္ဓါဘိသေကမင်္ဂလာ ဗုဒ္ဓဘုရားရှင်အား ပူဇော်ကြည်ညိုပွားများရာ ကာလရာသီပင် ဖြစ်ပါပေသည်။ မြန်မာတို့၏ ကြည်နူးချမ်းမြေ့စွာ ခံစား ပြုမူကျသိုလ်ပွားများရာ လမှာလည်း တပေါင်းလပြည့်နေ့ပင် ဖြစ်ပေသည်။

စာရေးသူက နွေလကို မြတ်နိုးသလို မိုးလကိုကြိုသော မိုးတိမ် တို့နှင့် လေကလည်း သိပ်ပြီး ပြင်းပြင်းမတိုက်ခတ်သောကာလဖြစ်သည့်မို့ မြစ်တွင်းမှာလည်း ရေကား ငြိမ့်ညောင်းညင်သာစွာ စီးနေသောလ ဖြစ်ပေ သောကြောင့် "**နဒီရေကြော လွန့်ငြိမ့်ညောင်း၍ လေကာသမန် ဆီးနှင်းစံနှင် ငါးတန်ကမြူး၊ ငါးထွေရှူးသို့ ရှင်မြူးပါကြ တပေါင်းလ**" ဟု စာရေးသူက ရေးစပ်မိပါလေသည်။

ထိုလရာသီတွင် တောင်သူလယ်လုပ် ယာတောလုပ်သူတို့က တစ်နှစ်တာ စုဆောင်းရရှိသမျှ မိမိတို့ ချွေးနည်းစာတို့ကို ကောင်းမှုပြုရာ အလှူအတန်းပြုရာ လတစ်လ ဖြစ်ပေသည်။ "**ပလုပ်ဖြူနီးရယ်နှင့် တောင်တန်းရွာသာ စနေ်းဆီ**" အစရှိသော ကဗျာကို ဆရာမင်းသုဝဏ်က တောသူတို့အလှကို နွေအလှနှင့် ကွင်းဆက်ရေးဖွဲ့ထားသော ကဗျာမှာ ယနေ့ထက်တိုင် ဝေးမကွာဘဲ နိုင်မြဲနေပါလေသည်။

တပေါင်းလ ဗုဒ္ဓါဘိသေက မင်္ဂလာအခါတော်ကြီးကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံ နေရာဒေသ အနှံ့တို့တွင် တပေါင်းဘုရားပွဲများကို အနယ်နယ်အရပ်ရပ်မှာ ပူဇော်ကျင်းပ ကြသောကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်ရခြင်းကို အလွန်ကိုပဲ စိတ်ဝယ် ကြည်နူးချမ်းမြေ့မိပါတော့သည်။

ကုန်းဘောင်မင်းလက်ထက်တော်က စာဆိုရှင် လှဦးမင်းက တပေါင်းလ၏ အရေးပါသော ပန်းအလှနှင့် သဘာဝရှုပ်ခံကို ကဗျာတစ်ပုဒ် နှင့် ထုတ်ဖော်ရေးသားထားသည်မှာ-

"မြိုင်ခြေငယ်သင်းပါလို့ အင်ကြင်းငယ်ရွှေဖီ
ဝတ်မှုန်ငယ်စီသည် မြစ်နဒီတောင်တစ်ခိုက
မောင်မယ်ညိုမြူးပြန်တယ်လေး။
ရာသီမိန်ငယ် ဂိန်မာန်ရက်ပြောင်း တပေါင်းလမို့"

ဟူသော အဖွဲ့အနွဲ့က နွေအလှတရားကို ဖော်ညွှန်းနေသကဲ့သို့ အလွမ်းဝေဒနာပိုင်ရှင်တို့၏စိတ်ကို နွေ၏ တပေါင်းလရယ်က မြန်မာမှုယဉ်ကျေးမှုပန်းချီကားတစ်ချပ်သဖွယ် နွေအလှတရားတို့ကို ရင်ထဲမှာ စွဲမြဲကာ ကြည်နူးမှုရှုမဝနိုင်စရာ အပြည့်အဝ ခံစားရင်း ရေးသားဖော်ကျူး တင်ပြလိုက်ရပါတော့သတည်း။

○

## လတပေါင်း နွေအလှ ပေါင်းဝေသည်

မြန်မာတို့၏ တစ်ဆယ့်နှစ်လမြောက်သောလသည် တပေါင်းလဖြစ်ပြီး မြန်မာနှစ်ဆုံးသောလပင် ဖြစ်ပေသည်။ ဆောင်းအကုန် နွေအကူးပေဖို့ ညချမ်းအခါကာလသည် အလွန်မှ အေးချမ်းပြီး နှင်းများကျသော်လည်း နေ့ပိုင်း၌ ပူပြင်းသောလ ဖြစ်ပေသည်။ တပေါင်းလသည် လေရူးပွေကာ သစ်ပင်များ ရွက်ဟောင်းကြွေလျက် ရွက်သစ်တို့က ပရစ်ဖူးပမာ အစီအရီ ရှိကြပါပေသည်။

စာဆိုရှင် ဖိုးသူတော်ဦးမင်း တပေါင်းလကို ဖွဲ့နွဲ့ထားသည့် သဖြန်လေးဆစ်ကဗျာမှာ အလွန်မှ ကြည်နူးနှစ်သက် သတိရမိပါလေ၏ ကဗျာကဤသို့ ဆိုထားပါလေသည်။

"ပန်းရွှေပီ ကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့ သင်းချို၊
ဥတ္တရ ဘရဂုဏ်က၊ တိမ်ဘုံမှာ ရောင်ခြည်လင်းလို့
လမင်းသော်တာနှင့်တူမကွာ ထိန်ဝါလှဲ ထွန်းတဲ့ခါကို
သောင်သဲငယ်ချို၊ ရေညှိုရစ်ပို့ လေညှင်းသာ၊
စုံမဟာမြိုင်ထဲက ဝမ်းဘဲရွှေစင်ရော်တို့
ဖော်ခေါ်သံ မောင်မယ်ကျူးတယ် မြူးပျော်ကြလို့"

ဟူသော ကဗျာချိုးလေးသည် နွေ၏အလှသဘာဝကို ပုံဖော်ထားသည်မှာ လွမ်းစရာနွေအလှကို ခံစားမိရပါလေသည်။

ဤတပေါင်းလသည် ဗုဒ္ဓမြတ်စွာဘုရားအား ဘိသေကမင်္ဂလာ ဆင်ယင်ကျင်းပ ပူဇော်သောဓလေ့ကို မြန်မာဗုဒ္ဓဘာသာနွယ်ဝင်များက ဆင်ယင်ကျင်းပမြဲ ဖြစ်ပေသည်။ တချို့ စေတီမရှိသော နေရာဒေသတို့၌ သဲပုံစေတီများ တည်ထားပူဇော်ကာ ဗုဒ္ဓဘိသေကသဘင် စီရင်ကျင်းပကြ ကြောင်းကို ရှေးမြန်မာတို့၏လက်ထက်များကလည်း ရှိခဲ့သည်ကို လေ့လာ တွေ့ရှိရပါပေသည်။

သဲပုံစေတီ ဗုဒ္ဓပူဇော်ပွဲများကို ရှေးပုဂံခေတ်ကတည်းက ပူဇော်လာ ခဲ့ကြောင်းကိုလည်း လေးစားစွာ ရှုမြင်ရပါပေမည်။ တပေါင်းနွေဦးလသည် နွေ၏ကဏ္ဍပုံရိပ်များကို ထပ်ဟပ်ပေါ်လွင်စေသည်မှာ ဥဩကတွန်သံချို တေးဆိုကာ နေသကဲ့သို့ သရဖီ၊ အင်ကြင်း၊ ကံ့ကော်ပန်းတို့ကလည်း မွှေးထုံကြူနေပါလေပြီ။ မယ်ညိုငှက်တို့မြူးသောလဆိုရင် မမှားနိုင်ပါပေ။ နွေဂိမှာန်တင် အလွမ်းစာတ်ခံရှိသူတို့အတွက် အလွန်မှ လွမ်းတသိမ့်သိမ့် ခံစားရပုံသည် ရှေးစာဆိုကြီးတို့၏ တေးကဗျာတို့ကို ရည်ညွှန်းထားပုံကို လည်း ရသခံစားမိရပါလေသည်။ သဲသောင်တို့ထွန်းရာ နေရာဒေသတို့၌ သဲပုံစေတီ ပူဇော်ကြောင်းကိုလည်း လေ့လာမှတ်သားတွေ့ရှိကြပါပေမည်။

ကုန်ဘောင်းလက်ထက် စာဆိုရှင် မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့ အဲချင်းများထဲမှ မိန်ရာသီတပေါင်းလဘွဲ့မှ ကောက်နုတ်ကာ တင်ပြရမည် ဆိုပါလျှင် "**နွေဦးမှ တိမ်ခံ တောထက်တစ်လီ၊ မှိုင်းဝေရီနှင့် ကဏ္ဍီပါပေါင်း၊ ရွက်သစ်ကယ်လောင်း၊ ရွက်ဟောင်းပျံ့လို့ ၊ စော်ရှုံမှုဝေဝေ အင်ကြင်း သရဖီ၊ ပန်းစုံစီနှင့်**" ဟူ၍လည်းကောင်း၊ "**တောင်လေပြည်မှန်တိုင်းနှင့် ရေညှိုင်းသံရေးရှိန့်တာများသည် တပါမျှော်ကြ ရွှေလိုမှုရစ်ဆင့်၊ သဲပုံပိပိ**

**သာမျိုးညီအောင် စေတီရတနာ၊ လှည့်လက်ဟာကို"** စသည်ဖြင့် ဖွဲ့ဆိုထားမှုကို လေ့လာကြည့်မည်ဆိုပါလျှင် နွေဦး၌ နေရောင်တောက်ပပုံကို ကဗ္ဗီပါ ပေါင်းပတ်ထားသကဲ့သို့ဟူ၍ ဖွဲ့နွဲ့ထားခြင်းမှာ စီလျော်လှပါပေ၏။ ထိုအပူရှိန်ကြောင့် နွေသဘာဝ ရွက်ဟောင်းတို့ကြွေကာ ရွက်သစ်တို့ဝေသောလ၊ မိန်ရာသီနွေဦးကာလဟူ၍ တင်စားပါပေသည်။

ထိုလတွင် မြန်မာတို့၏ ဓလေ့ရိုးရာ တံငါလုပ်ငန်း လုပ်ကိုင်ပုံ၊ စရိုက်တို့ကလည်း ရေပြင်မှာ ပုံပေါ်လွင်မှုပါပေတော့သည်။ မြန်မာအလှရှုခင်း မြစ်နဒီ တစိတ်တဒေသကို မြစ်နဒီမှာ ရှုမြင်ခံစားနိုင်ကြပါပေသည်။

မြန်မာတို့၏ ဘုရား၊ တရား၊ သံဃာ ကြည်ညိုကြပုံမှာ ရာသီတိုင်းတွင် ပူဇော်သက္ကာရပြုနေခြင်းကလည်း ဘာသာတရားကို ကိုင်းညွတ်ကြသူများအဖြစ် ရှုမြင်ကြရပါပေမည်။ ဤလရာသီကို လှိုင်မင်းသား ဉာဏ်ဝန်ကြီးဦးဖြေကလည်း ရာသီဘွဲ့ လေးချိုးကြီး တပေါင်းလတို့ကို ဖွဲ့ထားသည်မှာ ကောက်နုတ်တင်ပြရမည်ဆိုပါလျှင်-

**"ရွှေဖိငုံရင့် ပင်တိုင်းပွင့်လို့၊ နန်းမြင့်ဘုံလယ်၊**
**ရိပ်ကြီးမယ်လည်း ကောသွယ်မြိတ်လျှင် ယဉ်တိုင်းပဲဆင်ကြတယ်၊**
**ငွေစလွယ်သောင်ညီမှာ သဲစေတီရှိန်ဓါမို့ လွမ်းဖိခွေသင့်"**

ဟူသော ကဗျာချိုးလေး တစ်စိတ်တစ်ဒေသကို ဖတ်ရှုမိရုံဖြင့် တပေါင်းနွေအလှပုံရိပ်တို့ကား တဖွားဖွား ရှုမြင်ကာ ပုံပေါ်လာနေပါတော့သည်ဟု စာရေးသူ ခံစားမိရပါလေသည်။

နွေဦးကာလသည် အလွန်အမင်း ခုံမင်နှစ်သက် မြတ်နိုးဖွယ်ရာလတစ်ပါးဖြစ်သလို လေရူးက တစ်လိမ်နှစ်လိမ်မွှေ့ကာဖြင့် လေပြင်းတိုက်ခတ်သောကာလ ဖြစ်ပေ၏။ မြစ်တွင်းမှာလည်း လှိုင်းကြက်ခွပ်တို့ကလူးကာလွန့်ကာ ကြည်နူးစရာကို စာရေးသူကိုယ်တိုင်က ခံစားနေမိပြီး

"နဒီရေကြောလွန် ငြိမ့်ညောင်ရှိ လောကမသန်၊
ဆီးနှင်းစံနှင့် ငါးတန်ကမြူး ငါးထွေရှူးတို့၊
ရှင်မြူးပါကြ တပေါင်းလ"

ဟူ၍ ဖွဲ့နွဲ့မိပါသည်။ ဤလရာသီ နွေမိန့်တပေါင်းကို ရောက်ကြပြီဆိုလျှင် တောင်ယာလယ်လုပ်၊ တံငါအလုပ်၊ ယာတောအလုပ်ဖြင့် အသက်မွေးကြသူ မြန်မာတို့သည် တစ်နှစ်လုံး စုဆောင်းရရှိလာသော မိမိတို့၏ ချွေးနည်းစာတို့ကို ကောင်းမှုအလှူအတန်း ပြုကြသောကာလလည်း ဖြစ်ကြပါပေသည်။ မြန်မာမှုဓလေ့ လတပေါင်းအပေါ် အလှတရားတို့အား ပေါ်လွင်စွာ ထင်ဟပ်နေသောကြောင့် ဂိမန္တ = နွေတပေါင်းလသည် အလွန်မှ ကြည်နူးနှစ်သက် ဘဝင်ကျမိရုံသာမက မြန်မာနိုင်ငံ၏ တပေါင်းလ နွေကို အလှအပတို့ဖြင့် သဘာဝကျနစွာ ဘာသာသဘာသနာတို့ဖြင့် ဝေဆာနေပါတော့ကြောင်း လေ့လာရေးသားတင်ပြလိုက်ပါသည်။

ရွှေတိုင်လွင်
၀၉ ၉၆၃၀၃၆၀၇၆